# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၀၃)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်၊ သောကြာနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောကဥ္စ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောကဥ္စ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့်အရိုအသေ ပြုစုခြင်းသည် ချမ်းသာ၏။ ဓမ္မပဒ

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

( ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက် )

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား –**

ယနေ့ကျရောက်သည့် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး လိုအင်ဆန္ဒများပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။ **စာမျက်နှာ ၅ ကော်လံ ၁ ➤**



## အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်စွာ ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၆

ပြည်သူများအား နှိပ်စက်ညှဉ်းပန်း၍ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ချွတ်ခြုံကျစေသည့် အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်ခဲ့သော တောင်ခမ်းမြို့၊ နောင်ချိုမြို့၊ ကျောက်မဲမြို့၊ သီပေါမြို့နှင့် အဆိုပါဒေသတစ်ဝိုက်တို့ရှိ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ရှပ်ရှပ်ချုံချုံတိုက်ပွဲဝင်၍ အဆိုပါမြို့များကို ဒေသခံပြည်သူများ၏လက်ဝယ်သို့ ပြန်လည်အပ်နှင်းနိုင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား **စာမျက်နှာ ၁၅ ကော်လံ ၁ ❍**

အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်)

# ရွေးကောက်ပွဲဖြင့် ဒီမိုကရေစီသို့ချီတက်စို့

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်တွင် **“ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့်ပါတီစုံ ဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”**ဟူသော ဦးတည်ချက်တစ်ရပ်ချမှတ်ထားသည်။ အဆိုပါဦးတည်ချက်မှာ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်သို့ချီတက်ရာတွင် အဓိကပန်းတိုင်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏တာဝန်များမှာ “လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊ လွှတ်တော်ရွေးကောက်ပွဲများကိုကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုဖွဲ့စည်းခြင်းနှင့် ကြီးကြပ်စေခြင်း၊ မဲဆန္ဒနယ်များသတ်မှတ်ခြင်းနှင့်ပြင်ဆင်သတ်မှတ်ခြင်း၊ မဲစာရင်းများပြုစုခြင်းနှင့် ပြင်ဆင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ နယ်မြေလုံခြုံရေးအခြေအနေအရသော်လည်းကောင်း၊ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်များ၏ ရွေးကောက်ပွဲများကိုရွှေ့ဆိုင်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ သို့မဟုတ် နိုင်ငံရေးပါတီများဆိုင်ရာ နည်းဥပဒေများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီလည်းကောင်း၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက် စသည်များကို သက်ဆိုင်ရာဥပဒေများနှင့်အညီလည်းကောင်း ထုတ်ပြန်ခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို စစ်ဆေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ရွေးကောက်ပွဲခုံအဖွဲ့များဖွဲ့စည်းခြင်း၊ ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်သည့်တာဝန်များကိုထမ်းဆောင်ခြင်း”စသည်တို့ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို မြို့နယ် ၁၀၂ မြို့နယ်ဖြင့် ဒီဇင်ဘာလ ၂၈ ရက်တွင်လည်းကောင်း၊ အပိုင်း(၂)ကို မြို့နယ်ပေါင်း ၁၀၀ ဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင်လည်းကောင်း အပိုင်းလိုက်ကျင်းပပေးမည်ဖြစ်သည်။ လွှတ်တော်အသီးသီးအတွက် မဲဆန္ဒနယ်မြေအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်နိုင်ငံရေးပါတီများမှ အမည်စာရင်းတင်သွင်းထားရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏မဲဆွယ်စည်းရုံးခွင့်ကာလ ရက်ပေါင်း ၆၀ သတ်မှတ်ကြေညာခဲ့ပြီးဖြစ်သည်။ ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးသည့်ကာလအတွင်း လုံခြုံစွာလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက်လည်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် စီမံချက်နှင့်အညီဆောင်ရွက်ပေးလျက်ရှိသည်။

လာမည့်ရွေးကောက်ပွဲကာလတွင် မဲရုံလုံခြုံရေး၊ မဲပေးစက်များလုံခြုံရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများလုံခြုံရေး၊ ဆန္ဒမဲပေးသူများလုံခြုံရေးများအတွက် လိုအပ်သည့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို စီမံဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲကျင်းပမည့်အပိုင်းလိုက် တစ်နိုင်ငံလုံးလွှမ်းခြုံသည့်လုံခြုံရေးစီမံချက်နှင့် ဆက်စပ်ဆောင်ရွက်ရမည့်သီးခြားစီမံချက်(၈)မျိုးတို့ကိုရေးဆွဲထားပြီး လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည်။ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်မှသာ ပြည်သူများမျှော်လင့်နေသည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။ ရွေးကောက်ပွဲအား ပျက်ပြားစေလိုသောရည်ရွယ်ချက်ဖြင့် အနှောင့်အယှက်ပေးသည့် မည်သူကိုမဆို ပြည်သူများက သိလျှင်သိချင်းကြိုတင်သတင်းပေးကြရမည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပချိန်တွင် နိုင်ငံတော်နှင့်ပြည်သူများအကျိုးကိုဖော်ဆောင်နိုင်မည့်လွှတ်တော်ကိုယ်စားလှယ်ကို ရွေးချယ်မဲပေးကြရမည်ဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်းများဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၉ ရက်အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ “ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ”အရ အရေးယူဆောင်ရွက်မှု ၄၀ တွင် တရားခံအမျိုးသား ၈၃ ဦး၊ အမျိုးသမီး ၅ ဦး စုစုပေါင်း ၈၈ ဦးရှိခဲ့ပြီဖြစ်သည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းပြုလုပ်သူများအားအရေးယူလျက်ရှိရာတွင် လူတချို့သည် အသိဉာဏ်ကင်းမဲ့လွန်းလှသည်။ စဉ်းစားတွေးခေါ်မှုနိမ့်ပါးလွန်းပြီး မိမိအတွက်အကျိုးမရှိသောလုပ်ရပ်များကို လုပ်ဆောင်ကြသည်။ လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ဓာတ်ပုံနှင့်စာသားပါဗီနိုင်းဆိုင်းဘုတ်အား ဆုတ်ဖြဲခြင်း၊ ရွေးကောက်ပွဲတာဝန်ထမ်းဆောင်နေသူများအား ဆဲဆိုခြိမ်းခြောက်ကာ ကိုယ်ထိလက်ရောက်ထိုးကြိတ်ခြင်း၊ ရွေးကောက်ပွဲအကျိုးပြုပညာပေးဇာတ်လမ်းအား ဆန့်ကျင်လှုံ့ဆော်စာများရေးသားဖြန့်ဝေခြင်းများကိုကျူးလွန်ခဲ့ကြသည်။ ဤလုပ်ရပ်များမှာ မည်သူကိုမျှကောင်းကျိုးမပြုဘဲ နောက်ဆုံးတွင် ကာယကံရှင်များသာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မများဖြင့် အရေးယူခံကြရသည်။ အနှစ်ချုပ်ဆိုရသော် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအောင်မြင်ရေး ပြည်သူများအားလုံး ပူးပေါင်းပါဝင်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန် ၅၁ ရက် သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မတ်ပဲသီးနှံဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ကျွန်းလှ နိုဝင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မတ်ပဲသီးနှံဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန စာရင်းများအရသိရသည်။

ယခု ၂၀၂၅-၂၀၂၆ ခုနှစ်ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ကျွန်းလှမြို့နယ်၌ မတ်ပဲသီးနှံ ၁၁၇၂၅ ဧကစိုက်ပျိုးရန် အတွက်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်၍စိုက်ပျိုးကြရာ ယနေ့အချိန်အထိ ၂၁၃၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ကျွန်းလှမြို့နယ်၌ မတ်ပဲသီးနှံစိုက်ပျိုးသည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလျက်ရှိသည်။

ယခုနှစ် ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များပေးအပ်ခြင်း၊ သွင်းအားစုများပေးအပ်ခြင်း၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း စသည်တို့ကိုသက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၇-၁၁-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကား ပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှား ကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီးမြို့နယ်တို့အတွင်း ကျေးရွာလေးရွာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)ရန်ပုံငွေများ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးပေးအပ်

နေပြည်တော် နိုဝင်ဘာ ၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဘားအံ၊ လှိုင်းဘွဲ့၊ သံတောင်ကြီးမြို့နယ်တို့အတွင်းရှိ ကျေးရွာလေးရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာများကိုရှင်းလင်းပြောကြားကာ ကျေးရွာလေးရွာအတွက် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၆၀၀ ကို ပေးအပ်သည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့်အပ်ချုပ်စက်သင်တန်းမှ သင်တန်းသူ ၂၀ ဦးကိုတွေ့ဆုံအားပေးစကားပြောကြားကာ သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနအောက် ဦးစီးဌာနလေးခုမှ ခရိုင်၊ မြို့နယ်အဆင့်ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာန၏ရည်မှန်းချက်၊ မျှော်မှန်းချက်များနှင့်အညီ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး ဦးစီးဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်းမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသိရသည်။

မြဝတီ



## (၉) ကြိမ်မြောက် မိတ်ဖက်များအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ကျင်းပသည့် (၉)ကြိမ်မြောက် မိတ်ဖက်များအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Melia Hotel ၌ ကျင်းပသည်။




အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံဆိုင်ရာသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဒုတိယအထွေထွေအတွင်းရေးမှူးနှင့်ဝန်ထမ်းများ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ မိတ်ဖက်ကြက်ခြေနီနှင့်လခြမ်းနီအသင်းများမှကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပအလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်နေရာများကို ရှေးဦးစွာ တုံ့ပြန်ဆောင်ရွက်ပေးနေသည့် ကြက်ခြေနီစေတနာလုပ်အားရှင်များကို အသိအမှတ်ပြုကြောင်း၊ ယခု(၉)ကြိမ်မြောက် မိတ်ဖက်များအစည်းအဝေးတွင် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခန်းကဏ္ဍကို သုံးသပ်ပြီး အနာဂတ်ကြိုးပမ်းချက်များအတွက် မဟာဗျူဟာကျကျ ညှိနှိုင်းဆွေးနွေးရန်လိုကြောင်း၊ ပြည်သူလူထုသဘာဝဘေးအန္တရာယ်များ ကြုံတွေ့ပါက ကောင်းမွန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်စေရန်၊ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီမှုကိုရရှိစေရန်နှင့် အဖွဲ့အစည်းအတွင်း စွမ်းဆောင်ရည်မြှင့်တင်ရန်စသည့် လုပ်ငန်းနယ်ပယ်(၃)ရပ်ကို ယခုအစည်းအဝေးအတွင်း အဓိကထားဆွေးနွေးရန် တိုက်တွန်းလိုကြောင်း။

မိမိတို့အနေဖြင့် ကြက်ခြေနီလခြမ်းနီ လှုပ်ရှားမှု၏ထူးခြားသည့်လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများကို အသိအမှတ်ပြုကြောင်း၊ မြန်မာနိုင်ငံရှိပြည်သူပြည်သားများအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးညွန့်၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း အာရှပစိဖိတ်ဒေသ ဒုတိယညွှန်ကြားရေးမှူး Ms. Juja Kim နှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Regis Savioz တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး (၉)ကြိမ်မြောက် မိတ်ဖက်များအစည်းအဝေး ဂုဏ်ပြုမှတ်တမ်းဗီဒီယိုကိုပြသသည်။

(၉)ကြိမ်မြောက် မိတ်ဖက်များအစည်းအဝေးကို နိုဝင်ဘာလ ၆ ရက်မှ ၇ ရက်အထိ နှစ်ရက်တာကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ မိတ်ဖက်ကြက်ခြေနီနှင့်လခြမ်းနီအသင်းများ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းမှုဗဟိုဌာန (AHA centre) မှ ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိသည်။

မိတ်ဖက်များအစည်းအဝေးကို ၁၉၉၉ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပလေ့ရှိရာ ယခု ၂၀၂၅ခုနှစ်တွင် (၉)ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် လူမှုကရုဏာအကူအညီများပေးနိုင်ရန် စွမ်းစွမ်းတမံဆောင်ရွက်ရာတွင် ဒေသတွင်းအဖွဲ့အစည်းများနှင့်သာမက နိုင်ငံတကာမိတ်ဖက် အမျိုးသားကြက်ခြေနီအသင်းများနှင့်လည်း အပြန်အလှန်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

## နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် Naypyitaw State Polytechnic University အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်နေသော တက္ကသိုလ်များဖြစ်ကြောင်း၊ ဗလငါးတန်ပြည့်စုံသည့် ကျောင်းသူ၊ ကျောင်းသားများ မွေးထုတ်ပေးရန်နှင့် သုတေသနအခြေပြုတက္ကသိုလ်များအဖြစ် နိုင်ငံနှင့်ဒေသအကျိုးပြုသုတေသနများ စဉ်ဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပြောင်းလဲတိုးတက်မှုနှုန်း မြန်ဆန်နေသည့် AI နည်းပညာအရွေ့နှင့်အတူ လိုက်ပါပြီး နိုင်ငံအကျိုးပြု အိုင်တီပညာရှင်များနှင့် သုတေသနများဖြင့် ရှင်သန်သက်ဝင်နေသောတက္ကသိုလ်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသည့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များက တက္ကသိုလ်အလိုက် ဆောင်ရွက်ချက်များ၊ အားသာချက်များ၊ အားနည်းချက်များနှင့် စိန်ခေါ်မှုများကို ဆွေးနွေးတင်ပြကြသည်။

နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် Polytechnic University များ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာလ ၆ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

(မိုး/ဇလ)

➤ **စာမျက်နှာ ၅ မှအဆက်**

လူတစ်ဦးချင်းစီ၏ လူမှုစီးပွားတိုးတက်ရေးကိုဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ရည်မှန်းချက်များချမှတ်ပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကိုဆန့်ကျင်လျက်ရှိသော အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖျက်ဆီးမှုအန္တရာယ်များကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အလေးထားတိုက်တွန်းအပ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့်အတူ နိုင်ငံနှင့်လူမျိုးအပေါ်ကျရောက်လာမည့် မည်သည့်အခက်အခဲအကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အခြေခံတို့ဖြင့် လက်တွဲညီညီပူးပေါင်းရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ကရင်ပြည်နယ်ဖြစ်ပေါ်လာစေရေးအတွက် ပြည်နယ်အတွင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့ပြင် ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူများလိုလားတောင့်တနေသော နိုင်ငံတော်ကြီးအား စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ်တည်ဆောက်နိုင်ရန်အတွက် တွေ့ကြုံလာရမည့် အခက်အခဲများနှင့်စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး ယနေ့ကျရောက်သော နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များကို ရယူခံစားနိုင်သူများဖြစ်ကြပါစေ၊ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ဂုဏ်ယူဖွယ်ရာ ပြည်နယ်ကြီးအဖြစ်တည်ရှိနေစေရေး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဖော်ဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**ယာယီသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်**

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

အမိန့်အမှတ်၊ ၄၈ /၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဗိုလ်ချုပ်အောင်မျိုးသန့် | ကာကွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးသန့်စင်လွင် | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (၃) | ဦးသိုက်စိုး | သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |

**အမိန့်အရ**
**အောင်လင်းဒွေး**
**အမှုဆောင်ချုပ်**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၆**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

(မိုး/ဇလ)

## (၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော် ကထိန်ရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

(၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန်ပွဲတော် ကထိန်ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ဗိုလ်မင်းရောင်ရပ်ကွက်ရှိ အောင်ဆန်းခန်းမ၌ ကျင်းပသည်။



ရေစက်ချမင်္ဂလာအခမ်းအနားသို့ မြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန် ဩဝါဒါစရိယ ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒသိရီ (မြို့ရှေ့စန္ဒာရုံကျောင်းတိုက်) အမှူးပြုသည့်ပင့်သံဃာတော်ခြောက်ပါး၊ ကထိန်အာနိသင်ရကျောင်း ၄၉ ကျောင်းမှ သံဃာတော် ၄၉ ပါး စုစုပေါင်း ၅၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြသည်။

ဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ကထိန်ရေစက်ချမင်္ဂလာအခမ်းအနားကိုကျင်းပရာ မြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန် ဩဝါဒါစရိယဆရာတော်က သာရဏီယ ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ထို့နောက် ပဒေသာပင်ခွဲဝေမဲချ လှူဒါန်းရေးနှင့်ပတ်သက်၍ မဟာဘုံကထိန် ပဒေသာပင်စုပုံလှူဒါန်းရေးဦးစီးကော်မတီ လုပ်ငန်းဥက္ကဋ္ဌ ဦးဇော်လွင်က ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းက (၅၅)ကြိမ်မြောက်မဟာဘုံကထိန်အထူးပင့်ဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ ကထိန်ဦးစီးကော်မတီဝင်များနှင့် ပုဂ္ဂလိကအလှူရှင်များက အထူးပင့်ဆရာတော်ကြီးများနှင့် ကထိန်အာနိသင်ရကျောင်းများမှ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကထိန်အာနိသင်ရကျောင်းများကိုယ်စား အလှည့်ကျဆရာတော်ထံမှ ရေစက်သွန်းတရားနာယူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ယနေ့ကျင်းပသည့် (၅၅)ကြိမ်မြောက် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ မဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲတွင် ပဒေသာပင် ၁၆၂ ခု၊ တန်ဖိုးငွေကျပ် ၂၇၃၂၈၅၉၀၀ ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

## တိုးချဲ့ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမြင့်မားစေရေး လူမှုရေးနှင့် အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ Strategic Plan ထွက်ပေါ်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးအသိပညာ မြှင့်တင်ရေးဌာနခွဲမှ တိုးချဲ့ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမြင့်မားစေရေး လူမှုရေးနှင့် အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ Strategic Plan ထွက်ပေါ်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာ) ဒေါက်တာသန်းနိုင်စိုးက ကာကွယ်ဆေးထိုးလွှမ်းခြုံမှု ပြည့်မီအောင်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၏ လှုံ့ဆော်မှု (Drive)မှ ပြည်သူလူထုကိုယ်တိုင် လိုလားတောင်းဆိုမှု (Demand Creation)သို့ ပြောင်းလဲနိုင်ရေးအတွက် Socio–Behavioral Change Communication (SBCC)ကို အသုံးချရန် လိုအပ်လာကြောင်း၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ၂၀၂၄ ခုနှစ်တွင် Interpersonal Communication (IPC) in Immunization Training များကို ဗဟိုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တို့တွင် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး ၎င်းသင်တန်းများမှရရှိခဲ့သော Communication ဆိုင်ရာ အသိပညာ၊ အတတ်ပညာများကို အခြေခံကျန်းမာရေးဝန်ထမ်းများမှ လက်တွေ့အသုံးချနိုင်မှု အခြေအနေများကို ကွင်းဆင်းဆန်းစစ်ရာမှ တွေ့ရှိချက်များအပေါ်မူတည်၍ ဆက်လက်လုပ်ဆောင်ရမည့် အစီအစဉ်များအတွက် မဟာဗျူဟာများ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုရေးဆွဲသော မဟာဗျူဟာသည် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ ပြည်သူလူထုနှင့်ဆက်သွယ်ပြောဆိုခြင်းစွမ်းရည် တိုးတက်လာပြီး ပြည်သူများအတွင်း ကာကွယ်ဆေးထိုးဆိုင်ရာကျန်းမာရေးအသိပညာများ မြင့်တက်လာစေရန်နှင့် လိုအပ်သောနည်းပညာဆိုင်ရာ ပံ့ပိုးမှုများပေးနိုင်ရန် ရည်ရွယ်ပြီး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒေါက်တာခင်မောင်လွင် (ညွှန်ကြားရေးမှူး–ငြိမ်း)၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေသော Focal person များ၊ UNICEF အဖွဲ့မှ Social & Behaviour Change Manager Georgina Mtenga နှင့် UNICEF၊ WHO တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ တိုးချဲ့ကာကွယ်ဆေးထိုးလွှမ်းခြုံမှုမြင့်မားစေရေး လူမှုရေးနှင့် အမူအကျင့်ပြောင်းလဲရေးဆိုင်ရာ Strategic Plan ထွက်ပေါ်ရေးအလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၈ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

# နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများနှင့်အတူ နိုင်ငံနှင့်လူမျိုးအပေါ်ကျရောက်လာမည့် မည်သည့်အခက်အခဲ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးကိုမဆို တိုင်းရင်းသားများ၏စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အခြေခံတို့ဖြင့် လက်တွဲညီညီပူးပေါင်းရင်ဆိုင်ကျော်လွှားနိုင်ကြမည်ဟုယုံကြည်

➤ **ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများကို ပိုင်ဆိုင်သည့်အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုဖြစ်ပါသည်။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးတို့သည် နိုင်ငံ၏နေရာဒေသအသီးသီးတွင် ယှဉ်တွဲစုပေါင်း၍ စည်းလုံးညီညွတ်စွာနေထိုင်လာခဲ့သည်ကို သမိုင်းအထောက်အထားများကခိုင်မာစွာ သက်သေပြလျက်ရှိပါသည်။

**❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသော၊ နိုင်ငံတော်အစိုးရကိုဆန့်ကျင်လျက်ရှိသောအကြမ်းဖက်အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ အကြမ်းဖက်ဖျက်ဆီးမှုအန္တရာယ်များကိုလည်း တွန်းလှန်ချေမှုန်းလျက်ရှိရာ တိုင်းရင်းသားပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် အလေးထားတိုက်တွန်း . . .**

ကရင်ပြည်နယ်တွင်လည်း ကရင်တိုင်းရင်းသားတို့သည် ရှေးယခင်ကတည်းကပင် အခြားပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့်အတူချစ်ခင်ရင်းနှီးစွာ အတူတကွနေထိုင်လာခဲ့ကြပါသည်။ ၁၈၈၅ ခုနှစ်တွင် မိမိတို့နိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီး ကိုလိုနီနယ်ချဲ့လက်အောက်သို့ကျရောက်ခဲ့ရသည်။ ထိုသို့လွတ်လပ်ရေးဆုံးရှုံးပြီးနောက် ပြည်ထောင်စုကြီး၏ ဒေသအသီးသီးတွင်နေထိုင်သည့်တိုင်းရင်းသားလူမျိုးများသည် သူ့ကျွန်မခံလိုသည့်စိတ်ဓာတ်ဖြင့် ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်တိုက်ထုတ်ခဲ့ကြပြီး လွတ်လပ်ရေးကိုအတူတကွရယူခဲ့ရာတွင်လည်း ကရင်တိုင်းရင်းသားများသည် မျိုးချစ်စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းနှင့်ပြည်နယ်များ ဖွဲ့စည်းတည်ထောင်ခဲ့ရာ ကရင်တိုင်းရင်းသားအများစုနေထိုင်သည့်ဒေသများကို ကရင်ပြည်နယ်အဖြစ် သတ်မှတ်ပေးရန် စတင်ဆောင်ရွက်ခဲ့ကြပါသည်။

၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေအမှတ် ၆၂ အရ သံလွင်ခရိုင် ဖာပွန်ဒေသကို ကရင်ပြည်နယ်အဖြစ်သတ်မှတ်ခဲ့ပါသည်။ ယင်းနောက် ၁၉၅၂ ခုနှစ်၊ ကရင်ပြည်နယ်တိုးချဲ့သတ်မှတ်ရေးအက်ဥပဒေအမှတ် ၁၄ အရ သံလွင်ခရိုင်နှင့် ဆက်စပ်ဒေသများဖြစ်သည့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ဘားအံမြို့နယ်နှင့် သံတောင်ကြီးမြို့နယ်တို့ကို ဒုတိယအဆင့်တိုးချဲ့သတ်မှတ်ခဲ့ပြီး ၆ မြို့နယ်ဖြင့်လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့တွင် မြဝတီမြို့အား မြို့နယ်တစ်ခုအဖြစ်သတ်မှတ်ခဲ့၍ စုစုပေါင်းမြို့နယ် ၇ မြို့နယ်ဖြင့်လည်းကောင်း အဆင့်ဆင့်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ ကရင်ပြည်နယ်ကိုမွေးဖွားသန့်စင်ခဲ့သည့်နေ့ ရာသီအချိန်အခါအရ ဆောင်းဦးကာလ၊ သာယာသည့်အချိန်အဖြစ်သတ်မှတ်ကာ ၁၉၅၅ ခုနှစ်၊ နိုဝင်ဘာလ (၇)ရက်မှစတင်၍ ကရင်ပြည်နယ်နေ့ကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ဂုဏ်ယူကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်(၇၀)ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်းတွင် ကရင်တိုင်းရင်းသားများနှင့်အတူ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ မွန် အစရှိသည့်တိုင်းရင်းသားများသည် အတူတကွချစ်ကြည်အေးချမ်းစွာနေထိုင်လျက်ရှိကြပါသည်။ ကရင်ပြည်နယ်သည် နိုင်ငံ၏အရှေ့တောင်ဘက်တွင်တည်ရှိပြီး ရာသီဥတုမျှတကောင်းမွန်၍ သဘာဝအရင်းအမြစ်များဖြစ်သည့် မြစ်ချောင်းများ၊ ရေတံခွန်စိမ့်စမ်းများ၊ မြင့်မားစိမ်းစိုသည့် တောင်တန်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများရှိသည့်အပြင် ဇွဲကပင်တောင်၏ သဘာဝအလှတရားသည်လည်း ကရင်ပြည်နယ်၏အမှတ်သင်္ကေတတစ်ခုအဖြစ် တည်ရှိပါသည်။ ထို့ပြင် တန်ဖိုးမဖြတ်နိုင်သည့်ရှေးဟောင်းအမွေအနှစ်များဖြစ်သည့် စေတီပုထိုးများနှင့် လှပသောသဘာဝလိုဏ်ဂူများ၊ ချစ်ခင်မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို ပိုင်ဆိုင်ထားသည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။ ကရင်တိုင်းရင်းသားဆိုသည်နှင့်ရှင်မြူးတက်ကြွဖွယ် ကရင်ဒုံးအကသည် ဖားစည်သံနှင့်အတူ ဇွဲကပင်တောင်တည်ရှိရာနေရာ အထင်ကရဒေသအဖြစ် ပြည်တွင်း၌သာမက ပြည်ပတွင်ပါ ထင်ရှားပါသည်။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏သွေးခွဲအုပ်ချုပ်ခဲ့မှုအမွေဆိုးကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ကရင်ပြည်နယ်အတွင်းတွင်လည်း လက်နက်ကိုင်ပဋိပက္ခများဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားခဲ့သည်မှာ ယခုတိုင်ဖြစ်ပါသည်။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးပြီး လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။

သို့သော်လည်း ၂၀၂၀ ပြည့်နှစ် မဲမသမာမှုများကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က တာဝန်ယူပြီးနောက်ပိုင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့သည် အမှန်တရားကို မျက်ကွယ်ပြု၍ အကြမ်းဖက်မှုများ တိုးမြှင့်လုပ်ဆောင်လာခဲ့ကြသည်မှာ ကရင်ပြည်နယ်အပါအဝင်ဖြစ်ပါသည်။ ထို့ကြောင့် ယခင်က တည်ငြိမ်အေးချမ်းမှုရှိခဲ့ပြီး တိုင်းရင်းသားပြည်သူများ အေးချမ်းလွတ်လပ်စွာသွားလာနေထိုင်ခဲ့သည့် ကရင်ပြည်နယ်ဒေသအချို့မှာ ယခုအခါ တည်ငြိမ်အေးချမ်းမှုကင်းမဲ့ပြီး ပြည်သူများ ဆင်းရဲဒုက္ခခံစားနေရသည်မှာ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ပါသည်။ ထို့ကြောင့် အမှန်ကို အမှန်အတိုင်း ရှုမြင်ပြီး ပြည်နယ်အေးချမ်းသာယာရေးနှင့်တည်ငြိမ်အေးချမ်းရေးကို အလေးထားဆောင်ရွက်ကြရန် အချိန်အခါဖြစ်ကြောင်း သက်ဆိုင်သူများအား အသိပေးပြောကြားလိုပါသည်။

နိုင်ငံတော်အနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရှိလာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အခက်အခဲများကြားမှ ပိုမိုကြိုးစားဆောင်ရွက်သွားမည်သာဖြစ်ပါသည်။ ထို့ပြင် **“ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”** ဟူသည့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်များနှင့်အညီ ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးဆောင်ရွက်နေပြီဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ကြေညာချက်အမှတ်(၅၅/၂၀၂၅)ဖြင့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မြို့နယ်(၁၀၂)မြို့နယ်၌ စတင်ကျင်းပပြုလုပ်မည်ဖြစ်ပြီး၊ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် မြို့နယ်(၁၀၀)မြို့နယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကာ ဆက်လက်ကျင်းပပြုလုပ်မည့်အပိုင်းလိုက်နေ့ရက်များကိုလည်း ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သတ်မှတ်ကြေညာပြီးဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသော၊ ဂုဏ်သိက္ခာရှိသော အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးအတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပွင့်လင်းမြင်သာစွာ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲအောင်မြင်ရန်မှာ ဒေသလုံခြုံမှုနှင့်တည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူများလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရေး ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းပြောကြားလိုပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကရင်ပြည်နယ်အတွင်းရှိ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျာ**

နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးနှင့်ဆက်စပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်ရေးတိုးတက်စေရေး စသည့်လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိစေရန် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများကို နည်းပညာနှင့်ပေါင်းစပ်ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးရှိပြီး နိုင်ငံ့စီးပွားရေးကို တိုးတက်စေမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အတွင်း အခြေခံရှိပြီးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသော MSME လုပ်ငန်းများကို ပြည်နယ်အစွန်အဖျားပါမကျန် အကြားအလပ်မရှိဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏လူမှုစီးပွားဘဝများတိုးတက်လာမည်ဖြစ်သည့်အတွက် ကရင်ပြည်နယ်အပါအဝင်

**❖ ယနေ့အချိန်တွင် တိုင်းရင်းသားပြည်သူများလိုလားတောင့်တနေသော နိုင်ငံတော်ကြီးအား စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် တွေ့ကြုံလာရမည့် အခက်အခဲများနှင့်စိန်ခေါ်မှုများကို ကြံ့ကြံ့ခံကျော်လွှားပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံး၏စုပေါင်းစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်း . . .**

တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးကို အလေးထားဆောင်ရွက်သွားကြရန်တိုက်တွန်းလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံသားများ၏ အခြေခံလူမှုစီးပွားဘဝများ တိုးတက်စေရေး၊ လူတိုင်းကျန်းမာရေးကောင်းမွန်စေရေး၊ ပညာရေးကောင်းမွန်ပြီး အလုပ်အကိုင်များရရှိကာ လူတိုင်းဝင်ငွေရရှိစေရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက်

**စာမျက်နှာ ၄ သို့** ➤

# လှပဆန်းပြား လွန်စည်ကားသည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်

ဘုန်းမောင်ဝင်း(ဖျာပုံ)



မြန်မာနိုင်ငံသည် သဘာဝအလှတရားများပေါကြွယ်သည့် နိုင်ငံဖြစ်သကဲ့သို့ မြန်မာတို့သည် စေတနာသဒ္ဓါတရား ထက်သန်သော သူများဖြစ်ကြသည်။ သဘာဝပတ်ဝန်းကျင်က လှပနေသကဲ့သို့ မြန်မာတို့၏ဖြူစင်သောစိတ်ရင်းစိတ်ထားမှာလည်း အလွန်ပင်လှပနေသည်။ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်နေထိုင်ကြပြီး အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ယှဉ်တွဲနေထိုင်ကြသည်မှာ ရှေးယခင်ကတည်းကပင်ဖြစ်သည်။ ထူးခြားသည်မှာ မြန်မာနိုင်ငံ၏နေရာဒေသအနှံ့အပြားတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် ချစ်ကြည်ရင်းနှီးစွာပူးတွဲနေထိုင်ကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာအထွန်းကားဆုံးနိုင်ငံဖြစ်ပြီး ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည် ကိုးကွယ်ကြသည့်အလျောက် ဗုဒ္ဓဘာသာနှင့်သက်ဆိုင်သော အခမ်းအနားများတွင် ပျော်ရွှင်စွာဆင်နွှဲလေ့ရှိကြသည်မှာ ဝမ်းသာကြည်နူးစရာပင်ဖြစ်သည်။ တစ်နှစ်လျှင် ၁၂ လ ရှိပေရာ အဆိုပါ ၁၂ လလုံးတွင် ပွဲတော်များကျင်းပခြင်းဖြင့် ပျော်ရွှင်ခြင်း၊ ကြည်နူးချမ်းမြေ့ခြင်း၊ ကုသိုလ်များတိုးပွားခြင်းများကိုရရှိစေသည်။

တောင်ကြီးမြို့တည်ထားပုံမှာ အလွန်လှပပြီးသန့်ရှင်းသည်။ သပ်ရပ်မှုရှိသည်။ တောင်ကြီးသည်ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အလွန်စိတ်ဝင်စားသည့်မြို့ဖြစ်သည်။ တောင်ကြီးမြို့၏အရှေ့ဘက် နဂါးတောင်တန်းပေါ်တွင် ရွှေဘုန်းပွင့်ဘုရား၊ အကြီးဆုံးမုံတဝဂူ၊ မင်္ဂလာဂူ၊ ပတ္တမြားဂူ၊ မြစိမ်းတောင်ဘုရား၊ နဂါးရေထွက်၊ ရွှေမုဋ္ဌောဘုရား၊ ရွှေချမ်းသာဘုရားများကို လေ့လာဖူးမြော်နိုင်သည်။ ထို့အတူ စူဠာမုဏိ၊ လောကချမ်းသာနှင့် မြို့လယ်ဓမ္မာရုံ၊ ရပ်တော်မူဘုရားကြီးနှင့် အောင်တော်မူကျောင်း၊ ဘုရားကြီးအတွင်းကျောင်းက မဟာမြတ်မုနိ၊ အေးစေတီဘုရားဖြူနှင့် မြို့သက်စေ့ရန်အောင်ကျောင်းနှင့်အရိုးဂူကျောင်းတို့မှာလည်း ထင်ရှားစွာတည်ရှိသည့် ဘုရားစေတီနှင့် ကျောင်းများဖြစ်သည်။

ဤနေရာတွင် တောင်ကြီးမြို့နှင့် တန်ဆောင်တိုင်မီးပုံးပျံဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ဆက်စပ်တင်ပြလိုပါသည်။ မြန်မာနိုင်ငံတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်စဉ်၊ တောင်တန်းမြင့်မားသောဒေသ တောင်ကြီးမြို့၌ စတင်သန္ဓေတည်ခဲ့သည်။ တောင်ကြီးမြို့သည် ပင်လယ်ရေပြင်ထက် အမြင့် ၄၇၁၂ ပေနှင့် တောင်ချွန်းအထိ ပင်လယ်ရေပြင် အမြင့်ပေ ၅၆၀၀ ရှိသည်။

ဗုဒ္ဓဘာသာအနွယ်ဝင် ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနု၊ အင်းသားစသည့်တိုင်းရင်းသားအများစု နေထိုင်သောမြို့ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်ခန့်က ပအိုဝ်းကျေးရွာလေးတစ်ရွာဖြစ်ခဲ့ဖူးပြီး ပအိုဝ်းတိုင်းရင်းသားဘာသာဖြင့် “ဒိုတောင်ကျည်း”၊ ရှမ်းဘာသာဖြင့် “တွံတီးရွာ”ဟု ခေါ်ဆိုခဲ့ကြသည်။ မြန်မာတို့က “တောင်ကြီး”ဟူ၍ခေါ်ဆိုရာမှ ယခုတိုင် ထိုအမည်ဖြင့်တည်ရှိနေသည်။

တောင်ကြီးမြို့၌ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲတော်နှင့်အတူ မီးပုံးပျံလွှတ်တင်ခြင်းကို ဒုတိယကမ္ဘာစစ်မတိုင်မီ တစ်နှစ်ခန့်အလို ၁၉၃၈ ခုနှစ်တွင် ပထမဆုံးအကြိမ် လွှတ်တင်ခဲ့သည်။ ကုန်းသာကျောင်းဘုန်းကြီး၏ နည်းနာညွှန်ပြချက်များအရ ပိတ်ကိုက်ပေါင်း ၄၀ ဖြင့် မီးပုံးပျံတစ်ခုချုပ်လုပ်ခဲ့သည်။ ဦးစီးလုပ်ကိုင်သူမှာ ကူညီကုန်းရပ်ကွက်တွင်နေထိုင်သည့် စာရေးကတော်ဒေါ်သင့်နှင့်အဖွဲ့ဖြစ်သည်။ တောင်ကြီးတစ်မြို့လုံးမှ ဝါသနာရှင်ကာလသားများ၏ လုပ်အားဖြင့် သင်္ကန်းအဟောင်းအပိုင်းအစများကို ပတ်ကာ၊ ချည်ကာ ရေနံချေးဝအောင်စိမ်ထားခဲ့ကြပြီး မီးပုံးပျံတွင်အသုံးပြုခဲ့သည်။ မီးပုံးပျံမှာ အလွန်ကြီးလှသဖြင့် မှိုင်းဝရေးမှာ အင်မတန်ခက်ခဲလှသည်။

မီးပုံးပျံကို ကုန်းသာကျောင်းကုန်းပေါ်မှပင်လွှတ်တင်ခဲ့သည်။ မီးပုံးပျံအောက်တွင် ထီး၊ ချိုင့်၊ ဖိနပ်၊ အင်္ကျီ၊ လုံချည်၊ ပိတ်စ၊ ပိတ်အုပ်၊ ပန်းကန်မျိုးစုံ၊ ဆေး၊ ဆီပုံး၊ ဆန်အိတ်ငယ်များ၊ သင်္ကန်း၊ သပိတ်၊ နာရီနှင့်လှူ့အသုံးအဆောင်ပစ္စည်းမျိုးစုံကို ပုံသကူပစ္စည်းအဖြစ် ပိတ်လေထီးများဖြင့် မီးပုံးပျံမှအောက်သို့ပြုတ်ကျရန် ဆောင်ရွက်ပေးထားသည်။

ထောင့်လေးထောင့်တွင် အရပ်လေးမျက်နှာကို စောင့်ကြပ်သော နတ်မင်းကြီးလေးရုပ်ကား အမြင့် ၈ ပေခန့်ပါရှိသည်။ နတ်သားတစ်ရုပ်တွင် ငွေကျပ် ၂၅ ကျပ်စီထည့်ထားသည်။ မီးပုံးပျံမှိုင်းဝပြီး မီးစာကိုမီးရှို့ကာ မီးပုံးပျံဆွဲပြီဟုယူဆချိန်တွင် သစ်ပင်ငုတ်တွင်ချည်ထားသည့် ကြိုးလေးပင်ကို ဘုန်းကြီးလေးပါးက ဆရာတော်အချက်ပေးသည်နှင့်တစ်ပြိုင်နက် ဓားရှည်ဖြင့်ခုတ်ဖြတ်ရသည်။ ထိုသို့ခုတ်ဖြတ်ရာတွင် ရာဟုထောင့်မှတာဝန်ယူခုတ်ဖြတ်သောဘုန်းကြီးမှာအနည်းငယ်နောက်ကျသွားသဖြင့် ယင်းမီးပုံးပျံသည် အရှေ့ဘက်သို့တက်သွားပြီး ထီးနှင့်ချိုင့်နှစ်ခုသာ လေထီးနှင့်ကျလာကာ အမြင့်ကိုက် ၄၀၀ ကျော်တွင် “ဝုန်း”ဟူသော အသံကြီးမြည်၍ မြို့ပတ်လမ်းနှင့်တောင်ကျောင်းလမ်းဆုံပန်းခြံ၌ကျပြီး မီးလောင်ခဲ့သည်။

၁၂၉၉ ခုနှစ်တွင် ဒုတိယအကြိမ်ထပ်မံကြိုးစားခဲ့ရာ အောင်မြင်ခဲ့ပြီး မီးပုံးပျံသည် တောင်စောင်းတစ်လျှောက်ဝဲပျံတက်ကာ တောင်ကြီးမြို့ အရှေ့ဘက်တောင်စဉ်ကြောမှ နွားလားဥသဘတောင်ပေါ်ရှိ ရွှေဘုန်းပွင့်စေတီရှိရာဘက်သို့ဦးတည်၍ ပျံတက်သွားခဲ့သည်။ ပုံသကူပစ္စည်းတို့က ကောင်းကင်မှကျလာသလိုဖြစ်သွားသဖြင့် အောက်မှ ကြည့်ရှုသူပရိသတ်များက ပျော်ရွှင်စွာပြေးလွှားလိုက်ပါလျက် ကျလာသည့်ပစ္စည်းများကိုကောက်ယူခဲ့ကြသည်။

ဒုတိယအကြိမ် မီးပုံးပျံလွှတ်တင်သည့် ၁၂၉၉ ခုနှစ် တန်ဆောင်မုန်းလမှအစပြုခဲ့သည့်တောင်ကြီးမြို့၏ မီးပုံးပျံလွှတ်တင်ပူဇော်မှုကိုလက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။

တောင်ကြီးမြို့ကဲ့သို့ ကလောမြို့တွင်လည်း တန်ဆောင်တိုင်ကို ပျော်ရွှင်စွာ စည်ကားစွာကျင်းပလေ့ရှိသည်ကိုလည်း တွေ့ရသည်။ ကလောမြို့လုံးကျွတ် တန်ဆောင်တိုင်ရိုးရာ မီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲဖြစ်သည်။ မြို့ပေါ်ရပ်ကွက်ကျေးရွာများမှ မီးရှော်တိုင် ၂၁ တိုင်၊ မီးကြာစံအလှပဒေသာအဖွဲ့ ၂၁ ဖွဲ့တို့က နိုဝင်ဘာလ ၅ ရက်မှ ၉ ရက်အထိ သတ်မှတ်ရက်အလိုက် ယှဉ်ပြိုင်ကြသည်။ ဆုချီးမြှင့်ခြင်းကို နိုဝင်ဘာလ ၁၀ ရက်တွင်ကျင်းပမည်။ မြို့လုံးကျွတ်မဟာ တန်ဆောင်တိုင်ရိုးရာ မီးရှော်တိုင်နှင့် မီးကြာစံအလှပဒေသာထွန်းညှိပူဇော်ပွဲဖွင့်ပွဲတွင် မီးပုံးပျံအလုံး ၇၀၀ လွှတ်တင်ကြသည်။

တောင်ကြီးတန်ဆောင်တိုင်မီးထွန်းပွဲတော်မှစတင်သည့် မီးပုံးပျံလွှတ်တင်ပွဲများသည် ယခုအခါ မြန်မာနိုင်ငံမြို့အများအပြားတွင် ကျင်းပနေကြပြီဖြစ်သည်။ ပင်းတယမြို့မှာလည်း ရှမ်းပြည်နယ်တောင်ပိုင်းတွင်တည်ရှိပြီး ရှေးဟောင်းအမွေအနှစ်များပေါများသည်။ အဆိုပါမြို့၏တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပွဲမှာလည်းစည်ကားလှသည်။ ထို့အတူ အင်းလေးဒေသ အင်းသားတို့၏ တန်ဆောင်တိုင်မှာလည်း စည်ကားလှသည်။ မြန်မာနိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်း သာယာလှသည့်အတွက် တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်များနှင့်အတူ တန်ဆောင်တိုင်ပွဲတော်များမှာ အထူးပင်စည်ကားလှသည်။

တန်ဆောင်တိုင်ပွဲတော်ကို တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် နှစ်စဉ်ကျင်းပလျက်ရှိသည့်အတိုင်း ယခုနှစ်တွင်လည်း အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာလ ၈ ရက်အထိ ကျင်းပလျက်ရှိသည်။ ပွဲတော်ကာလအတွင်း မြို့လုံးကျွတ်ဘုံကထိန်ပဒေသာပင်လှည့်လည်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မီးပဒေသာပင်လှည့်လည်ပူဇော်ပွဲ၊ နေ့လွှတ်မီးပုံးပျံ ၂၅၈ လုံး၊ ညလွှတ်မီးပုံးပျံညမီးကြီး ၄၃ လုံး၊ စိန်နားပန်မီးပုံးပျံ ၃၇ လုံး မီးပုံးပျံပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိသည်။

၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၉ ရက်က တောင်ကြီးမြို့အဝေရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အဆိုပါဖွင့်ပွဲအခမ်းအနားကပင် လွန်စွာစည်ကားလှသည်။ ဒေသခံတိုင်းရင်းသားအဆိုတော်များက ခေတ်ပေါ်တေးဂီတတီးဝိုင်းဖြင့် “ရှမ်းရိုးမကအိုးစည်သံ၊ မြေပြန့်သူလေး၊ ရိုးရာမပျက်တဲ့မြေ” သီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။ တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲတွင် စိန်နားပန်မီးပုံးပျံတစ်လုံးလွှတ်တင်၍ တိုင်းရင်းသားတိုင်းရင်းသူများက မီးပုံးပျံအလတ်အလုံး ၅၀၊ ကျောင်းသား၊ ကျောင်းသူ ၉၀၀ က မီးပုံးပျံအသေး ၃၀၀ လွှတ်တင်ပေးကာ မီးရှူးမီးပန်းများပစ်ဖောက်ပေးကြသည်။ အဆိုတော်များက “လှမ်းလာခဲ့ပါ ချယ်ရီမြေနှင့်မင်္ဂလာပါမိုင်ဆုန်ခ”တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့်ပညာရေးဒီဂရီကောလိပ်အကအဖွဲ့တို့က တူညီအကဖြင့် တင်ဆက်ဖျော်ဖြေပေးကြသည်မှာ အလွန်ပင်လှပ၍ စည်ကားပြီး ပျော်စရာကောင်းလှသည်။ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလှသည်။

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို အောက်တိုဘာလ ၂၉ ရက်မှ စတင်၍ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ တောင်ကြီးမြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်းများ၊ ကုမ္ပဏီအသင်းအဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းများနှင့်တောင်ကြီးမြို့အနီးပတ်ဝန်းကျင်မြို့၊ ရွာများမှ ပြိုင်ပွဲဝင်အသင်းများက အတီးအမှုတ်၊ အကအခုန်များနှင့်ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်လွှတ်တင်လျက်ရှိကြသည်။ ထို့အတူ အနယ်နယ်အရပ်ရပ်မှမိဘပြည်သူများကလည်း အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိပြီး နေ့စဉ်လူဦးရေ ၂၅၀၀၀၀ ခန့်လာရောက်ကြည့်ရှုကြသည်။

ယခုနှစ် ၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ညမီးကြီး ၂၂ ပေ ၂၅ လုံး၊ ၂၅ ပေ ၁၈ လုံး၊ စိန်နားပန် ၁၈ပေ ၃၇ လုံး စုစုပေါင်းအလုံး ၈၀၊ နေ့လွှတ် အရုပ်မီးပုံးပျံ အရုပ်ခြေနှစ်ချောင်း ၁၉၃ လုံး၊ အရုပ်ခြေလေးချောင်း ၉၃ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း ၃၆၁ လုံးပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။ ညလွှတ်မီးပုံးပျံကို နေ့ရက်အလိုက် ည ၆ နာရီမှ ပွဲစဉ်ပြီးဆုံးသည်အထိ လွှတ်တင်သွားမည်ဖြစ်သည်။

နေ့လွှတ်အရုပ်ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိနေ့ရက်အလိုက် လွှတ်တင်ကြရာ ကြက်ရုပ်၊ ငှက်ရုပ်မျိုးစုံ၊ ဆင်ရုပ်၊ မြင်းရုပ်၊ ကျွဲရုပ်၊ နွားရုပ် စသည်ဖြင့် တစ်လုံးနှင့်တစ်လုံး မတူညီသောအသွင်အပြင်များဖြင့် ပွဲတော်လာပြည်သူများ၏စိတ်ကို ဆွဲဆောင်နိုင်စွမ်းရှိလှသည်။ ပွဲတော်ကျင်းပပုံကို လေ့လာကြည့်ပါက မီးပုံးပျံပြိုင်ပွဲကြီးကို နေ့မီးနှင့်ညမီးဟူ၍ နှစ်မျိုးခွဲကာ ပြိုင်ပွဲကျင်းပခြင်းဖြစ်သည်။ ညလွှတ်မီးပုံးပျံများ၌လည်း ညမီးကြီးနှင့် စိန်နားပန်ဟူ၍ နှစ်မျိုးရှိသည်။ ညမီးကြီးတွင် မီးပုံးပျံအောက်ဆွဲ၌ ယမ်းခွေများပါဝင်ပြီး မီးပုံးပျံတက်သည့်ကာလအတွင်း မီးရှူးမီးပန်းများပစ်လွှတ်ကာ ညမြင်ကွင်းကိုအလှဆင်ကြကြောင်းနှင့် စိန်နားပန်သည် မီးပုံးပျံအပြင်ကိုယ်ထည်ပေါ်နှင့် အောက်ဆွဲ၌ မီးပုံးအရောင်အမျိုးမျိုးနှင့် ရုပ်ပုံများ၊ စာလုံးများကိုပုံဖော်ကာ လွှတ်တင်ကြသည့် မီးပုံးပျံအမျိုးအစားဖြစ်သည်။

ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့်တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကို အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာလ ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သော်လည်း လက်ရှိမိုးလေဝသ အခြေအနေများကြောင့် ပွဲတော်ရက်အား သုံးရက်တိုးကာ နိုဝင်ဘာလ ၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်သည့်ပြိုင်ပွဲဝင်

**စာမျက်နှာ ၇ သို့■**

**■ စာမျက်နှာ ၆ မှအဆက်**

မီးပုံးပျံပညာရှင်များ၏ဝါသနာ၊ စေတနာ၊ ငွေကြေးနှင့်အချိန်ယူပြီး ကြိုးစားအားထုတ် ပါဝင်ယှဉ်ပြိုင်မှုများကို လေးစားအသိအမှတ်ပြုသောအားဖြင့်လည်းကောင်း၊ မီးပုံးပျံပညာရှင်များ ကြိုးစားအားထုတ်တီထွင်ဖန်တီးထားသည့် ညမီးကြီးနှင့်စိန်နားပန်မီးပုံးပျံလက်ရာများကို ပရိသတ်ပြည်သူများ ဆက်လက်ကြည့်ရှုအားပေးနိုင်ရန်အတွက်လည်းကောင်း မီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာလ ၈ ရက်အထိ ဆက်လက်ကျင်းပခြင်းဖြစ်သည်။ နိုဝင်ဘာလ ၈ ရက် ညနေပိုင်းတွင် ပြိုင်ပွဲဝင်မီးပုံးပျံများအား ဆုချီးမြှင့်ခြင်း၊ တန်ဆောင်တိုင်ပွဲတော် ဂုဏ်ပြုစိန်နားပန်မီးပုံးပျံ၊ ညမီးကြီးမီးပုံးပျံများလွှတ်တင်ခြင်း၊ မီးရှူးမီးပန်းအလှများ လွှတ်တင်ခြင်းများဖြင့် တန်ဆောင်တိုင်ပွဲတော် ပိတ်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ တိုးမြှင့်ထားသည့် ရက်များအတွင်း ခေတ်ပေါ်တေးဂီတ၊ မြူးကြွသည့်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်မှာ ရှမ်းပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားပြည်သူများသာမက မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်အသီးသီးက ပြည်သူများလာရောက်အားပေးသည့် ပွဲတော်ဖြစ်သည်။ မိမိတို့တည်းခိုနေထိုင်ရေးအတွက်ကြိုတင်ချိတ်ဆက်ကာ တန်ဆောင်တိုင်ရုံးပိတ်ရက်များအတွင်း စိတ်အေးချမ်းသာကြည့်ရှုကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများလွယ်ကူစွာ သွားလာနိုင်ရေးအတွက် မော်တော်ကားနှင့် ရထားခရီးစဉ်များကို အဆင်ပြေစွာစီစဉ်ပေးလျက်ရှိသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ရက်အတွင်း မြန်မာ့မီးရထားမှရှုခင်းကြည့်(Sight Seeing)အပျော်စီးရထားကို တောင်ကြီး-ပေါမူ-တောင်ကြီးခရီးစဉ်အဖြစ် နိုဝင်ဘာလ ၁ ရက်မှ ၄ ရက်အထိပြေးဆွဲပေးလျက်ရှိသည်။ တောင်ကြီး-ပေါမူခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင်ကွာဝေးပြီး ပြေးဆွဲချိန် ၁ နာရီခန့်ကြာမြင့်သည်။ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးသည်။ ပေါမူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင်ရောက်ရှိ၍ ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးသည်။ ပေါမူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။ ဤသည်မှာလည်း အကောင်းဆုံး စီမံဆောင်ရွက်ပေးမှုဖြစ်သည်။

မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် အလှတရားတို့လွှမ်းမိုးလျက်ရှိရာ ထိုလှပသောမြင်ကွင်းများကိုမြင်တွေ့ခြင်းဖြင့် စိတ်ကြည်နူးချမ်းမြေ့စေသည်။ အေးချမ်းသာယာသောနေရာဒေသတိုင်းတွင် အလှအပများစုံလင်စွာရှိပေသည်။ တန်ဆောင်မုန်းလသည် မီးရှူး၊ မီးတိုင်၊ ဆီမီးဟုအဓိပ္ပာယ်ရသည်။ ဆီမီးတန်ဆောင်ထွန်းပြောင်သည့်လဟူသောနာမနှင့်အညီ ဆီမီးရောင်ရှိန်ထိန်ထိန်လင်းလျက်ရှိနေသည်။ ပြည်သူအားလုံးရွှင်ပြုံးသောလဟုတင်စားဆိုနိုင်သည်။ ဆီမီးရောင်ရှိန်တထိန်ထိန်ဖြင့် မြတ်စွာဘုရားကိုရည်မျှော်ကာ ပူဇော်ကြသည့်ပွဲတော်ဖြစ်၍လည်း ကုသိုလ်များစွာရရှိသည်။ ကောင်းကျိုးတိုးပွားစေသည်။

တန်ဆောင်မုန်းလ၏အလှရှုခင်းကို စာဆိုတော်မယ်ခွေက "ခဝဲရစ်ခွေ၊ ပြည်ပန်းရွှေနှင့်၊ တောခြေ တောင်ယံ၊ ပင်နန်းပျံမှာ၊ လူဟန်နွဲ့ညိတ်၊ ကရဝိက်လည်း၊ ချစ်ရိပ်သွယ်လို့၊ ငယ်သံတွတ်တီး၊ ဆီမီးကထိန်၊ မြောက်လေကကြိမ်သနှင့်၊ တိမ်အဆာကျယ်၊ နှာမောင်းသွယ်လို့" ဟူ၍ဖွဲ့ဆိုခဲ့သည်။ တောင်ကြီးမြို့၏မူလပင်ကိုသဘာဝရာသီဥတုကအေးမြသည်။ နေလို့ထိုင်လို့ကောင်းသည့် ရာသီဖြစ်သည်။ တန်ဆောင်မုန်းလက သာယာလှပသလို မိုးလေကင်းစင်သည်။ သို့သော် ယခုနှစ်တန်ဆောင်တိုင်တွင် မိုးကပိုမိုအေးမြစေရန် ရွာသွန်းပေးသည်နှင့်ကြုံရသည်။ ရာသီဥတုကိုအံတု၍ တောင်ကြီးသား၊ တောင်ကြီးသူတို့က မီးပုံးပျံလွှတ်တင်ပွဲကို အောင်မြင်စွာဆင်ယင်ကြသည်။

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်မှုတွင် ပရိသတ်များအနေဖြင့် မီးပုံးပျံများကို အရောင်အသွေးစုံလင်စွာမြင်တွေ့ရသည်။ ကြည့်မြင်ရသည်မှာ လွယ်ကူလှသော်လည်း မီးပုံးပျံတစ်ခုဖြစ်လာရန်မှာ လွယ်ကူလှသည်မဟုတ်ပေ။ မီးကျည်တစ်ခုတွင်ပါဝင်ရမည့် အမျိုးအစားပြည့်စုံစွာထည့်ရသည်။ မီးဆရာ၏ အစွမ်းအရ အချိုးအစားကျနခြင်း၊ သေသပ်လှပခြင်းတို့ရှိရသည်။ ယမ်းကွဲခြင်းအဆင့်ဆင့်ကို အချိန်ကြာမြင့်စွာ မြင်တွေ့နိုင်ရေးနှင့် ဆန်းသစ်လှပစေရေးကို လုပ်ဆောင်ရသည်။ ထိုသို့လုပ်ဆောင်ကြရာတွင် အဓိကမှာ စိတ်ဓာတ်ခိုင်မာပြတ်သားမှုဖြစ်သည်။ ဤသည်မှာ အကြမ်းအားဖြင့်ရေးသားခြင်းဖြစ်သည်။ လက်တွေ့လုပ်ဆောင်ရသည့်နယ်ပယ်မှာ သည့်ထက်မက အများကြီးကျယ်ပြန့်လှသည်။

အဝေရာဟူသည့်အဓိပ္ပာယ်မှာ ဘေးရန်အပေါင်းကင်းရှင်းခြင်းဖြစ်ပေရာ တောင်ကြီးမြို့အဝေရာမီးပုံးပျံကွင်းမှာ ဘေးရန်ကင်းသည်ဟု ဆိုနိုင်သည်။ လာရောက်ကြည့်ရှုကြသည့် ပြည်သူများသည် စည်းစနစ်ကျနစွာနေထိုင်ကြသည်။ ပွဲတော်လာပရိသတ်များသိရှိစေရန် တောင်ကြီးမီးပုံးပျံအသင်းကထုတ်ပြန်ချက်အချို့ကိုတွေ့လိုက်ရသည်။ ဘွတ်ဖိနပ်ကိုမဖြစ်မနေစီးထားကြရန်၊ မာဖလာ သို့မဟုတ် ခြုံတဘက်များဆောင်ထားကြရန်၊ ပွဲခင်းထဲထိုင်ရန် ယိုးဒယားဖျာများယူသွားကြရန်စသည်ဖြင့်အသိပေးထားသည်။ ထို့ပြင် မိန်းကလေးများအနေဖြင့် ကုတ်အင်္ကျီအရှည်ဖြင့်လည်းပတ်လျှင်ပို၍သင့်တော်သည်။ ပရိသတ်များအနေဖြင့် အထူးသတိပြုရန်မှာ ယမ်းခွေများအနီး မကပ်ကြရန်နှင့်အနီးတွင်ဆေးလိပ်မသောက်ကြရန်ဖြစ်သည်။ ယမ်းကိုအခြေခံပြုရသည့်အခမ်းအနားတွင် ပရိသတ်များအနေဖြင့် သတ်မှတ်ထားသည့်စည်းကမ်းများကိုလိုက်နာခြင်းဖြင့် ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

မြန်မာနိုင်ငံတွင်တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်သည့်ပွဲတော်မှာ ကမ္ဘာသိပွဲတော်တစ်ခုဖြစ်သည်။ ခမ်းနားဆန်းပြားလှသည့်လက်ရာများမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာနေသည်။ တိုးတက်သောခေတ်နှင့်အညီ ခေတ်မီဆန်းပြားသောဒီဇိုင်းများမှာ အံ့သြဖွယ်ကောင်းလှသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သည် ရှမ်းပြည်နယ်အထင်ကရပွဲတော်တစ်ခုသာမကဘဲ မြန်မာနိုင်ငံ၏ထင်ရှားသောပွဲတော်တစ်ခုဖြစ်သည်။ နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာသင်္ကြန်ပွဲတော်ကဲ့သို့ပင် ယူနက်စကိုတွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ်တင်သွင်းနိုင်သည့် ပွဲတော်ဖြစ်သည်။ အမွေအနှစ်စာရင်းဝင်အဖြစ်တင်သွင်းနိုင်ရေး ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ ဒေသအာဏာပိုင်များအနေဖြင့် လေ့လာဆန်းစစ်မှုပြုသင့်ကြောင်း တိုက်တွန်းလိုသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်၏ စွမ်းဆောင်ရည်မြင့်မားမှုနှင့်စည်ကားများပြားမှုမှာကမ္ဘာတွင်ပင်ထင်ရှားလှသည်။ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်၏ မီးပုံးပျံလွှတ်တင်မှုကိုအတုယူပြီး တောင်ကြီးဒေသမှတစ်ဆင့် ပြင်ဦးလွင်၊ နေပြည်တော်နှင့်အခြားသောဒေသများသို့ပင် ကူးလူးဆက်နွှယ်မှုရှိလာသည်။ တောင်ကြီးဒေသတစ်ဝိုက်မှာပင် တန်ဆောင်တိုင်ပွဲတော်များ များပြားစွာကျင်းပလျက်ရှိကြသည်။ တောင်ကြီးဒေသမှ မီးပုံးပျံပညာရှင်များထံမှ ပညာများကူးစက်ပြန့်ပွားခြင်းဖြစ်ပေရာ အဆိုပါပညာရပ်များကိုမျိုးဆက်သစ်တို့က ဆက်လက်ထိန်းသိမ်းကာ တတ်မြောက်အောင်သင်ယူထားသင့်သည်။ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်မှာ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ကို ကမ္ဘာကအသိအမှတ်ပြုစေသည့် နိုင်ငံ့ဂုဏ်ဆောင်ပွဲဖြစ်သည်။ မီးရှူးမီးပန်းနှင့် ယမ်းအသုံးပြုသည့် ညမီးကြီးပြိုင်ပွဲ၊ လက်မှုပညာအဆင့်မြင့်သည့် နေ့လွှတ်အရုပ်များမှာ နိုင်ငံခြားသားခရီးသွားများ၏စိတ်ဝင်စားမှုကို အကြီးအကျယ်ဆွဲဆောင်နိုင်သည့်တစ်ခုတည်းသော ပွဲတော်ဟုဆိုနိုင်သည်။

ဒေသတစ်ခုတွင် ဤကဲ့သို့သော ထူးခြားစည်ကားသောပွဲတော်ကိုကျင်းပခြင်းအားဖြင့် ဒေသနေပြည်သူများ၏လူမှုစီးပွားဘဝသည်လည်း ပိုမိုမြင့်မားလာစေသည်။ ပွဲတော်ကရရှိသည့်ဝင်ငွေ(အခွန်)များက ဒေသဖွံ့ဖြိုးရေးအတွက် ပြန်လည်အသုံးပြုခြင်းအားဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်သည့်ဒေသတစ်ခုဖြစ်လာမည်။ မီးပုံးပျံလွှတ်တင်ခြင်း ဆောင်ရွက်ရာတွင် အောင်အောင်မြင်မြင် လွှတ်တင်နိုင်ရန်အတွက် အဖွဲ့လိုက်စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းလိုက်နာမှုသည်အဓိကဖြစ်သည်။ မည်သည့်လုပ်ငန်းမဆို စည်းလုံးညီညွတ်မှု၊ စည်းကမ်းကောင်းမွန်မှုတို့ဖြင့်ဆောင်ရွက်ပါက အောင်မြင်မည်ဖြစ်သည်ကို တောင်ကြီးတန်ဆောင်တိုင်ကညွှန်ပြနေသည်။

ယဉ်ကျေးမှုနှင့် လူမှုရေးရှုထောင့်အရကြည့်မည်ဆိုပါက တောင်ကြီးတန်ဆောင်တိုင်သည်ဘာသာရေးနှင့်ရိုးရာဓလေ့အမွေအနှစ်တစ်ခုဖြစ်သည်။ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ရှမ်းစက္ကူနှင့်မီးပုံးပျံအနုပညာကို မျိုးဆက်သစ်များဆီလက်ဆင့်ကမ်းခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို ဖော်ဆောင်ပေးခြင်းဖြစ်သည်။ ရှမ်းစက္ကူလုပ်ငန်းများ ပိုမိုတိုးပွားလာမည်ဖြစ်သည်။ ပွဲတော်ရက်အတွင်း တစ်ရက်လျှင် ဧည့်ပရိသတ် ၂၅၀၀၀၀ ခန့် အနည်းဆုံးလာရောက်ကြည့်ရှုနေကြောင်းသိရှိရသည့်အတွက် ဒေသဖွံ့ဖြိုးမှုအတွက် အလွန်ပင်ဝမ်းသာကြည်နူးဖွယ်ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## တန်ဖိုးထားလို့ မဲပေးစို့

❖ ငါ့ရင်ထဲမှာ ရှိ
မင်းရင်ထဲမှာ ရှိ
စစ်မှန်သည့် မဲတစ်ပြား
တန်ဖိုးထား ပေးဖို့ရှယ်။
❖ စိမ်းချင်စိမ်း ဝါချင်ဝါ
ပြာချင်ပြာ နီချင်နီ
ရောင်စုံညီ ပြည့်အင်အားတွေပဲ
အားထားရာ စွမ်းဆောင်တည်မယ့်
ဒေါင်ဒေါင်မြည်
ကိုယ်စားလှယ်လောင်းကိုဖြင့်
ပေါင်းဆုံညီ ရှုမြင်သုံးသပ်လို့
ဆုံးဖြတ်ရွေးချယ်။
❖ ငါလည်း ငါ့ဆန္ဒမှန်ဖြင့်
မင်းလည်း မင်းဆန္ဒမှန်ဖြင့်
ကိုယ့်နိုင်ငံ ကိုယ့်ပြည်ရေးအတွက်
ရွေးချယ်ရန် လွတ်လပ်ခွင့်နဲ့
တွေးချင့်ယှဉ် ညွှန်းစံနှုန်းနဲ့
သင့်မြတ်ဆုံး ကိုယ်စားလှယ်
အမြင်ကျယ်ကျယ် စဉ်းစား။
❖ တူညီတဲ့ ရည်မှန်းချက်များနဲ့
ငါ့အသည်းကြားက မဲတစ်ပြားကို
မင်းအသည်းကြားက မဲတစ်ပြားကို
မှားယွင်းစွာ အချည်းနှီးမဖြစ်ရအောင်
နောင်တတွေနဲ့ဘောင်ခတ်မခံရအောင်တော့
အကြိုက်မှန်စွာ သုံးသပ်ဖို့
ထိုက်တန်စွာ ဆုံးဖြတ်လို့
ရလဒ်ကောင်းတွေ ရှုမျှော်တွေး
( သွေးချင်းတို့ရေ )
မဲပေးစို့လား။ ။

**တက်နေထွန်း**

### MWD Education, Knowledge & Sports Channel

၇-၁၁-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၅ | Grade - 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ - ၁၅:၅၅ | Grade - 9 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၃။ | ၁၅:၅၅ - ၁၇:၃၀ | Grade - 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

# ဝမ်းဗိုက်အဆီကျပြီး ချပ်ရပ်မှုရှိစေမည့် ဆောင်ရန် ရှောင်ရန်နည်းလမ်းများ

ကျန်းမာရေးအသိပညာပေးရာမှာ ဝမ်းဗိုက်ချပ်ရပ်မှုရှိအောင် အားကစားပြုလုပ်ဖို့ညွှန်ပြလေ့ရှိပါတယ်။

ကိုယ်အလေးချိန်လျှော့ချရာမှာ ဝမ်းဗိုက်အဆီချတာက အဓိကကျပါတယ်။ ဝမ်းဗိုက်အဆီများတာက တကယ်တော့အန္တရာယ်ရှိပါတယ်။ အဝလွန်တာ၊ ဆီးချို၊ သွေးချိုအမျိုးအစား(၂)ရောဂါ၊ နှလုံးရောဂါစတဲ့ရောဂါတွေနဲ့ဆက်စပ်နေပါတယ်။ ဒါကြောင့် ဝမ်းဗိုက်အဆီချဖို့ဆိုတာ အလှအပရေးရာသာမကဘဲ ကျန်းမာရေးအတွက်ပါအရေးကြီးပါတယ်။

ဝမ်းဗိုက်အဆီတိုင်းတာဖို့ ခါးပတ်လည်ကို ပေကြိုးနဲ့တိုင်းနိုင်ပါတယ်။ တကယ်လို့ အမျိုးသားတွေမှာ လက်မ ၄၀ သို့မဟုတ် ၁၀၂ စင်တီမီတာနဲ့အထက်၊ အမျိုးသမီးတွေမှာ ၃၅ လက်မ သို့မဟုတ် ၈၈ စင်တီမီတာနဲ့အထက်ရှိနေပြီဆိုရင် အဝလွန်စာရင်းဝင်နေပါပြီ။ ကိုယ်အလေးချိန်လျှော့ချတဲ့အစီအစဉ်အများစုရဲ့ အဓိကရည်မှန်းချက်ကလည်း ဝမ်းဗိုက်ကအဆီတွေကို လျှော့ချဖို့ဖြစ်ပါတယ်။

သကြား၊ အချိုကဲတဲ့အဖျော်ယမကာတွေ ရှောင်ကြဉ်သင့်တယ်။ သကြား ဒါမှမဟုတ် အချိုကဲတဲ့အဖျော်ယမကာတွေက ကျန်းမာရေးအတွက် မကောင်းပါဘူး။ ကိုယ်အလေးချိန်ကိုလည်း တက်စေပါတယ်။ စားကောင်းအောင်ပြုပြင်တဲ့အနေနဲ့ လိုတာထက်ပိုထည့်ထားတဲ့သကြားတွေက ဇီဝဖြစ်စဉ်ကို ဒုက္ခပေးပါတယ်။

သုတေသနအရ သကြားပမာဏလွန်ကဲခြင်းက ဝမ်းဗိုက်နဲ့အသည်းမှာ အဆီတွေစုဝေးစေပါတယ်။ အထူးသဖြင့် ဖရက်တို့စ်သကြားဖြစ်ပါတယ်။ အိမ်သုံးသကြားက ဂလူးကို့စ်တစ်ဝက်၊ ဖရက်တို့စ်တစ်ဝက်ဖြစ်ပါတယ်။ သကြားအများအပြားစားရင် အသည်းမှာ ဖရက်တို့စ်စုပုံလာပြီး အဆီဓာတ်အဖြစ်ပြောင်းလဲစေပါတယ်။ ဒ့ါပြင် သကြားရည်တွေမှာလည်း ကယ်လိုရီအများအပြားပါဝင်ပြီး အဝလွန်ခြင်းကို ဖြစ်စေပါတယ်။ ဒါကြောင့် တစ်နေ့တာစားသောက်တဲ့အထဲမှာ သကြားပါဝင်မှုကိုလျှော့ချပြီး အချိုဓာတ်များတဲ့အရည်တွေကို လုံးဝရှောင်ကြဉ်သင့်ပါတယ်။ ဆော်ဒါ၊ အချိုရည်၊ အားကစားသမားတွေသောက်တဲ့ စွမ်းအားဖြည့်အချိုရည် စတာတွေပါဝင်ပါတယ်။

ပရိုတင်းပိုစားသင့်တယ်။ ပရိုတင်းက ကိုယ်အလေးချိန်လျှော့ချရာမှာ အရေးအကြီးဆုံးအာဟာရဓာတ်ဖြစ်ပါတယ်။ သုတေသနတွေအရ အစာစားချင်စိတ်ကို ၆၀ ရာခိုင်နှုန်းကျစေပြီး တစ်နေ့တာဇီဝရုပ်ဖြစ်ပျက်မှုကို(၈၀-၁၀၀)ကယ်လိုရီအထိအားကောင်းစေပါတယ်။ တစ်ရက်မှာ ကယ်လိုရီ ၄၀၀ ကျော်လောက်စားသုံးခြင်းကနေ သက်သာစေပါတယ်။ ဒါကြောင့် တစ်နေ့တာမှာ ပရိုတင်းကို လုံလောက်စွာစားသုံးသင့်ပါတယ်။

ကာဗိုဟိုက်ဒရိတ်လျှော့စားသင့်တယ်။ ဝမ်းဗိုက်အဆီကျချင်ရင် ကာဗိုဟိုက်ဒရိတ်လျှော့စားရမှာဖြစ်ပါတယ်။ သုတေသနတချို့အရ ကာဗိုဟိုက်ဒရိတ်ကို လျှော့စားပြီး ကိုယ်အလေးချိန်လျှော့ချသူတွေက အဆီနည်းတဲ့အစားအစာတွေစားပြီး ကိုယ်အလေးချိန်လျှော့ချသူတွေထက် (၂-၃) ဆ ပိုမိုထိရောက်တယ်လို့ဆိုပါတယ်။

အမျှင်ဓာတ်ကြွယ်ဝတဲ့အစားအစာ စားသင့်ပါတယ်။ များသောအားဖြင့် အမျှင်ဓာတ်ကို အသီးအနှံတွေ၊ အသီးအရွက်တွေကနေရရှိပါတယ်။ အမျှင်ဓာတ်များများစားခြင်းက ကိုယ်အလေးချိန်လျှော့ချရာမှာ များစွာအထောက်အကူပြုပါတယ်။ တစ်နေ့ကို အမျှင်ဓာတ် ၁၃ ဂရမ်ခန့်ပိုစားပေးခြင်းက ကယ်လိုရီစားသုံးမှု ၁၀ ရာခိုင်နှုန်းလျှော့ချပေးပြီး ကိုယ်အလေးချိန်ကို လေးလအတွင်း ၄၅ ပေါင် ကျဆင်းစေတယ်လို့သိရပါတယ်။ တခြားသုတေသနတစ်ခုမှာ နေ့စဉ်အမျှင်ဓာတ် ၁၀ ဂရမ်စားခြင်းက ဝမ်းဗိုက်အဆီ ၃ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းစေတယ်လို့သိရပါတယ်။ အမျှင်ဓာတ်ရရှိဖို့ ဟင်းသီးဟင်းရွက်၊ သစ်သီး၊ ပဲအမျိုးမျိုးစားသုံးသင့်ပါတယ်။

"ကျန်းမာရေးရှုထောင့်ကကြည့်မယ်ဆိုရင် ဝမ်းဗိုက်က အဆီက ကျန်းမာရေးအတွက် အဆိုးရွားဆုံးဖြစ်ပါတယ်။ ကိုယ်တွင်းအင်္ဂါတွေကို ဝန်းရံထားတဲ့ဝမ်းတွင်းဆီဖြစ်တဲ့အတွက် နှလုံးရောဂါ၊ လေဖြတ်တာ၊ ဆီးချို၊ သွေးချိုရောဂါနဲ့ကင်ဆာရောဂါ ဖြစ်နိုင်ခြေမြင့်မားပါတယ်။ ဒါကြောင့် ဝမ်းဗိုက်ချပ်ရပ်အောင် လေ့ကျင့်ခန်းပြုလုပ်တာက လှပပြီး မိမိကိုယ်မိမိ ယုံကြည်မှု ရှိရုံသာမက ကျန်းမာရေးကောင်းမွန်ပြီး အသက်ရှည်ရှည် နေနိုင်ပါတယ်....."

လေ့ကျင့်ခန်းပုံမှန်ပြုလုပ်သင့်တယ်။ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြုလုပ်ပေးခြင်းက အသက်ရှည်ရာ အနာမဲ့ကြောင်း အကြောင်းရင်းတစ်ခုဖြစ်ပါတယ်။ လူတိုင်း နေ့စဉ် နာရီဝက်ကနေ တစ်နာရီကြာ အပြေး၊ ရွရွပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်ပါတယ်။ ချွေးထွက်အောင်ပြုလုပ်ခြင်းက နေ့စဉ် အစာစားလို့ ပိုလျှံတဲ့ကယ်လိုရီကို အဆီအဖြစ် မစုဆောင်းမိမှာ ချွေးထွက်စေလို့ အဆီစုဝေးခြင်း၊ အဝလွန်ခြင်းမဖြစ်စေဘဲ ဆီးချို၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါတို့ ကင်းဝေးစေပါတယ်။

ကျန်းမာရေးရှုထောင့်ကကြည့်မယ်ဆိုရင် ဝမ်းဗိုက်ကအဆီက ကျန်းမာရေးအတွက် အဆိုးရွားဆုံးဖြစ်ပါတယ်။ ကိုယ်တွင်းအင်္ဂါတွေကို ဝန်းရံထားတဲ့ဝမ်းတွင်းဆီဖြစ်တဲ့အတွက် နှလုံးရောဂါ၊ လေဖြတ်တာ၊ ဆီးချို၊ သွေးချိုရောဂါနဲ့ ကင်ဆာရောဂါဖြစ်နိုင်ခြေမြင့်မားပါတယ်။ ဒါကြောင့် ဝမ်းဗိုက်ချပ်ရပ်အောင် လေ့ကျင့်ခန်းပြုလုပ်တာက လှပပြီး မိမိကိုယ်မိမိ ယုံကြည်မှုရှိရုံသာမက ကျန်းမာရေးကောင်းမွန်ပြီး အသက်ရှည်ရှည်နေနိုင်ပါတယ်။

များသောအားဖြင့် ခါးတစ်ဝိုက်နေရာက အဆီတွေ အရင်ဆုံးစုဝေးတဲ့နေရာဖြစ်ပါတယ်။ ဒါကြောင့် ဝမ်းဗိုက်မှာ အဆီတွေလျှော့ကျသွားဖို့က အချိန်တစ်ပတ်နဲ့တော့မလုံလောက်ပါဘူး။ အနည်းဆုံး ခုနစ်လကျော်လောက်အချိန်ယူရပါတယ်။

ဝမ်းဗိုက်တစ်နေရာတည်း အဆီလျှော့ချမယ်ဆိုတဲ့စိတ်ကူးကိုမေ့ထားသင့်ပါတယ်။ အဆီကနေကြွက်သားအဖြစ်ပြောင်းလဲသွားဖို့က မဖြစ်နိုင်ပါဘူး။ ကိုယ့်အနေနဲ့ ထိုင်ထလေ့ကျင့်ခန်းပေါင်း အကြိမ်ရေသန်းပေါင်းများစွာပြုလုပ်ပေမယ့် ဝမ်းဗိုက်ကြွက်သားတွေပဲ သန်မာလာနိုင်ပါတယ်။ ကိုယ်အလေးချိန်လျှော့ကျသွားမှသာ ဝမ်းဗိုက်အဆီတွေလျှော့နည်းသွားမှာပါ။ ဒါကြောင့် အကောင်းဆုံးနည်းလမ်းက ကယ်လိုရီများများလောင်ကျွမ်းနိုင်တဲ့ ခန္ဓာကိုယ်တစ်ခုလုံးအလုပ်လုပ်ရတဲ့ အေရိုးဗစ်လေ့ကျင့်ခန်း ပြုလုပ်သင့်ပါတယ်။

ခါးတုတ်ဗိုက်ပူနေတာကို သတိမထားမိအောင် လက်ကောက်အများကြီးဝတ်ထားတာ ဒါမှမဟုတ် လက်မောင်းမှာ တန်ဆာတွေနဲ့အလှဆင်ထားတဲ့ လက်ပတ်ပတ်ထားတာမျိုးတွေပြုလုပ်သင့်ပါတယ်။ ခန္ဓာကိုယ်အပေါ်ပိုင်းကိုသာ အာရုံစိုက်နိုင်အောင် ဆွဲကြိုး၊ ဘယက်ဝတ်ဆင်တာ၊ နားဆွဲဝတ်ထားတာ ဒါမှမဟုတ် တောက်ပတဲ့တီရှပ်တွေဝတ်ဆင်သင့်ပါတယ်။

ခန္ဓာကိုယ်ကောက်ကြောင်းလှပစေနိုင်တဲ့ အတွင်းခံအင်္ကျီတွေကို ဒီခေတ်မှာ တော်တော်လေးအသုံးပြုနေကြပြီဖြစ်ပါတယ်။ ပိန်တယ်လို့ထင်စေတဲ့ အဝတ်အစားဝတ်ဆင်သင့်ပါတယ်။ ဝမ်းဗိုက်ချပ်ရပ်ပြီး ခါးသေးဖို့ အချိန်ပေးရတဲ့အတွက် ဖက်ရှင်နဲ့ပတ်သက်ပြီး ပိန်တယ်လို့ထင်ရနိုင်တဲ့အဝတ်အစားတွေကိုဝတ်ဆင်သင့်ပါတယ်။

ရှပ်အင်္ကျီကို ပေါင်လယ်အထိရောက်အောင် ရှည်ရှည်ဝတ်မယ့်အစား စကတ် ဒါမှမဟုတ် ဘောင်းဘီထဲထည့်ပြီး တင်ပါးဆုံအရှည်လောက်သာဝတ်ဆင်သင့်တယ်။ ခြေတံရှည်ပြီး ပိန်ပိန်မြင့်မြင့်လို့ ထင်မှတ်နိုင်တယ်။ ခါးပတ်ကြောင့် ခါးနေရာကိုချက်ချင်းအာရုံမရောက်ရှိနိုင်ပေမယ့် သူ့ကြောင့် ခန္ဓာကိုယ်ကို အလယ်ကနေ ဖြတ်ထားသလိုဖြစ်တဲ့အတွက် ခြေတံရှည်ပြီး သွယ်လျအောင်ဖန်တီးနိုင်ပါတယ်။ အေးတဲ့ရာသီဥတုမှာ အနွေးထည်ဝတ်ပြီး ကြယ်သီးမတပ်ထားသင့်ပါဘူး။ အင်္ကျီရှည်ဝတ်ထားတာကြောင့် ကိုယ့်ကိုပိန်ပြီးအရပ်ရှည်တယ်လို့ ထင်စေနိုင်ပါတယ်။ ။

ဒေါက်တာလွင်သန့်

# မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၆

မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်မိတ်ဆက်ပွဲကို နိုဝင်ဘာလ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးငွေအောင်က အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်ဖြန့်ဝေမှုနှင့် ပတ်သက်၍ပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက စာအုပ်ဖြစ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်းအား မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်များကိုပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ် အုပ်ရေ ၂၀၀၀ ကို တာဝန်ယူလှူဒါန်းပေးသော မြန်မာနိုင်ငံပုံနှိပ်သူနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်က အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်နှင့်ပတ်သက်၍ ပြောကြားသည်။



အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်ဖြူမာဝေ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့်သတင်းမီဒီယာသမားများ တက်ရောက်ကြကြောင်း သိရသည်။

လင်းခန့်

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ညီ။ "သူတို့ဒေါသဖြစ်လည်း ဘယ်တတ်နိုင်မလဲ ဘရားသား"

နုပ်။ "ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆို၊ တစ်ဖက်သားကို ဒေါသဖြစ်အောင်လုပ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးဆိုတာ ဖြစ်နိုင်ပါ့မလားဗျာ။ ကျွန်တော်နားလည်တဲ့ စိတ်သဘာဝအရတော့ ဖြစ်ဖို့ ဝေးသေးဗျာ"

ညီ။ "ဆိုးချင်၊ မိုက်ချင်တဲ့လူကို မဆိုးဝံ့၊ မမိုက်ဝံ့အောင်လုပ်ရမှာပေါ့ ဘရားသား"

နုပ်။ "ဖြစ်သလား၊ ရသလား၊ တင်းမာမှုတွေမလျှော့ဘဲ တိုးတိုးသာလာတယ် မဟုတ်လား"

ညီ။ "ဒါဖြင့် ဘယ့်နှယ်လုပ်ရမလဲ ဘရားသား"

နုပ်။ "တစ်ဖက်သားကို လူဆိုးကြီးလို့ ကြွေးကြော်ပြီး လက်ရိုက်ချိုးဖို့ လူတွေစုနေမယ့်အစား ငြိမ်းချမ်းရေးကို လက်တွဲဆောင်ရွက်ချင်အောင် သိမ်းသွင်းယူရမယ်ဗျ"

ညီ။ "ပြောတော့ လွယ်တယ်။ လုပ်တော့ ဘယ်လိုလုပ်မတဲ့လဲ ဘရားသား"

နုပ်။ "ခင်ဗျားတို့လူစုလုပ်နေကြပုံတွေဟာ သည်အတိုင်းထိုင်နေတာက တော်လိမ့်ဦးမယ်။ ငြိမ်းချမ်းရေးဆိုပြီး တစ်ဖက်သားရဲ့အပြစ်တွေကို မောင်းတီးပြီး ကြေညာပေးနေကြတာက သာလို့ သာလို့ ဆိုးဆိုးသွားတာကိုချည်း တွေ့နေရတယ်ဗျ"

ညီ။ "ဟုတ်ပါပြီ။ ထားပါဦးတော့ ဘရားသား။ ဒါဖြင့် ဘယ်လိုလုပ်ရမလဲ"

နုပ်။ "ကျွန်တော် ခုတင်ကပြောခဲ့တဲ့အတိုင်း ခင်ဗျားတို့ကိုယ်၌က တစ်ဖက်သားအပေါ်မှာ အနိုင်ယူဖို့ နောက်လိုက်စုပြီး အသားယူချင်တဲ့ ရည်ရွယ်ချက်ကို စွန့်လွှတ်ပြီး ရိုးရိုးသားသား ငြိမ်းချမ်းစွာအတူနေချင်တဲ့သဘောထားကို ထင်ရှားအောင် ဖော်ပြဖို့လိုတယ်"

ညီ။ "ဘယ်လိုပြရမှာလဲ ဘရားသား"

နုပ်။ "ရှေးဦးစွာ တစ်ဖက်နဲ့တစ်ဖက် မုန်းတီးခြင်းလျော့အောင် မတတ်နိုင်သေးမီ ယခုထက်တိုးပြီး မမုန်းကြရအောင်တော့ လုပ်တတ်ရမယ်ဗျာ"

ညီ။ "ဘယ်လိုလုပ်မလဲ ဘရားသား"

နုပ်။ "ငါတို့ကို မထိနဲ့ မီးပွင့်သွားမယ်၊ မျိုးပြုတ်သွားမယ်၊ ချေမှုန်းပစ်လိုက်မယ်လို့ တစ်ဖက်က ကြုံးဝါးလိုက်တဲ့အခါမှာ တစ်ဖက်က ဘယ်လိုဖြစ်သွားသလဲ။ ကြောက်ပါပြီခင်ဗျာဆိုပြီး ဒူးထောက်လိုက်ကရော့တဲ့လား"

ညီ။ "မထောက်ပါဘူးခင်ဗျာ"

နုပ်။ "ဒေါသတွေထွက်လာပြီး သူကလည်း ပြန်ကြုံးဝါးတယ် မဟုတ်လား။ အခုလို အပြန်အလှန်ကြုံးဝါးလိုက်ကြတဲ့အခါမှာ တစ်ဖက်နဲ့တစ်ဖက် စိတ်စေတနာကောင်းတွေ တဖွားဖွားပေါ်လာရောတဲ့လား"

ညီ။ "မဟုတ်ပါဘူး ခင်ဗျာ"

နုပ်။ "ဒေါသစိတ်တွေတိုးလာပြီး ပျက်စီးရာပျက်စီးကြောင်း အကြံအစည်တွေထုတ်ကြရော မဟုတ်ဘူးလား"

ညီ။ "မှန်ပါတယ် ဘရားသား"

နုပ်။ "ခင်ဗျားတို့အစိုးရနဲ့ အမေရိကန်ဟာ ခုတစ်လောမှာ ဒီလိုပဲလုပ်နေကြတယ် မဟုတ်ဘူးလား"

ညီ။ "သူတို့ဘက်ကစပြီးကြုံးဝါးတာပါ ခင်ဗျာ"

နုပ်။ "သူတို့က စပြီးကြုံးဝါးတော့ ခင်ဗျားတို့ဘက်က ပြန်ပြီးကြုံးဝါးတယ်။ ဒီတော့ ခုတင်ကပြောတဲ့အတိုင်း တစ်ဖက်နဲ့တစ်ဖက် တစ်ဆင့်တက်ပြီး မုန်းသွားကြတယ်မဟုတ်ဘူးလား"

ညီ။ "ဟုတ်မှာပေါ့ ခင်ဗျာ"

နုပ်။ "တိုးပြီးမုန်းတာ လိုအပ်သလား၊ မလိုအပ်ဘူးလား"

ညီ။ "မလိုအပ်ဘူး ထားပါတော့ခင်ဗျာ"

နုပ်။ "ထားပါတော့ မလုပ်ပါနဲ့လေ၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေချင်တယ်ဆို"

ညီ။ "နေတော့ နေချင်ပါတယ်"

နုပ်။ "တစ်ဖက်က ကြုံးဝါးလို့ တစ်ဖက်က ပြန်မကြုံးဝါးဘဲ ဆိတ်ဆိတ်နေလျှင် ကြောက်တယ်လို့ လူတွေကထင်ကြမှာစိုးရသလား"

ညီ။ "မပြောတတ်ဘူးခင်ဗျာ"

နုပ်။ "မပြောတတ်မရှိပါနဲ့။ ဒီခေတ်မှာ ဖြစ်နေကြတာက တစ်ဖက်ကကြုံးဝါးလို့ တစ်ဖက်က ဆိတ်ဆိတ်နေလျှင် ဂုဏ်ငယ်သွားတယ်။ Prestige လျှော့ဆင်းသွားတယ်၊ ရှက်စရာကောင်းတယ်လို့ ယူဆနေကြတယ်မဟုတ်ဘူးလား"

ညီ။ "ဟုတ်တယ်ထင်ပါရဲ့ ဘရားသား"

နုပ်။ "ဂျာမနီမှာ ကျွန်တော် ဖျားသွားတဲ့အတွက် မူလကြံရွယ်ချက်တစ်ခု ပျက်သွားတယ်ဗျာ"

ညီ။ "ဘာလဲ ဘရားသား"

နုပ်။ "ကျွန်တော်တို့ အာရှ၊ အာဖရိကကြံ့ခိုင်ရေးဆွေးနွေးပွဲမှာ သခင်ကျော်စိန်က ခရုရှော့ထံ မေးခွန်းတွေရေးတင်တယ် မဟုတ်လား"

ညီ။ "ဟုတ်ပါတယ်။ နို့ပေမဲ့ မတင်ဖြစ်ပါဘူး၊ ပြန်ရုပ်သိမ်းသွားပါတယ်"

နုပ်။ "ဒီတုန်းက ကျွန်တော်စိတ်ကူးတစ်ခုဖြစ်ဖူးတယ်။ ပြန်ခါနီးမှာ မစ္စတာခရုရှော့နဲ့ တွေ့ခွင့်တောင်းပြီး ပြောချင်တာလေးတွေကို တစ်ယောက်ချင်း ပြောစမ်းချင်တယ်။ အခုတော့ ဖျားတာနဲ့ စိတ်ဓာတ်ကျဆင်းပြီး ဒီအကြံကို ဖျက်လိုက်ပါပြီ"

ညီ။ "ဘာဖြစ်လို့ စိတ်ဓာတ်ကျဆင်းသွားတာလဲ ခင်ဗျာ"

နုပ်။ "ပြောချင်တဲ့စကားတွေက သူကြိုက်ချင်မှ ကြိုက်မှာတွေ ဖြစ်လေတော့ မောင်းထုတ်ချင် ထုတ်စေလို့ ဟိုတုန်းက စိတ်တင်းထားနိုင်တယ်။ ဖျားပြီးတဲ့နောက်တော့ လူက အားပျော့လို့ စိတ်ကလည်း လျော့ပြီး မပြောဝံ့တော့သလိုဖြစ်သွားတယ်"

ညီ။ "ဘာအကြောင်းတွေပြောချင်လို့လဲ ဘရားသား"

နုပ်။ "ပြောချင်တာ သုံးချက်၊ လေးချက်ပါပဲ။ သူမကြိုက်လျှင်လည်း သူ့တိုင်းပြည်ထဲက မောင်းထုတ်ရုံပြင် မရှိဘူးပေါ့လေဗျာ"

ညီ။ "ကြားပါရစေလား ခင်ဗျာ"

နုပ်။ "ပထမတစ်ခုက ခုတင်ကပြောခဲ့တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးလမ်းစဉ်အကြောင်း၊ ဒုတိယတစ်ခုက တင်းမာမှုလျော့ပါးရေးအကြောင်း၊ တတိယတစ်ခုက ဘာလင်ပြဿနာအကြောင်း၊ စတုတ္ထတစ်ခုက ယူတူးလေယာဉ်ပျံပစ်ချခြင်းနှင့် ထိပ်သီးကွန်ဖရင့်အကြောင်းတို့ပါပဲ"

ညီ။ "ကမ္ဘာ့ငြိမ်းချမ်းရေး လမ်းစဉ်အကြောင်းကိုတော့ နည်းနည်းကြားရပါပြီ။ ကျေကျေနပ်နပ်ကြီးတော့ သဘောမပေါက်သေးပါဘူး"

နုပ်။ "ကျွန်တော်က စဉ်းစားစရာလေးတွေလောက်ကိုသာ တင်ပြခဲ့ရပါသေးတယ်။ သဘောပေါက်လောက်အောင် တစ်ထိုင်တည်းနှင့် ပြောမပြနိုင်ပါဘူး။ သို့သော် တင်းမာမှုလျော့ဆင်းရေးအကြောင်းနဲ့ ဆက်နေလေတော့ တင်းမာမှုအကြောင်း ပြောတဲ့အခါမှာ ငြိမ်းချမ်းရေးဆိုင်ရာအချက်လေးတွေပါ ထပ်ပြီး ရှင်းသွားဖို့ မျှော်လင့်ပါတယ်"

ညီ။ "တစ်ဖက်နဲ့တစ်ဖက် ကြုံးဝါးကြတဲ့အကြောင်းကို ပြန်ဆက်ပါဦးခင်ဗျာ"

နုပ်။ " ဟိုဘက်က ကြုံးဝါးလို့ ခင်ဗျားတို့က ပြန်ပြီး ကြုံးဝါးရတယ်ဆို မဟုတ်လား"

ညီ။ "ဟုတ်ပါတယ်"

နုပ်။ "ဒါကတော့ သွားရိုးသွားစဉ် လမ်းကြီးပေါ့ဗျာ။ အရက်ဆိုင်ထဲမှာ အရက်မူးနေတဲ့ လူတွေဟာလည်း ဒီလမ်းအတိုင်းသွားကြပြီး ဌာနေရောက်ကြတာပဲ မဟုတ်ဘူးလား။ မစ္စတာခရုရှော့ကို ကျွန်တော်က ဒီထက်မက မျှော်လင့်တယ်ဗျ"

ညီ။ "ဘယ်လိုလဲ ဘရားသား"

နုပ်။ "တစ်ဖက်ကကြုံးဝါးလို့ တုံ့ပြန်ပြီးမကြုံးဝါးလျှင် ခရုရှော့ကြီး ကြောက်သွားပြီလို့ ကမ္ဘာက ထင်သွားမှာစိုးရိမ်ရတယ်ဆိုပါတော့။ ကျွန်တော်တစ်ခု ပြောရပါတယ်။ ဒီပြင်လူကို ကြောက်တတ်တယ်လို့ ထင်ချင်ထင်ကြမယ်။ စဉ်းစားဉာဏ်ရှိတဲ့လူထဲက မစ္စတာခရုရှော့ကိုတော့ ကြောက်တတ်တယ်လို့ ထင်ဝံ့တဲ့သူမရှိပါဘူး။ ခင်ဗျားတို့လူစုအထင်မှားနေတာ တစ်ခုက ကိုယ့်ကိုတစ်ဖက်က အမြဲကြောက်နေမှ တော်ကာကျမယ်။ ဒါကြောင့် ကြောက်လန့်အောင် ခြောက်လန့်ပေးဖို့လိုတယ်လို့ ထင်နေကြပုံရတယ်"

ညီ။ "မကြောက်လျှင် လာပြီး မစော်ကားပေဘူးလား ခင်ဗျာ"

နုပ်။ "အဲဒီခေတ်က လွန်ခဲ့ပါပြီ။ နျူကလီးယားခေတ်ကြီးမှာတစ်မျိုးဗျ။ မကြောက်လို့ မစော်ကားပါဘူး။ ကြောက်လေလေ ခုခံကာကွယ်ဖို့ နည်းလမ်းရှာရင်း တစ်ဖက်နဲ့တစ်ဖက် ငြိစွန်းပြီး အထင်လွဲမှုတွေ ဖြစ်ကုန်လေလေပဲဗျ"**ဆက်လက်ဖော်ပြပါမည်။**



## ဘိုကလေးမြို့နယ်၌ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး စီမံကိန်းတာဝန်နှင့် မျိုးစေ့ပေးအပ်ပွဲ ကျင်းပ

ဘိုကလေး နိုဝင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်၏ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် စီမံကိန်းတာဝန်ပေးအပ်ပွဲနှင့် မျိုးစေ့ပေးအပ်ပွဲကို နိုဝင်ဘာလ ၅ ရက်က စက်ဆန်းကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်က တောင်သူများ အနေဖြင့် အဓိကသီးနှံများ စိုက်ကေပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး အားလုံးကြိုးပမ်းဆောင်ရွက်ကြရန် အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ညီညီထွဋ်က နေကြာနှင့် ပဲပုပ်သီးနှံများ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိရေး စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ အကြောင်းကို ဆွေးနွေးပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စိုက်ပျိုးရေးနှင့် မြေစာရင်းဦးစီးဌာနများမှ ကျေးရွာတာဝန်ခံများအား စိုက်ကေပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် စီမံကိန်းတာဝန်များပေးအပ်ခြင်းနှင့် တောင်သူများအား နေကြာနှင့် ပဲပုပ်မျိုးစေ့များ ပေးအပ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ညီညီထွဋ်နှင့် ဝန်ထမ်းများ၊ ဆီထွက်သီးနှံနေကြာနှင့် ပဲပုပ်စိုက်



ပျိုးမည့် စက်ဆန်း၊ ထော်ပိုင်နှင့်ဒေါင့်ကြီး ကျေးရွာအုပ်စုများမှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ် (၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

ပညာရေးဘွဲ့ ၅ နှစ်သင်တန်းအမှတ်စဉ် (၇) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ရွာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အထူးဖိတ်ကြားထားသောဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝများမြင့်မားတိုးတက်စေရေးအတွက်မဟာဗျူဟာ၊ မူဝါဒ၊ ရည်မှန်းချက်များချမှတ်၍ ထိရောက်စွာဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်မောင်မယ်များကို အဆင့်မြင့်ပညာရပ်များ အခမဲ့သင်ကြားနိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့ကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ဖွံ့ဖြိုးရေးတက္ကသိုလ်အား စတင်ဖွင့်လှစ်ခဲ့သည့်အချိန်မှ ယနေ့အထိ မဟာပညာရေးဘွဲ့ ၁၇၅ ဦး၊ မဟာဒဿနဘွဲ့ ၃၅ ဦး၊ ပညာရေးဘွဲ့ ၄၉၇၇ ဦး၊ ဆရာအတတ်သင်ပညာဒီပလိုမာ ၉၃၂ ဦး၊ အလယ်တန်းဆရာအတတ်သင် ၉၅၆ ဦး၊ မူလတန်းဆရာအတတ်သင်၇၁၆၂ဦး၊ အထူးမူလတန်း ဆရာအတတ်သင် ၄၆၁ ဦး စုစုပေါင်း ဘွဲ့ရပညာတတ် တိုင်းရင်းသားလူငယ် ၁၄၆၉၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းဆင်းမောင်တို့မယ်တို့အနေဖြင့်အမိတက္ကသိုလ်ကလေ့ကျင့်သင်ကြားပို့ချပေးလိုက်သည့်ပညာရပ်များကို စဉ်ဆက်မပြတ်တိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်၍ မိမိတို့သင်ကြားပြုစုပျိုးထောင်ရမည့် ကျောင်းသားလူငယ်များအား စာပေပညာရပ်များအပြင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်လျက်ပြည်ထောင်စုစိတ်ဓာတ်အစဉ်ထာဝရကိန်းအောင်းရှင်သန်နေစေရေး၊ ဗဟုသုတ၊ အတွေးအခေါ်၊ အမြော်အမြင်များ မှန်ကန်မြင့်မားစေရေး၊ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်မှု ရှိစေရေး၊ စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်ရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသည့် ထူးချွန်ထက်မြက်သူများဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးသွားရမည်ဖြစ်ကြောင်း၊ ဆရာဆိုသည်မှာ ပညာပေးဝေသူဖြစ်ပြီး ပညာရှာမှီးနေသူများလည်းဖြစ်ရန် လိုအပ်ကြောင်း၊ တပည့်များ၏အကျိုးကို အစဉ်ရှေးရှုပြီး ကောင်းမွန်ရာကို လမ်းညွှန်သွန်သင်ပြသပေးနိုင်သည့် ဆရာကောင်းများကသာ အနာဂတ်နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် အရည်အသွေး၊ အရည်အချင်း ပြည့်ဝသည့် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

သင်တန်းဆင်းမောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်နှင့် ပြည်သူများက အားကိုးအားထားပြုရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် အစဉ်နှလုံးသွင်းပြီး ပေးအပ်သောတာဝန်များကို တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် ကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စံပြထူးချွန်ဆု၊ ဆရာအတတ်ပညာဘာသာထူးချွန်ဆု၊ စာပေဘာသာထူးချွန်ဆု(သိပ္ပံတွဲ) နှင့် စာပေဘာသာထူးချွန်ဆု(ဝိပ္ပံတွဲ) ဆုရရှိသူများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က စာပေဘာသာထူးချွန်ဆုရ(ဝိဇ္ဇာတွဲ)၊ တိုင်းရင်းသားဘာသာ၊ စာပေနှင့်ယဉ်ကျေးမှုထူးချွန်ဆုနှင့် ဖွံ့ဖြိုးရေးဘာသာထူးချွန်ဆုရရှိသူများကိုလည်းကောင်း ဆုများချီးမြှင့်ပေးအပ်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပညာရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးတို့က အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဘွဲ့နှင်းသဘင်ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရရှိသူများကိုတွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံ၍ ပါမောက္ခချုပ်က တက္ကသိုလ်၏အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ လေ့ကျင့်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ရေ၊ မီးရရှိမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြရာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ တက္ကသိုလ်ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့်ကျောင်းသား၊ကျောင်းသူများအတွက် ချီးမြှင့်ငွေများထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျောင်းဝင်းအတွင်းရှိဆိုလာစနစ်ဖြင့် မြစ်ရေတင်လုပ်ငန်းဆောင်ရွက်နေမှု၊ ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာရပ်အလိုက်လေ့ကျင့်သင်ကြားနေမှု၊ ကျောင်းသား၊ ကျောင်းသူများ၏ အခြေခံစစ်ပညာသင်တန်း လေ့ကျင့်သင်ကြားနေမှု၊ ပွဲကြည့်စင်နှင့် ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ထားရှိမှု၊ မိုးလုံလေလုံအားကစားခန်းမ၌ ဘော်လီဘောလေ့ကျင့်နေမှု၊ အိပ်ဆောင်များနှင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ထားရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

မြဝတီ

# နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့ မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်က နယ်မြေခံတပ်ရင်းခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် နယ်မြေခံတပ်မတော်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များအား ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် နမ့်စန်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ပြည်သူ့ရှေ့ဆောင်ပါတီ(PPP) က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၆

**ပြည်သူ့ရှေ့ဆောင်ပါတီ PEOPLE'S PIONEER PARTY (PPP) ဥက္ကဋ္ဌ ဒေါက်တာသက်သက်ခိုင်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၆ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဒေါက်တာသက်သက်ခိုင် (ဥက္ကဋ္ဌ၊ ပြည်သူ့ရှေ့ဆောင်ပါတီ PEOPLE'S PIONEER PARTY(PPP))**

ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံသူ၊ နိုင်ငံသားများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ပီသုံးလုံးပါတီလို့လူသိများတဲ့ ကျွန်မတို့ ပြည်သူ့ရှေ့ဆောင်ပါတီဟာ မူဝါဒနဲ့ လုပ်ငန်းစဉ်များကိုအခြေပြုပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ (Programmatic Party) ဖြစ်ပါတယ်။ ပါတီရဲ့ဆောင်ပုဒ်ဖြစ်တဲ့ "လူထုဘဝ အဓိက၊ ငြိမ်းချမ်းလုံခြုံစွာ ကြီးပွားကြ" ဆိုတဲ့အတိုင်း ပြည်သူလူထုတစ်ရပ်လုံးအတွက် ကောင်းမွန်တဲ့အနာဂတ်တည်ဆောက်ဖို့ ချမှတ်ထားတဲ့မူဝါဒများနဲ့ လုပ်ငန်းစဉ်များကို ရက် (၁၀၀) စီမံချက်၊ (၁) နှစ်နဲ့ (၅) နှစ် စီမံချက်များအဖြစ် စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။

ကျွန်မတို့မြန်မာနိုင်ငံဟာ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းကစပြီး ၂၀၂၂ ခုနှစ်နှောင်းပိုင်းအထိခံစားခဲ့ရတဲ့ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ် - ၁၉ ဘေးကြီး မပြီးဆုံးခင်မှာဘဲ နိုင်ငံရေးအပြောင်းအလဲများနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။ တစ်ဆက်တည်းဆိုသလိုပဲ ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ် ယာဂိမုန်တိုင်းကြောင့် ရေကြီးရေလျှံခြင်း၊ ၂၀၂၅ ခုနှစ် မတ်လမှာ မန္တလေးငလျင်ကြီးဒဏ်တို့ကို ပြင်းထန်စွာခံစားခဲ့ကြရပါတယ်။ ဒါ့အပြင် လျှပ်စစ်မီးမလုံလောက်မှုနဲ့ ကုန်ကြမ်းတင်သွင်းမှု အကန့်အသတ်များကြောင့် ပြည်တွင်းစိုက်ပျိုး၊ မွေးမြူ၊ ထုတ်လုပ်မှု စရိတ်စကများ ကြီးမြင့်လာပါတယ်။ လုံခြုံရေးစိန်ခေါ်မှုများနဲ့ တရားမဝင်ဂိတ်များ ဖွင့်လှစ်ထားခြင်းကြောင့် သယ်ယူပို့ဆောင်စရိတ်တွေ မြင့်တက်လာလို့ ကုန်ဈေးနှုန်း အဆမတန်ကြီးမြင့်လာတာကို ပြည်သူတစ်ရပ်လုံး ခါးစည်းခံနေကြရပါတယ်။

နိုင်ငံရေးမှာလည်း ပြည်သူများအကြား စည်းလုံးညီညွတ်မှုပြိုကွဲပြီး ပဋိပက္ခများကြောင့် လုံခြုံရေးစိန်ခေါ်မှုများစွာနဲ့ ရင်ဆိုင်နေကြရလို့ ငြိမ်းချမ်းစွာနေထိုင်လိုကြကြောင်း ပြင်းပြတဲ့ဆန္ဒများ ပြည်သူတစ်ရပ်လုံးမှာရှိနေတာကိုတွေ့ရပါတယ်။ ပြည်သူ့ရှေ့ဆောင်ပါတီအနေနဲ့ လူထုဘဝများငြိမ်းချမ်းလုံခြုံစွာရှိဖို့အတွက် ထာဝရငြိမ်းချမ်းရေးကိုရှေးရှုတဲ့ ပဋိပက္ခများလျှော့ချရေးကို ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။ ပဋိပက္ခတွေအကြားမှာ လူငယ်တွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာလို့ ကျေးလက်က မြို့ပေါ်၊ ပြည်တွင်းက ပြည်ပသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်သူ များပြားလျက်ရှိပါတယ်။ လူမှုကွန်ရက်ပေါ်က ရိုက်ခတ်လာတဲ့ အမြင်မတူ၊ ခွဲခြားဆက်ဆံခံရမှုများကြောင့် ယနေ့လူငယ်မျိုးဆက်သစ်များရဲ့အနာဂတ် မရေရာမှုကြောင့် ကမ္ဘာ့အလယ်မှာ မျက်နှာငယ်စရာတွေနဲ့ ရင်ဆိုင်နေကြရပါတယ်။

ပြည်သူလူထုကြီးရှင့် ကျွန်မတို့ ပြည်သူ့ရှေ့ဆောင်ပါတီရဲ့ ၂၀၂၅ ရွေးကောက်ပွဲကြေညာစာတမ်းမှာ အပိုင်း (၃) ပိုင်းနဲ့ တင်ပြထားပါတယ်။ ပထမပိုင်းအနေနဲ့ "လူထုဘဝ အဓိက" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း အိမ်ထောင်စုတိုင်းအတွက် အမြန်ဆုံးအကျိုးရှိနိုင်မည့် အောက်ပါ ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(က) ပထမဦးစွာ ပြည်သူတစ်ရပ်လုံးရဲ့ဝင်ငွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်စေဖို့ လူထုဘဝအတွက် အဓိကကျတဲ့ စိန်ခေါ်မှုကြီးဖြစ်တဲ့ ကုန်ဈေးနှုန်း အမြန်ဆုံးကျဆင်းရေးကို တစ်ဖက်က ဆောင်ရွက်သလို လူထုရဲ့ဝင်ငွေနဲ့ အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက်ဖို့ ဟန်ချက်ညီညီ ကြိုးစားဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့် အလုပ်လက်မဲ့လူငယ်တိုင်း အလွယ်တကူအလုပ်ရှာဖွေနိုင်ဖို့၊ အခြေခံလုပ်သားများအားလုံး လုပ်ခသင့်ပြီး လုပ်သာတဲ့လစာရရှိဖို့ အလုပ်ရှင်များနဲ့ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ တောင်သူများ ဝင်ငွေတိုးနိုင်မယ့် မျိုးစေ့၊ နည်းပညာ၊ ချေးငွေ လုံလောက်စွာပံ့ပိုးပေးခြင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးကိုအားပေးခြင်းဖြင့် ပြည်သူများ အပိုဝင်ငွေရရှိစေခြင်း၊ ရွှေ့ပြောင်းလုပ်သားနှင့် ပြည်ပရောက်မြန်မာများက မိသားစုထံ ကောင်းမွန်လွယ်ကူတဲ့ ငွေလွှဲဝန်ဆောင်မှုနည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တစ်ဖက်မှာလည်း ဝင်ငွေနည်း အိမ်ထောင်စုများ၊ မသန်စွမ်းသူများ၊ ထိခိုက်နစ်နာလွယ်သူများထံ တိုက်ရိုက် ထောက်ပံ့ပေးနိုင်မယ့်အစီအစဉ်များကိုလည်း စနစ်တကျ ဖော်ထုတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။ ဒါ့အပြင် နိုင်ငံ့အကျိုးကို ဆတက်ထမ်းပိုး အလုပ်လုပ်ပေးနေကြတဲ့ ဝန်ထမ်းများ၊ အထူးသဖြင့် နယ်စွန်နယ်ဖျားပဋိပက္ခတွေအကြားမှာ သက်စွန့်ဆံဖျား ကြိုးပမ်းဆောင်ရွက်နေကြတဲ့ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနဲ့ နိုင်ငံ့ဝန်ထမ်းများကိုလည်း ရှားပါးစရိတ်တိုးမြှင့်ထောက်ပံ့ဖို့၊ စွမ်းဆောင်ရည်၊ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံအလိုက် ထိုက်တန်တဲ့ခံစားခွင့်နဲ့ ရာထူးတိုးခွင့် စဉ်းစားပေးဖို့၊ နောင်ရေးအာမခံချက်ရှိစေမယ့် ဆုငွေ၊ အိမ်ရာ၊ ပင်စင်၊ အာမခံ၊ ပညာတော်သင်နဲ့ အပိုဆုကြေးစနစ်များထူထောင်ပေးဖို့ ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။ အခွန်ထမ်းပြည်သူတိုင်း အိမ်ရာပိုင်ဆိုင်နိုင်ဖို့ နှစ်ရှည်ချေးငွေစနစ်နဲ့ အိမ်ဝယ်ပိုင်ခွင့်၊ လုပ်သားများအတွက် အငှားအိမ်ရာစနစ်ခံစားပိုင်ခွင့်၊ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များအတွက် အိမ်ရာစီမံကိန်းများမှာ ရင်းနှီးမြှုပ်နှံလိုရင် နှစ်ရှည် အိမ်ရာချေးငွေလျှော့ထားခွင့်များကို စနစ်တကျချမှတ်ဆောင်ရွက်လျက် အိမ်ခြံမြေနဲ့ ဆောက်လုပ်ရေးကဏ္ဍများအတွက် ဝယ်လိုအားကို မြှင့်တင်သွားမှာဖြစ်ပါတယ်ရှင်။

(ခ) သဘာဝဘေးနှင့် ပဋိပက္ခအလွန် ပြန်လည်ထူထောင်ရေးတို့ကို ပူးတွဲဆောင်ရွက်တဲ့နေရာမှာ ဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာမှုအထောက်အပံ့များ ထိရောက်စွာ ပံ့ပိုးနိုင်ဖို့၊ ပရဟိတနဲ့ အရပ်ဘက်အဖွဲ့အစည်းများကတစ်ဆင့် ပြည်သူရဲ့ယုံကြည်မှုကို တည်ဆောက်ရင်း ပြန်လည်ရင်ကြားစေ့ရေးကိုပါ တစ်ပါတည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဂ) ရေတိုအထောက်အပံ့ပေးရုံသာမက ပဋိပက္ခနဲ့ သဘာဝဘေးဒဏ်သင့်ဒေသများရှိ အခြေခံပြည်သူများ၏ ဝင်ငွေ၊ အလုပ်အကိုင်နဲ့ လူနေမှုအဆင့်အတန်းများ မြင့်မားရေးအတွက်လည်း ဘေးသင့်ဒေသတွေမှာ ကျောင်း၊ ဆေးရုံနဲ့ လူမှုရေးအဆောက်အအုံများ ပြန်လည်တည်ဆောက်ခြင်းကို Cash-for-work နဲ့ Cash-for-skill program ပုံစံများဖြင့် ဘေးသင့်ပြည်သူများရဲ့ အသက်မွေးဝမ်းကျောင်းမှုနဲ့ အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်ပေးပြီး ပြန်လည်နေရာချထားရေးကိုပါ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဃ) ကျန်းမာရေးနဲ့ပညာရေးကဏ္ဍများမှာဆိုရင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ဘဏ္ဍာရေးဖြည့်ဆည်းမှုအုတ်မြစ်ချနိုင်ဖို့နဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ကျောင်းတွင်းအာဟာရနဲ့ အားကစားပံ့ပိုးမှုများ၊ ကျွမ်းကျင်မှုနဲ့ လုပ်ငန်းခွင်အဆင်သင့်ဖြစ်စေမည့်သင်တန်းများ၊ ပညာရေးထောက်ပံ့မှုနဲ့ ချေးငွေဝန်ဆောင်မှုများ၊ စံပြလူငယ်၊ လူရည်ချွန်နဲ့ ပရဟိတလူငယ်စွမ်းဆောင်ရှင် အစီအစဉ်များ၊ ၂၁-ရာစု ခေါင်းဆောင်မှုကိုရယူနိုင်မယ့် အဆင့်မြင့်ပညာရေး၊ စီးပွားရေး ရှေ့အလားအလာများနဲ့ ကိုက်ညီမယ့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးနဲ့ သိပ္ပံ၊ နည်းပညာနဲ့ AI ဘာသာရပ်များဖြင့် စက်မှုအဆင့် ၅.၀ သို့ ချဉ်းကပ်ရေးတို့ကို ဇောက်ချဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်သူလူထုကြီးရှင့် ဒုတိယပိုင်းအနေနဲ့ ပြည်သူလူထု ငြိမ်းချမ်းလုံခြုံဖို့ အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



(က) အပစ်အခတ် ရပ်စဲ၍ ငြိမ်းချမ်းရေး အသီးအပွင့်များ အားလုံးညီမျှစွာ ခံစားနိုင်ရေးအတွက် တိုင်းရင်းသားများအကြား စိတ်ဝမ်းမကွဲဘဲ ယုံကြည်မှုတည်ဆောက်နိုင်ဖို့ ပြည်နယ်များနဲ့ နယ်စပ်များအကြား စီးပွားရေးချိတ်ဆက်မှုများနဲ့ လမ်းပန်းဆက်သွယ်မှု တိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ခ) ပဋိပက္ခများလျှော့ချရေး၊ ဆွေးနွေးညှိနှိုင်းရေးနဲ့ ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် ပဋိပက္ခဇာစ်မြစ်များကို စီမံခန့်ခွဲခြင်း၊ သက်ဆိုင်သူအားလုံးနဲ့ ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း၊ ငြိမ်းချမ်းရေး အထောက်အကူပြု စီးပွားချိတ်ဆက်မှုစီမံကိန်းများ အကောင်အထည်ဖော်ခြင်း၊ ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မယ့် တပ်မတော်အား ခေတ်မီဆန်းသစ်အင်အားပြည့်ဝစေရေးနဲ့ ကောင်းမွန်သော အရပ်ဘက်-တပ်ဘက်ဆက်ဆံရေးများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဂ) သင်ပုန်းချေရေး၊ လက်စားမချေရေး၊ တရားမျှတရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်ဆိုရင် ပဋိပက္ခကြောင့် ထိခိုက်နစ်နာခံရမှုများအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး အစီအစဉ်တစ်ရပ်ချမှတ်ဆောင်ရွက်ပြီး နိုင်ငံတကာတရားရုံးတွေမှာ တစ်ဖက်သတ်စွပ်စွဲချက်များနဲ့ တရားစွဲဆိုထားတဲ့အမှုများကို တာဝန်ယူဖြေရှင်းသွားမှာဖြစ်ပါတယ်ရှင်။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စု တည်ဆောက်ရေးနဲ့ပတ်သက်လို့ စာပေ၊ ယဉ်ကျေးမှု ရှင်သန်ထွန်းကားရေးတို့အတွက် မိခင်တိုင်းရင်းသားဘာသာစကား သင်ကြားပိုင်ခွင့် အပါအဝင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနဲ့ လိုက်လျောညီထွေဖြစ်မည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တိတိကျကျ ဖော်ထုတ်မြှင့်တင်သွားမှာဖြစ်ပါတယ်။

(င) ဒီမိုကရေစီရေး၊ ပြည်သူ့အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လက်တွေ့အကျိုးပြုမယ့် ဒီမိုကရေစီ၊ ဝန်ဆောင်မှုကောင်းတဲ့ ပြည်သူ့အုပ်ချုပ်ရေး၊ စိတ်ချလုံခြုံစေမယ့် တရားဥပဒေစိုးမိုးရေး၊ ကျင့်ဝတ်လိုက်နာတဲ့ မီဒီယာ၊ လက်တွေ့ အမြန်အကောင်အထည်ဖော်နိုင်မယ့် ပုဒ်မ ၂၆၁ နဲ့ ဇယား ၁၊ ၂၊ ၅ အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။

ပြည်သူလူထုကြီးရှင့် တတိယပိုင်းအနေနဲ့ ပြည်သူတွေရဲ့ ကံ၊ ဉာဏ်၊ ဝီရိယ စိုက်ထုတ်သလောက် ကြီးပွားတိုးတက်နိုင်မယ့်၊ အခြေခံဥပဒေမှာလည်း အတိအလင်းပြဋ္ဌာန်းထားတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ပြန်လည်ထူမပေးပြီး အရှိန်အဟုန်နဲ့ မြှင့်တင်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံသားတိုင်းရဲ့ဝင်ငွေနဲ့ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံရဲ့ လူနေမှုအဆင့်အတန်းကို ဒေသတွင်းနိုင်ငံများနဲ့ ရင်ပေါင်တန်းနိုင်စေဖို့ အစိုးရနဲ့ ပုဂ္ဂလိကအခန်းကဏ္ဍများရဲ့ သီးခြားတာဝန်များနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့်တာဝန်များကို တိကျစွာ သတ်မှတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ နိုင်ငံ့စီးပွားမြှင့်တင်ပေးပြီး အားလုံးအကျိုးရှိမယ့် ဖွံ့ဖြိုးတိုးတက်ခြင်းအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(က) ကုန်ဈေးနှုန်းမြင့်တက်နေခြင်းနဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို လျှော့ချမယ့် မက်ကရိုစီးပွားရေးတည်ငြိမ်ရေးအတွက် ကျပ်ငွေတန်ဖိုး ခိုင်မာစေခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဈေးကွက်ကိုအခြေခံတဲ့ Managed Float အဖြစ် ယခင်အတိုင်းပြန်လည်ကျင့်သုံးခြင်း၊ ကုန်သွယ်မှုလိုင်စင်များ ဖြေလျှော့ခြင်း၊ ပြည်ပလွှဲပို့ငွေများအတွက် တရားဝင်နည်းလမ်းများဖန်တီးပေးခြင်းတို့ကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။

**စာမျက်နှာ ၁၃ သို့** ❐

❐ စာမျက်နှာ ၁၂ မှအဆက်

(ခ) ပဋိပက္ခနဲ့ သဘာဝဘေးအလွန် ပြန်လည်ထူထောင်ရေး လိုအပ်ချက်များအတွက် အစိုးရ- ပုဂ္ဂလိက-နိုင်ငံတကာပူးပေါင်းပြီး ဘေးအန္တရာယ်စီမံခန့်ခွဲမှု ရန်ပုံငွေမတည်ခြင်း၊ ဘေးလွန်ကာလ စီမံကိန်းများ ကြိုတင်ရေးဆွဲခြင်း၊ သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိတဲ့ အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်းတို့ကို တွန်းအားပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဂ) နိုင်ငံတော်စီးပွားရေး ပြန်လည်ဦးမော့ရေးအတွက် ရသုံး ဘတ်ဂျက်နဲ့ ငွေကြေးမူဝါဒများ ခိုင်မာမှုရှိစေဖို့ လွှတ်တော်ကနေ ပံ့ပိုး ဆောင်ရွက်ပေးမယ့်အပြင် ပုဂ္ဂလိကကဏ္ဍအတွက် ကြိုးနီများရုပ်သိမ်း၍ လုပ်သာကိုင်သာရှိစေခြင်း၊ စီးပွားရေးဦးမော့၍ လျင်မြန်စွာ အကျိုးရလဒ် ဖြစ်ထွန်းနိုင်တဲ့ Quick Wins စီမံချက်များကို ဖော်ထုတ်အကောင်အထည် ဖော်ခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု၊ နိုင်ငံတကာအထောက်အပံ့နဲ့ ချေးငွေများ ပြန်လည်စီးဝင်လာစေရေး တွန်းအားပေးဆောင်ရွက် သွားမှာဖြစ်ပါတယ်။

(ဃ) စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍများ တန်ဖိုးမြှင့် ဈေးကွက်ဝင်ဆံ့နိုင်ရေးအတွက် လယ်လုပ်သူတိုင်း လယ်လုပ်ပိုင်ခွင့်ရှိမယ့် စိုက်ပျိုးမြေများ၊ အထွက်နှုန်းတိုး၍ တန်ဖိုးမြင့် စားသုံးကုန်များ၊ မွေးမြူရေးထုတ်ကုန်သစ်များ၊ မြေအရင်းအနှီး သက်သာစေမယ့် စီးပွားရေးဇုန်များ၊ တန်ဖိုးကွင်းဆက်တစ်လျှောက် ထောက်ပံ့ပေးမည့်ငွေရေးကြေးရေးအစီအစဉ် (Supply Chain Financing) များကို ပံ့ပိုးပေးနိုင်ရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(င) အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ မတည်ငွေရင်း၊ နည်းပညာ၊ သုတေသနနဲ့ ဖွံ့ဖြိုးရေး၊ ဈေးကွက်ချိတ်ဆက်ရေး အတွက် MSME ဖွံ့ဖြိုးရေး စုပေါင်းရုံး (One-stop Service) အစီအစဉ် ဖြင့် ဝန်ဆောင်မှုပေးခြင်းနဲ့ ဘဏ်နဲ့လုပ်ငန်းများ လည်ပတ်ရေးအတွက် ချေးငွေ အာမခံစနစ် (credit guarantee scheme) ထူထောင်သွားမှာ ဖြစ်ပါတယ်။

(စ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် အစိုးရအရာရှိကြီးများ၊ စီးပွားရေးပညာရှင်များ၊ လုပ်ငန်းရှင်ကြီးများ၊ စွန့်ဦးတီထွင်အောင်မြင်သူများ ပေါင်းစပ်ညှိ နှိုင်းမယ့် တွေ့ဆုံဆွေးနွေးပွဲ (public private dialogue) များ ပုံမှန် ကျင်းပနိုင်ရန် စီစဉ်သွားမှာဖြစ်ပါတယ်။

(ဆ) လွတ်လပ်တက်ကြွသော နိုင်ငံခြားရေး၊ ဒေသတွင်းချိတ်ဆက် ရေးနဲ့ ခိုင်မာသော ပထဝီစီးပွားရေး မဟာဗျူဟာကျင့်သုံးခြင်းဖြင့် ဒေသတွင်းနဲ့ နိုင်ငံတကာဈေးကွက်များသို့ ဝင်ဆံ့လာပြီး နိုင်ငံတကာ တွင် မြန်မာ့ပုံရိပ် မြင့်တက်လာစေရေးကိုပါ တစ်ပါတည်း ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ဒေသတွင်းနိုင်ငံများနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် အသီးသီးက စီးပွားရေးစင်္ကြံများတစ်လျှောက် ဟန်ချက်ညီညီ ချိတ်ဆက်နိုင်မယ့် အာရှအမြန်လမ်းမကြီး၊ တရုတ်-မြန်မာ စီးပွားရေး စင်္ကြံနဲ့ ကုလားတန်မြစ်ဝှမ်းစီမံကိန်းများကို အမြန်ဆုံးညှိနှိုင်း အကောင် အထည်ဖော်သွားမှာ ဖြစ်ပါတယ်။

(ဇ) လျှပ်စစ်၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဒစ်ဂျစ်တယ်နဲ့ စံချိန်စံညွှန်း အခြေခံအဆောက်အအုံများ တည်ဆောက် ရေးအတွက် အစိမ်းရောင်နဲ့ ပြည့်ဖြိုးမြဲစွမ်းအင်၊ ကုန်စည်နဲ့ ခရီးသည် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အဆင့်မြင့်နည်းစနစ်များ၊ သက်သာလုံခြုံစွာ ချိတ်ဆက်နိုင်မယ့် အင်တာနက်၊ အွန်လိုင်းပြည်သူ့ဝန်ဆောင်မှုနဲ့ အွန်လိုင်း ရောင်းဝယ်ဖောက်ကားမှုများ၊ မြန်မာ့စံချိန်စံညွှန်းစနစ်များ၊ နိုင်ငံတကာ စံများနှင့်အညီထွန်းကားစေရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

(ဈ) သဘာဝအရင်းအမြစ်များ ပွင့်လင်းမြင်သာစွာ တန်ဖိုးမြှင့် ထုတ်လုပ်အသုံးချရေး၊ စိမ်းလန်းအခြေပြုနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စီးပွားရေးဝန်းကျင်ကောင်းများ ထူထောင်ရေးတို့အတွက် သဘာဝတွင်း ထွက်များ စနစ်တကျ တူးဖော်ထုတ်လုပ်၍ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စိမ်းလန်းအခြေပြုနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးတက်ထုတ်လုပ် နိုင်ရေးတို့ကို အထူးအလေးပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်ရှင်။

နိဂုံးချုပ်အနေနဲ့ ကျွန်မတို့ရဲ့ ပြည်သူ့ရှေ့ဆောင်ပါတီဟာ ပါတီရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ "လူထုဘဝအဓိက၊ ငြိမ်းချမ်းလုံခြုံစွာ ကြီးပွားကြ" ဆိုတဲ့အတိုင်း အထက်ဖော်ပြပါ မူဝါဒနှင့်လုပ်ငန်းစဉ်များကို ရက် (၁၀၀) စီမံချက်၊ (၁) နှစ်နဲ့ (၅) နှစ် စီမံချက်များအဖြစ် စနစ်တကျ အကောင် အထည်ဖော်ခြင်းအားဖြင့် အမိမြန်မာနိုင်ငံတော်ကြီးကို ငြိမ်းချမ်း လုံခြုံစွာဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွား မှာဖြစ်ကြောင်း ပြည်သူလူထုတစ်ရပ်လုံးသို့ အစီရင်ခံတင်ပြလိုက်ရ ပါတယ်ရှင့်။

**တိုးတက်တဲ့ ခေတ်ရဲ့ နိုင်ငံသစ်ဆီ**

V1. တိုးတက်တဲ့ ခေတ်ရဲ့ နိုင်ငံသစ်ဆီ ညီညွတ်ခြင်းတရားနဲ့
ဒို့များ ဦးတည်
ပြည်သူတွေအားလုံးနဲ့ လက်တွဲတို့တူညီ
ခိုင်မာသော စိတ်ထား၊ ခိုင်မာသော ခွန်အားနဲ့ ရှေ့တို့ချီ
တိုးတက်တဲ့ခေတ်ရဲ့ နိုင်ငံသစ်ဆီ မျှော်ရည်မှန်းလို့
ဒို့ သွားကြမည်
နေရာဒေသအနှံ့က လူအားလုံးမကျန်ပြီ

Cho; ဒို့ရဲ့ ရေမြေ ဒို့ချစ်သည် ဒို့ရဲ့ နိုင်ငံ ဒို့ချစ်သည်
ဒို့ရဲ့ နိုင်ငံ ဒို့ချစ်သည် ဒို့ရဲ့ ရေမြေ ဒို့ချစ်သည်
တူညီညာသော နိုင်ငံသားအခွင့်အရေးပိုင်ဆိုင်ဖို့ ဒို့ မဲထည့် ကြရမည်။

V2. ငြိမ်းချမ်းတဲ့ ခေတ်ရဲ့ ပြည်ထောင်စုဆီ
ကမ္ဘာအလယ်မှာ ထွန်းတောက်လို့ ပေါ်ပေါက်ရမည်
ဂုဏ်ယူစွာ သွေးချင်းတို့ စုပေါင်းအားစုံညီ
နိုင်ငံရေး ဒို့အရေး၊ နိုင်ငံရေး ဒို့အရေး
ဒို့အားလုံး အရေးဖြစ်သည်။
တိုးတက်တဲ့ ခေတ်ရဲ့နိုင်ငံသစ်ဆီ မျှော်ရည်မှန်းလို့
ဒို့သွားကြမည်
နေရာဒေသအနှံ့က လူအားလုံးမကျန်ပြီ

Cho; (ဒို့ရဲ့ရေမြေ ဒို့ချစ်သည် ဒို့ရဲ့နိုင်ငံ ဒို့ချစ်သည်
ဒို့ရဲ့ နိုင်ငံ ဒို့ချစ်သည် ဒို့ရဲ့ ရေမြေ ဒို့ချစ်သည်)x2
တူညီညာသော နိုင်ငံသား အခွင့်အရေး ပိုင်ဆိုင်ဖို့ ဒို့မဲထည့် ကြရမည်။
PPP PPP (ပြည်သူ့ရှေ့ဆောင်ပါတီ)............
PPP PPP (ပြည်သူ့ရှေ့ဆောင်ပါတီ).........

# (၃၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အကြို ဂုဏ်ပြုပွဲကျင်းပ

**ပဲခူး နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ နိုဝင်ဘာလ ၅ ရက် နံနက်ပိုင်းက (၃၇)နှစ်မြောက် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အကြိုဂုဏ်ပြုပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် မိမိ ဒေသ၊ မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေး ကိုရှေးရှု၍ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားရမှာဖြစ် ကြောင်း၊ ဝန်ထမ်းအချင်းချင်း တစ်ဦးနှင့် တစ်ဦး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဖြင့် မေတ္တာတရားလက်ကိုင်ထားပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို တာဝန် ကျေပွန်စွာထမ်းဆောင်နိုင်သော ဝန်ထမ်း ကောင်းများဖြစ်ကြစေလိုကြောင်း ပြော ကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက (၃၇)နှစ်မြောက်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အတွက် ငွေကျပ် ၂၅၄ သိန်းအား တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးကျော်စိုး ထံသို့ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီး ချုပ်က စီမံခန့်ခွဲရေးသင်တန်းများတွင် ထူးချွန်ဆုရရှိသည့် အမှုထမ်း၊ အရာထမ်း များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြု ဆုငွေများ ပေးအပ်ကြောင်း သိရသည်။




(၄၀၁)


## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၁၁-၂၀၂၅(သောကြာနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၉:၀၀ ကျန်းမာသုတ
၃။ ၁၀:၀၀ ကျန်းမာခြင်းအတွက်တွေးခေါ်ခြင်း
၄။ ၁၃:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၅။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၆။ ၁၈:၃၀ **ရုပ်မြင်သံကြားဇာတ်လမ်း**
**ပုလဲသီပါစေ**
**သရုပ်ဆောင်-နေလင်းရှိန်၊**
**မိုးပြည့်သက်ချယ်**
**ဒါရိုက်တာ-အောင်ဘုန်းခိုင်**
၇။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ဟောပြောချက် အစီအစဉ်**
၈။ ညနေ ၈ နာရီ သတင်း အပြီး တရားတော်
၉။ သင့်အတွက်မနက်ဖြန်

## MWD Variety Channel

၇-၁၁-၂၀၂၅(သောကြာနေ့)

၁။ ၀၉:၄၅ ကလောင်ရှင်များနှင့် တွေ့ဆုံခြင်း
၂။ ၁၀:၄၀ Countries of the World
၃။ ၁၁:၃၅ သောတဆင်စရာ တေးမြန်မာ
၄။ ၁၄:၅၀ ကျန်းမာသောဘဝ
၅။ ၁၅:၄၅ ဗုဒ္ဓဘာသာအကြောင်းသိကောင်းစရာ


# နွေစပါးနှင့် ဆောင်းသီးနှံ ၉၀၅၉ ဧက စိုက်ပျိုးရန်လျာထား

**ချောင်းဆုံ နိုဝင်ဘာ ၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် ဒေသတွင်း စားသုံးဆီဖူလုံရန်နှင့် မိသားစုဝင်ငွေတိုးပွား စေရန်အတွက် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ တွင် နွေစပါးနှင့် ဆောင်းသီးနှံ စုစုပေါင်း ၉၀၅၉ ဧက စိုက်ပျိုးနိုင်ရန်လျာထားကြောင်း သိရသည်။

ချောင်းဆုံမြို့နယ်အတွင်း၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၁၂၄ ဧက၊ မြေပဲ ၁၁၉ ဧက၊ နှမ်း ၂၅ ဧက၊ နေကြာဧက ၃၅၂၀၊ မတ်ပဲဧက ၃၇၂၀၊ ပဲတီစိမ်းဧက ၁၄၅၀၊ ဗိုလ်ကိတ် ၇၅ ဧက၊ ပဲလွမ်း ၂၁ ဧက၊ ပဲပုပ် ငါးဧက စုစုပေါင်း ၉၀၅၉ ဧက စိုက်ပျိုးနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများအား တာဝန်များဖြန့်ဝေ ပေးအပ်ထားသည်။

တောင်သူများ အချိန်မီစိုက်ပျိုးနိုင်ရေးနှင့် သီးနှံ အထွက်တိုးအောင်မြင်ဖြစ်ထွန်းရေးအတွက် တာဝန်ရှိ သူများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခြင်း၊ လိုအပ်သည့်မျိုးစေ့၊ စိုက်ပျိုးရေးနည်းပညာနှင့်ပံ့ပိုး ပစ္စည်းများကို တာဝန်ရှိသူများက ကူညီပံ့ပိုးပေးသွား မည်ဖြစ်ကြောင်း သိရသည်။ (၄၀၆)

# ကန်ကြီးထောင့်မြို့နယ်ရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် Unique ID နံပါတ်ထုတ်ပေးနေမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၆**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်ကြိုင်သည် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြို့နယ်ခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကန်ကြီးထောင့်မြို့နယ် ဦးစီးမှူးရုံးမှဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားပျက်စီး၊ ပျောက်ဆုံးသွားသည့်ဒေသခံပြည်သူများနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရေး လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား လုပ်ငန်းဆိုင်ရာအခက်အခဲများကို မေးမြန်းဆွေးနွေးပြီး ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်၍ One Stop Service ဖြင့် လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်နေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ်တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကန်ကြီးထောင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့မှဝန်ထမ်းများ စုပေါင်း၍ မဲဆန္ဒရှင်စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်သည်။



ယင်းနောက် ကန်ကြီးထောင့်မြို့နယ် ဦးစီးမှူးရုံး ရုံးခန်းများ၊ မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများစနစ်တကျထိန်းသိမ်းထားရှိမှုတို့ကိုကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ကျရာကဏ္ဍမှကြိုးပမ်းဆောင်ရွက်ကြရန်မှာကြား၍ ထောက်ပံ့ငွေနှင့်စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကြောင်းသိရသည်။ **မြဝတီ**

# ကျောက်မဲမြို့နယ်နှင့်နောင်ချိုမြို့နယ်တို့ရှိ အခြေခံပညာဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောက်မဲမြို့နယ်ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်တွေ့ဆုံသည်။




တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အဓိကအလေးထား အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍကို မြှင့်တင်ရန် KG မှ Grade -12 အထိ အခမဲ့ပညာရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ မူလတန်း၊ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့်ပြီးမြောက်ပြီး တက္ကသိုလ်အဆင့်ပြီးမြောက်သည်အထိ တက်ရောက်ရေးသည် နိုင်ငံတော်၏မူဝါဒပင်ဖြစ်ကြောင်း။

Grade-12 အောင်ချက်ရာခိုင်နှုန်းမြင့်မားရေးသည် ပညာရေးဝန်ကြီးဌာနတစ်ခုတည်းဆောင်ရွက်၍မရဘဲ ဆရာ၊ ဆရာမများ၊ မိဘများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ Grade -9 အောင်မြင်ပြီးသည့်အခါတွင် Grade -12 သို့ ဆက်လက်မတက်ရောက်လိုပါက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများသို့ ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ယင်းမှအဆင့်မြင့်စိုက်ပျိုး၊ မွေးမြူရေးဘာသာရပ်များ ဆက်လက်ဆည်းပူးသင်ကြားနိုင်မည်ဖြစ်ကြောင်း။

သင်ကြားရေးနှင့်ပတ်သက်၍ ဆရာ၊ ဆရာမများသည် အဓိကအရေးကြီးကြောင်း၊ နွေရာသီရောက်ရှိပါက သက်ဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူများက ပို့ချမည့်သင်တန်းများသို့တက်ရောက်ရမည်ဖြစ်ကြောင်း၊ ယင်းသင်တန်းများသို့ တက်ရောက်နိုင်ခြင်းမရှိသူများအနေဖြင့် မြန်မာ့ပညာရေးရုပ်သံတွင် သင်ကြားပို့ချလျက်ရှိသည့် သင်ခန်းစာများမှတစ်ဆင့် လေ့လာသင်ယူနိုင်ကြောင်း၊ ပညာရေးကဏ္ဍတိုးတက်လာစေရေး ဆရာ၊ ဆရာမများ၊ မိဘများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ထပ်မံဖွင့်လှစ်ရန်ကျန်ရှိသည့်ကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဆရာ၊ ဆရာမများ၊ မိဘများက ကျောင်းအပ်လက်ခံနိုင်ရေး သိရှိလိုသည်များနှင့်လိုအပ်လျက်ရှိသည်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ချီးမြှင့်ငွေများ၊ ကျောင်းဝတ်စုံများ၊ ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများ၊ ကျောပိုးအိတ်များကို ပေးအပ်ရာ ကျောက်မဲမြို့နယ်နှင့်သီပေါမြို့နယ် မြို့နယ်ပညာရေးမှူးရုံးများမှတာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြပြီး တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မူလတန်းကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား၊ သင်ယူနေမှုများကိုကြည့်ရှုအားပေးကာ ကျောပိုးအိတ်များပေးအပ်ပြီး စာကြည့်တိုက်အတွင်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နောင်ချိုမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ နောင်ချိုမြို့နယ်ရှိ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံကာ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများအတွင်းကြည့်ရှုပြီး မူလတန်း ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံများ၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများ၊ ကျောပိုးအိတ်များ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နောင်ချိုမြို့နယ်အခြေခံပညာအထက်တန်းကျောင်းခွဲ (အုမ္မသီး)သို့ ရောက်ရှိပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# အခြေခံပညာအထက်တန်းကျောင်း (သဲကုန်း)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**သဲကုန်း နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို နိုဝင်ဘာလ ၆ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(သဲကုန်း)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက ကျောင်းသား၊ ကျောင်းသူများ လူငယ်စကားဝိုင်းမှ အသိဉာဏ်ပညာဗဟုသုတများပိုမိုရရှိစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်းလူငယ်လူရွယ်များဖြစ်စေရန်၊ စကားပြောအတတ်ပညာကျွမ်းကျင်တတ်မြောက်ပြီး လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်စေရန်၊ ဉာဏ်ပညာထက်မြက်စေရန်၊ လူမှုပေါင်းသင်းဆက်ဆံရေးကောင်းမွန်စေရန်၊ လူအများရှေ့တွင် ပြောရဲဆိုရဲသည့်အလေ့အကျင့်များဖြစ်ပေါ်လာစေရန်နှင့် အတွေးအခေါ်မှန်ကန်စေရေး စသည့်အလေ့အကျင့်ကောင်းများရရှိစေရန် လူငယ်စကားဝိုင်းကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း(သဲကုန်း)မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အခြေခံပညာအထက်တန်းကျောင်း (သဲကုန်း) Grade - 8 မှ မောင်သက်မိုးယံက လူငယ်နှင့်ပညာ၊ မထွဋ်ဦးမေက လူငယ်နှင့်စာပေ၊ မယုယရဲရင့်က လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးပြီး တက်ရောက်လာကြသောကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ/ရသစာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

**ကိုကျော်(ပြန်/ဆက်)**

# ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာ ကောင်စီအစည်းအဝေးနှင့်ဝန်ကြီးများအဆင့်ညီလာခံ ၂၀၂၅ သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်ဆွေးနွေး

ဟိုင်နန် နိုဝင်ဘာ ၆

ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာကောင်စီအစည်းအဝေးနှင့် ဝန်ကြီးများအဆင့်ညီလာခံ ၂၀၂၅ ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်မြို့၌ နိုဝင်ဘာလ ၅ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပါဝင်တက်ရောက်လျက်ရှိသည်။





ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများ၏ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့်အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာကောင်စီဥက္ကဋ္ဌဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ Wang Xiangxi နှင့် သီးခြားတွေ့ဆုံရာ နှစ်နိုင်ငံအကြား အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်ရေး၊ ကြိုတင်သတိပေးစနစ်နှင့် သတင်းအချက်အလက်မျှဝေရေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင်ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆွေမျိုးပေါက်ဖော် ရင်းနှီးချစ်ကြည်မှုကို အခြေခံသည့် မန္တလေးငလျင်ကြီးတုံ့ပြန်ဆောင်ရွက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီပံ့ပိုးပေးခဲ့မှုများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရနှင့်ပြည်သူများကို ကျေးဇူးအထူးတင်ရှိကြောင်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင်ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သတင်းမီဒီယာများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ရှင်းလင်းဖြေကြား ဆွေးနွေးသည်။

ယမန်နေ့ညနေပိုင်းက အိမ်ရှင်တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနက တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

ယနေ့နံနက်ပိုင်းတွင်ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများ၏ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာကောင်စီအစည်းအဝေးကိုကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနဝန်ကြီး H.E. Wang Xiangxi က အဖွင့်အမှာစကားပြောကြားပြီး ကောင်စီဖွဲ့စည်းခဲ့မှုနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အထိမ်းအမှတ် ဗီဒီယိုကိုပြသသည်။

ထို့နောက် ကိုမိုရို၊ ဂမ်ဘီယာ၊ ဂျော့ဂျီရာ၊ ဟွန်ဒူးရပ်၊ မာလဝီ၊ တွန်ဂါနှင့် ဇင်ဘာဘွေနိုင်ငံတို့နှင့် ကုလသမဂ္ဂ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးရုံး (UNDRR)နှင့် အာရှဒေသ သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးစင်တာ (ADPC) တို့အား အဖွဲ့ဝင်အဖြစ် အတည်ပြုခြင်းကို ဆောင်ရွက်သည်။

ယင်းနောက် ကောင်စီအဖွဲ့ဝင်များက နိုင်ငံအလိုက် အမှာစကားများပြောကြားရာ ပြည်ထောင်စုဝန်ကြီးက ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာကောင်စီသည် ဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး၊ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေးနှင့် အရေးပေါ်ကယ်ဆယ်ရေးကိစ္စရပ်များကို အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း၊ အတွေ့အကြုံကောင်းများမျှဝေခြင်းတို့အတွက် ကောင်းမွန်သည့် ပလက်ဖောင်းတစ်ခုဖြစ်ကြောင်း၊ ကောင်စီ၏ "ပြည်သူသည်သာပထမ၊ ပြည်သူ့ဘဝရှင်သန်ရေးသည်အဓိကဦးစားပေး" ဆိုသည့် ရည်မှန်းချက်သည် မိမိဝန်ကြီးဌာန၏ဦးတည်ရည်မှန်းချက်ဖြစ်သော ပြည်သူများဘေးကင်းလုံခြုံပြီး ဘေးဒဏ်မှကြံ့ကြံ့ခံရင်ဆိုင်နိုင်သည့်လူမှုအသိုက်အဝန်းဖြစ်စေရေးနှင့်ကိုက်ညီမှုရှိကြောင်း၊ ၂၀၂၅ ခုနှစ် BRIDRREM ၏ ဆောင်ပုဒ် ဖြစ်သော "A Community with a Shared Future: Building a Rapid and Efficient Emergency Rescue Mechanism" အား ကြိုဆိုထောက်ခံကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆောင်ပုဒ်နှင့်အညီ လက်တွေ့ကျသောလုပ်ငန်းများကို အဖွဲ့ဝင်နိုင်ငံများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုင်နန်မြို့ ရေပြင်ကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုနှင့် မီးဘေးကယ်ဆယ်ရေးဆိုင်ရာပစ္စည်းများ ခင်းကျင်းပြသမှုကို ကြည့်ရှုလေ့လာသည်။

ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာကောင်စီအစည်းအဝေးသို့ ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ဒီပလိုမာစာရင်းကိုင် (ပထမပိုင်း) သင်တန်းအမှတ်စဉ် (၄၅) သင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၆

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ် (၄၅)သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ဌာနအဖွဲ့အစည်းများ၏လုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တိကျမှန်ကန်သည့် စာရင်းဆိုင်ရာအချက်အလက်များပြုစုရေးသွင်းသူ၊ စာရင်းကျွမ်းကျင်သူများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံစာရင်းကောင်စီအနေဖြင့် နိုင်ငံတော်အတွက်လိုအပ်သော စာရင်းကျွမ်းကျင်သူလူ့စွမ်းအားအရင်းအမြစ်များကို လုံလောက်စွာမွေးထုတ်ပေးနိုင်ရန်အတွက် ယခုကဲ့သို့သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း ရန်ကုန်သင်တန်းကျောင်းတာဝန်ခံက သင်တန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို နေပြည်တော်သင်တန်းကျောင်းတွင် သင်တန်းသား ၇၈ ဦးနှင့် ရန်ကုန်သင်တန်းကျောင်းတွင် သင်တန်းသား ၇၆ ဦး စုစုပေါင်းသင်တန်းသား ၁၅၄ ဦးတို့ကို ဘာသာရပ်ခြောက်ခုဖြင့် ၁၀ လကြာ တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ မြန်မာနိုင်ငံစာရင်းကောင်စီဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းအမှုဆောင်များနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

○ **ရှေ့ဖုံးမှအဆက်**

နိုဝင်ဘာလ ၅ ရက် နေ့လယ်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက သီပေါမြို့နယ်၊ မန်လီကျေးရွာရှိ နယ်မြေခံတပ်၌ ကြိုဆိုဂုဏ်ပြုကြသည်။

အကြမ်းဖက်သမားများအား နှိမ်နင်း၍ မြို့ရွာဒေသများကို တည်ငြိမ်အေးချမ်းစေရန်၊ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပြန်လည်လည်ပတ်စေရန်နှင့် ပြည်သူလူထု၏လူမှုစီးပွားဘဝတိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ပေးခဲ့သည့် အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများနှင့် ဂုဏ်ပြုပန်းများဖြင့်ကြိုဆိုဂုဏ်ပြုကြပြီး ဘင်ခရာအဖွဲ့များ၊ ရှမ်းရိုးရာအကအဖွဲ့များနှင့် အိုးစည် ဒိုးပတ်အဖွဲ့များကလည်း အတီး၊ အမှုတ်၊ အက၊ အလှများဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့်အဖွဲ့ဝင်များ၊အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများနှင့် ဂုဏ်ပြုပန်းများဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။



# (၄၉)ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများအသင်း နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး တက်ရောက်





ရန်ကုန် နိုဝင်ဘာ ၆

(၄၉)ကြိမ်မြောက် အာဆီယံဆိပ်ကမ်းများအသင်း (ASEAN Ports Association) နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အိမ်ရှင်အဖြစ် ရန်ကုန်မြို့ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ရေကြောင်းဘက်ဆိုင်ရာဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အာဆီယံဆိပ်ကမ်းများအသင်း၏ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှဝန်ထမ်းများ၊ ပုဂ္ဂလိကဆိပ်ကမ်းတံတားများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံဆိပ်ကမ်းများအသင်း၏ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ကိုယ်စားလှယ်ခေါင်းဆောင်များကို သီးသန့်လက်ခံတွေ့ဆုံသည်။

အစည်းအဝေးဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အစည်းအဝေးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ရကြောင်း၊ ဧည့်သည်တော်ကြီးများအားလုံးကို လှိုက်လှဲနွေးထွေးစွာကြိုဆိုကြောင်း၊ အသင်းဝင်နိုင်ငံအများစုက လူကိုယ်တိုင်တက်ရောက်ပေးကြသည့်အတွက်လည်း ကျေးဇူးအထူးတင်ရှိကြောင်း၊ ယခုအစည်းအဝေးကို အာဆီယံ၏ဆောင်ပုဒ်ဖြစ်သော "One Vision, One Identity, One Community" အရ အာဆီယံဆိပ်ကမ်းလုပ်ငန်းအသိုက်အဝန်းအတွင်း ဘုံအကျိုးစီးပွားဖြစ်ထွန်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ အတူတကွလျှောက်လှမ်းနိုင်ရေး ရည်မှန်းချက်များဖြင့် အာဆီယံဆိပ်ကမ်းများအသင်း၏ "Navigating Together, Sustainable Forever" ဆောင်ပုဒ်နှင့်အညီ ကျင်းပခြင်းဖြစ်ကြောင်း၊ ဆိပ်ကမ်းများသည် အာဆီယံဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားများ ဖြစ်ကြကြောင်း၊ ယခုအစည်းအဝေးတွင် ပင်လယ်ရေကြောင်းဖြင့် ကုန်သွယ်မှုကွန်ရက်ပိုမိုအားကောင်းလာစေရေး၊ ဆိပ်ကမ်းများ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် လက်တွေ့ကျသော မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအခွင့်အလမ်းများကို ဆွေးနွေးနိုင်ကြမည်ဟု ယုံကြည်ကြောင်း၊ မိမိတို့ဒေသတွင်းဆိပ်ကမ်းများအကြား ချိတ်ဆက်မှု(Connectivity)နှင့် စွမ်းဆောင်ရည် (Performance) ပိုမိုကောင်းမွန်စေရေးအတွက် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်း (Digital Transformation)၊ ဆန်းသစ်တီထွင်ခြင်း(Innovation)၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်း (Decarbonization)နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း(Human Resource Development)တို့ကို အသင်းဝင်နိုင်ငံအသီးသီးက ဆောင်ရွက်လျက်ရှိကြကြောင်း၊ ယခုအစည်းအဝေးတွင် နိုင်ငံအလိုက်အတွေ့အကြုံကောင်းများကို မျှဝေခြင်းဖြင့် အပြန်အလှန် အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ဧည့်သည်တော်ကြီးများအနေဖြင့် ရန်ကုန်မြို့တွင် ရောက်ရှိနေထိုင်ကြစဉ်ကာလအတွင်း မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာလူမျိုးများ၏ နွေးထွေးပျူငှာမှုတို့ကိုခံစားရင်း ပျော်ရွှင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းကြောင်း နှုတ်ခွန်းဆက်ပြောကြားသည်။

ယင်းနောက် အာဆီယံဆိပ်ကမ်းများအသင်း၏ ဥက္ကဋ္ဌ ဘရူနိုင်းနိုင်ငံမှ Capt. Basza Alexzandar Basri က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းလွင်က အနှစ်ချုပ်အမှာစကားပြောကြားသည်။

အာဆီယံဆိပ်ကမ်းများအသင်းကို ၁၉၇၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်၍ နှစ်(၅၀)ရွှေရတုကိုကျော်လွန်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် အသင်းဝင်နိုင်ငံဖြစ်လာခဲ့ကြောင်း၊ ယခုအခါ အသင်းကြီးတွင် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်အဖွဲ့ဝင် ကိုးနိုင်ငံပါဝင်ပြီး ဒေသတွင်း ဆိပ်ကမ်းလုပ်ငန်းအသိုက်အဝန်းတစ်ခုအဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိကြောင်း သိရသည်။

**မြဝတီ**

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲကျင်းပ



ဘားအံ နိုဝင်ဘာ ၆

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းက ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည်။

ဦးစွာ ဒုံးအကပြိုင်ပွဲကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ရိုးရာဒုံးအကသမိုင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုံရင်းတိုက်နယ်ကိုယ်စားပြုလှိုင်ကမ္ဘာကျေးရွာ ဒုံးအဖွဲ့က မြူးကြွသွက်လက်မြိုင်ဆိုင်စွာ ကပြဖျော်ဖြေမှုကိုကြည့်ရှုအားပေးကြကာ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ ပထမညယှဉ်ပြိုင်မှုအဖြစ် ဒုံးအဖွဲ့ ၁၀ ဖွဲ့၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲတွင် ဒုံးအဖွဲ့ ၂၀ က တစ်ဖွဲ့လျှင် တစ်ရက်ခြား နှစ်ကျော့ယှဉ်ပြိုင်မည်ဖြစ်ပြီး အကောင်းဆုံး ၁၀ ဖွဲ့ ရွေးချယ်၍ ထပ်မံယှဉ်ပြိုင်စေကာ တေးသီချင်းဆု၊ ဆုတောင်းတေး (ရာခညာ)ဆု၊ ဒုံးအကဆုနှင့် ဘက်စုံထူးချွန်ဆုများကို ချီးမြှင့်သွားမည်ဖြစ်သည်။

အလားတူ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကရင်ပြည်နယ်နေ့မုခ်ဦး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုပြခန်းများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံပြခန်းများ၊ ဒေသတွင်း MSME ထုတ်ကုန်ပြခန်းများ၊ အရောင်းပြခန်းများ ပြင်ဆင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး (UNOCHA) ၏ အကြီးအကဲ Mr. Justin Brady အား ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံး(UNOCHA)၏ အကြီးအကဲ Mr. Justin Brady ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝဘေးစီမံခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနနှင့် UNOCHA တို့အကြား ကာလကြာရှည်စွာ လုပ်ငန်းပူးပေါင်းဆောင်ရွက်ခဲ့မှုများ၊ မန္တလေးငလျင်ကြောင့် ထိခိုက်မှုများအတွက် နိုင်ငံတော်မှ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ လူသားချင်းစာနာမှုအကူအညီပေးရေးနှင့်စပ်လျဉ်း၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများအား ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် UNOPS အကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ် Ms. Sara Austin Netzer တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ



# ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဘန်ကောက်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Mr. Sanjay Mathur အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်းအခွန်များ ဦးစီးဌာန ရုံးအမှတ်(၄၆)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂက မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးအတွက် စီမံကိန်းများ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် နည်းပညာဆိုင်ရာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# ရေရှည်တည်တံ့သည့်သာယာဝပြောမှုအတွက် အစဉ်ခိုင်မြဲနေမည့် မြန်မာ-အိန္ဒိယ မိတ်ဖက်ဆက်ဆံရေးခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၆

မြန်မာနိုင်ငံ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့(MISIS)နှင့် အိန္ဒိယဖောင်ဒေးရှင်း (India Foundation)တို့ ပူးပေါင်း၍ တတိယအကြိမ်မြောက် မြန်မာ-အိန္ဒိယဆွေးနွေးပွဲကို "ရေရှည်တည်တံ့သည့်သာယာဝပြောမှုအတွက် အစဉ်ခိုင်မြဲနေမည့် မြန်မာ-အိန္ဒိယ မိတ်ဖက်ဆက်ဆံရေး" ခေါင်းစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ မဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် အိန္ဒိယဖောင်ဒေးရှင်းတို့မှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သံတမန်များ၊ ပညာရှင်များနှင့် မူဝါဒရေးရာကျွမ်းကျင်သူများ တက်ရောက်ကြပြီး နှစ်နိုင်ငံအကျိုးစီးပွားဆိုင်ရာ အဓိကနယ်ပယ်များကို ဆွေးနွေးကြကာ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ကာလရှည်ကြာတည်တံ့ခိုင်မြဲနေသည့် ချစ်ကြည်ရင်းနှီးမှုပိုမိုနက်ရှိုင်းစေမည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုကြသည်။

ဆွေးနွေးပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယဖောင်ဒေးရှင်း၏အုပ်ချုပ်မှုကောင်စီအဖွဲ့ဝင် သံအမတ်ကြီး Mrs. Preeti Saran နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် MISIS နှင့် အိန္ဒိယဖောင်ဒေးရှင်းတို့အကြား အသိပညာများ စဉ်ဆက်မပြတ်ဖလှယ်နိုင်ရေးနှင့် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးတို့အတွက် မြန်မာ-အိန္ဒိယဆွေးနွေးပွဲကို နှစ်စဉ်ကျင်းပနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုစာလွှာ(Letter of Cooperation)ကို လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် ဆွေးနွေးပွဲကိုကျင်းပရာ မြန်မာ-အိန္ဒိယဆက်ဆံရေး၏ အဓိကမဏ္ဍိုင်များကို ထင်ဟပ်စေမည့် ခေါင်းစဉ်ခွဲလေးခုဖြင့် ဆွေးနွေးကြပြီး ပါဝင်ဆွေးနွေးသူများက India's Act East Policy အောက်တွင် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသတွင်း



ပေါင်းစည်းမှုများကို ချဲ့ထွင်ဆောင်ရွက်မှုမှတစ်ဆင့် စီးပွားရေးနှင့် အခြေခံအဆောက်အဦချိတ်ဆက်မှုမြှင့်တင်ရေးနည်းလမ်းများကို ဆွေးနွေးကြသည်။

ထို့ပြင် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများတိုက်ဖျက်ရေး၊ ရေကြောင်းလုံခြုံရေးနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းအပါအဝင် လုံခြုံရေးနှင့်မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေးတို့ကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ထို့အတူ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ရာသီဥတုပြောင်းလဲမှုဒဏ် ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိုက်ပျိုးရေးနှင့် မြန်မာနိုင်ငံအထူးသဖြင့် ရခိုင်ပြည်နယ်၌ အိန္ဒိယနိုင်ငံမှ ပေးအပ်နေသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီအစဉ်များကို အလေးထားဆွေးနွေးကြသည်။

ဆွေးနွေးပွဲ၏ နောက်ဆုံးပိုင်းအဖြစ် ယဉ်ကျေးမှုဖလှယ်ခြင်း၊ ဘုရားဖူးခရီးသွားလုပ်ငန်း၊ ပညာရေးနှင့် မီဒီယာပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ပြည်သူအချင်းချင်း ဆက်ဆံရေးနက်ရှိုင်းစေရန်အတွက် Soft Power နှင့် ပြည်သူ့ဗဟိုပြုဆက်ဆံမှုဆိုင်ရာကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ကျော်နှင့် အိန္ဒိယဖောင်ဒေးရှင်း၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌ Capt. Alok Bansal တို့က လာမည့်နှစ်များတွင်လည်း ဆွေးနွေးပွဲများနှင့် ပူးတွဲအစီအစဉ်များ ဆက်လက်ပြုလုပ်၍ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ နိဂုံးချုပ်အမှာစကားပြောကြားကြပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

ယမန်နေ့ညနေပိုင်းက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur က India House ၌ ကြိုဆိုညစာစားပွဲဖြင့် ဧည့်ခံခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် MISIS နှင့် အိန္ဒိယဖောင်ဒေးရှင်းတို့မှ ကိုယ်စားလှယ်များနှင့်အတူ ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၂˚c |
| ရန်ကုန် | ၂၄˚c | / | ၃၁˚c |
| မန္တလေး | ၂၄˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ၆-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# A message sent by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Thadoe Maha Thray Sithu, Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 70th Anniversary of Kayin State Day (7 November 2025)

**Esteemed national brethren in the Kayin State,**

I extend my heartfelt greetings with best wishes for physical and mental well-being with prosperity of all national brethren in the Kayin State and all Union-born ethnic people across the country be on the significant occasion of the 70th Anniversary of Kayin State Day today.

The Republic of the Union of Myanmar has been a sovereign country which has been preserving own culture, literature and languages for thousands of years. Historical evidences firmly showcase that all national brethren have been residing in various areas of the country in unison and co-existence.

Kayin ethnics have been living in the Kayin State together with other ethnic nationalities in harmony since yore. Our country lost its independence in 1885 and fell under the rule of colonialists. After losing the independence, all ethnic people residing in all parts of the Union drove out the colonialists and invadors through the spirit not to accept enslavement. After regaining independence, the country formed the divisions and states. In this regard, a plan was initiated to designate the areas where the majority of Kayin ethnic people live as the Kayin State.

After that, in 1952, under the Karen State Expansion and Designation Law No. 14, Kya-in-Seikkyi, Kawkareik, Hpa-an, Hlaingbwe, and Thandaunggyi townships, along with the Thanlwin District and its adjoining areas, were designated as the second stage of expansion, making a total of six townships. According to Section 62 of the Amendment to the Constitution 1951, Papun area of Thanlwin District was designated as the Kayin State. Afterwards, the establishment of the Kayin State was expansioned with six townships namely Kya-in-Seikkyi Township, Kawkareik Township, Hlaingbwe Township, Hpa-an Township and Thandaunggyi Township, along with the Thanlwin District and its adjoining areas, as the second stage expansion of the Kayin State in accord with the 1952 Kayin State Expansion and Designation Act No 14. On 1 March 1960, the township list of the Kayin State was added with the town of Myawady as a township, totalling seven townships. The day marking the birth and emergence of the Kayin State was designated as a pleasant period of the early winter season. Beginning on 7 November 1955, the Kayin State Day has been proudly and grandly celebrated every year, and today marks its 70th Anniversary.

Shan, Pa-O, Bamar, Mon and other ethnic nationalities co-exist peacefully and harmoniously Kayin people in the Kayin State. The Kayin State is located in the southeastern part of the country. It enjoys a moderate and pleasant climate and is endowed with abundant natural resources such as rivers, waterfalls, streams, lush green mountain ranges, and fertile forests. The natural beauty of Mount Zwegabin also stands as one of the prominent symbols of the Kayin State. In addition, the state possesses invaluable ancient heritages, including stupas and temples, beautiful natural caves, and cherished traditional customs and cultural practices—truly matters of pride. The lively and graceful Kayin Don Dance, performed to the beat of the traditional frog drums, is renowned not only within the country but also abroad, particularly in the region where Mount Zwegabin stands as a landmark.

After regaining independence, due to the legacy of the colonialists' policy of divide and rule, misunderstandings arose among the national brethren, leading to armed conflicts that disrupted peace and stability within the Kayin State which is a situation that has persisted until today. In order to achieve and sustain internal peace and the internal peace outcomes, which are the true essence of the State, efforts have been made with great emphasis in accordance with the Nationwide Ceasefire Agreement (NCA). As a result, ethnic armed organizations have signed the agreement and cooperated in implementing peace efforts together.

However, following the 2020 election irregularities, Tatmadaw assumed state responsibilities in accordance with the Constitution. Since then, some ethnic armed organizations, ignoring the truth, have intensified acts of violence including in the Kayin State. As a result, certain areas of the Kayin State that was once peaceful and stable, where local ethnic people had lived freely and securely, have now become unstable. The people are suffering from hardships and insecurity, which is deeply regrettable. Therefore, I would like to urge the relevant stakeholders to view the situation based on the truth and to prioritize efforts for the peace, stability, and prosperity of the state.

Despite challenges, the State will continue striving to ensure full peace, stability, and the rule of law, while further promoting national development. In addition, in line with the Roadmap of the National Defence and Security Council: to implement multi-party democratic system, with the participation of the people, to ensure the success of multi-party democratic general election process and successfully moving towards with the multi-party democratic system aspired by the entire people, efforts are being made to successfully hold the upcoming elections. The Union Election Commission issued Announcement 55/2025 on 18 August 2025 to hold the first phase of the multi-party democratic general election in 1-2 townships for relevant Hluttaw on 28 December 2025. Moreover, the announcement has been issued to hold the second phase of the general election in 100 townships on 11 January 2026 with a plan to release the dates of relevant election phases.

The Union Election Commission is preparing the electoral processes to hold the multiparty democratic general election successfully, in accordance with laws and rules, to ensure it is free, fair, transparent, and conducted it with integrity. These preparations aim to protect the rights of all eligible voters and to guarantee that no one's rights are infringed. For the election to be successful, peace and stability of relevant regions are essential. So, I would like to urge all voter people to actively participate and cooperate in the election process that the multiparty democratic system, which they aspire to, can be successfully realized.

**Esteemed national brethren in the Kayin State,**

In promoting national economic development, efforts are being made to advance related sectors such as education, healthcare, the rule of law, and transportation infrastructures. In carrying out production activities, it is essential to focus on the development and success of micro, small, and medium-sized enterprises (MSMEs), which form the foundation of the economy. If these enterprises can integrate technology and produce higher value-added products, they will bring greater benefits and contribute significantly to national economic growth.

See Page -19 ►►

►► From Page - 18

By fully supporting MSME activities based on existing agricultural and livestock production throughout the Kayin State, the socioeconomic livelihoods of ethnic communities will improve. Therefore, the governments of states and regions, including the Kayin State, are encouraged to give priority to and actively promote national economic development.

The government in its part is striving to ensure peace and stability of the State as well as develop the country while emphasizing the development of socioecomic life of citizens, good health of all people, and improvement of education standard to secure employments so as to enable all citizens to earn incomes and alleviate poverty. Only when individual ethnic people can enjoy fruits of socioeconomic life will the entire nation develop. As such, I would like to urge all regions and states as well as ministries to adopt visions to be implemented successfully in order to improve socioeconomic life of individuals.

As the State is combating instigations, incitement and dangers of violent destruction posed by terrorist groups which oppose efforts of the State and the government and do not wish to see peace and stability of the country, I would like to deeply urge all the ethnic people to participate in its efforts. The government believes that, together with the people, all ethnic groups can overcome any difficulties, challenges, or crises that may affect the nation and its citizens by working hand in hand, guided by a genuine Union spirit and the patriotism.

**Esteemed national brethren in the Kayin State,**

All national brethren residing in the Kayin State in harmony have to strive for emerhence of the Kayin State which restores better peace and more development. Moreover, I would like to deeply urge all national brethren to make concerted efforts to overcome varieties of difficulties and challenges they face in order to strengthen the genuine, disciplined multi-party democratic system that all the ethnic people aspire to and to build a Union based on democracy and a federal system.

I sent this message with best wishes for all ethnic people residing in the Kayin State to be able to enjoy the fruits of internal peace and stabilty as well as development undertakings from this 70th Anniversary occasion of the Kayin State to over the years. May they all shape the Kayin State be peaceful and developed in unity and harmony.

# Pawsan rice in high demand at the domestic market in Pathein

PATHEIN November 6

"Trading of Pawsan rice is booming at the domestic market with high demand in Pathein Township of Ayeyawady Region," said Daw Thuza Win, the owner of rice and paddy trading in Pathein Township.

In the Pathein rice and paddy trading market, demand for Pawsan rice varieties has risen since the first week of September this year, resulting in strong trade activity. The increase in demand is reportedly driven by purchases from the domestic market.

"Right now, in the local market, demand for Pawsan rice is stronger than for other rice varieties. Purchases started picking up in the first week of this month. The Yangon market is also buying Pawsan rice, which has boosted trading activity. Domestic demand is increasing because rice-related businesses have resumed operations. With trade improving, those who store rice and paddy are especially benefiting," said Daw Thuza Win.

In the Pathein rice and paddy market, Pawsan rice is currently fetching up to Ks-124,000 per bag (24 baskets). With demand rising, those storing rice and paddy, traders, transport operators, and laborers are reportedly enjoying better job opportunities and income.

**SMK**



# YeU Township to plant over 4,000 acres of winter sesame

YEU November 6

More than 4,000 acres of winter sesame will be planted in YeU Township, YeU District, Sagaing Region, during the upcoming winter crops planting season, according to the Department of Agriculture for YeU District.

In the 2025-2026 winter crops planting season, 4,523 acres of winter sesame will be planted in YeU Township, and planting will begin from October this year until December.

"We will work to achieve the target acres. Sesame cultivation has been increasing year by year. Sesame is mainly grown in the winter rather than the rainy season. As for oilseed crops, it is in a successful position," said U Zaw Myint Htun, head of Department of Agriculture for YeU District.

This year, the Township Agriculture Department will provide education to farmers growing sesame in YeU Township on how to expand sesame cultivation, how to cultivate it using planting methods, GAP methods, how to cultivate good varieties, and how to cultivate varieties with high yields.

**SK**

# Sown acreage of pigeon pea expanded in ChaungU Township

CHAUNGU November 6

Local farmers grew pigeon pea on the sown acreage in ChaungU Township of Sagaing Region, exceeding the target cultivation, according to the township Agriculture Department.

For the 2025-2026 monsoon cropping season, it has been planned to cultivate 20,300 acres of pigeon pea in ChaungU Township. Cultivation began in May this year, and as of today, a total of 20,315 acres have already been planted, exceeding the target cultivation.

"This year, for the monsoon cropping season, we planned to cultivate 20,300 acres of pigeon pea in ChaungU Township. Up to now, 20,315 acres have been cultivated, which has already exceeded the target acreage. Efforts are also being made to achieve good yields. Farmers are cultivating pigeon pea both as a sole crop and as an intercrop," said U Tint Swe, Head of the ChaungU Township Agriculture Department.

It is learned that this year the township agriculture department is providing field-level awareness to pigeon pea farmers on selecting quality pure seeds, practicing proper cultivation methods, preventing pest infestations, and ensuring good yields.

The Township Agriculture Department is also sharing techniques with farmers to reduce costs by using a mixture of urea and gypsum instead of relying solely on compound fertilizers. This method not only helps lower cultivation expenses but also improves plant growth and keeps crops free from pests and diseases.**SMK**

# US ‘may be working on plan to denuclearize’ with Russia and China – Trump

WASHINGTON November 6

US President Donald Trump said on Wednesday that he may be working on a plan to denuclearize in tandem with Russia and China.

Last week, Trump ordered the Department of War to begin preparations for nuclear testing, claiming the US is “the only country that doesn’t test.”

In response, Russian Defence Minister Andrey Belousov has suggested starting preparations for full-scale nuclear tests, while President Vladimir Putin has noted that Moscow has long said it would adhere to the Comprehensive Nuclear-Test-Ban Treaty, provided other members do not violate it.

Speaking at the American Business Forum in Miami, Trump stated: “We redid our nuclear – we’re the number one nuclear power, which I hate to admit, because it’s so horrible.”

“Russia’s second. China’s a distant third, but they’ll catch us within four or five years,” the US President added. “We’re maybe working on a plan to denuclearize, the three of us. We’ll see if that works.”

Trump has accused Russia and China of conducting “secret” nuclear tests, although both Moscow and Beijing have denied the allegations. IAEA Chief Rafael Grossi has also said the watchdog has no indication that either country has detonated a nuclear device.

Following Trump’s statement, Kremlin spokesman Dmitry Peskov indicated that Moscow is still awaiting further “clarifications from the American side” regarding the full implications of the US President’s remarks. **RT**

# Typhoon Kalmaegi makes landfall in central Vietnam, causing widespread damage



HANOI November 6

Typhoon Kalmaegi made landfall in central Vietnam on Thursday evening, bringing torrential rains and powerful winds that caused widespread damage, local media outlet VNExpress reported.

The typhoon uprooted trees, damaged roofs, and shattered glass windows of buildings in several localities. Power outages were reported across large areas of several provinces, affecting hundreds of thousands of households.

Meanwhile, search operations were underway for three fishermen missing off Ly Son Island in Quang Ngai Province after their vessel capsized in rough seas, according to the report.

Local authorities said rescue teams had received numerous emergency calls from residents reporting roof collapses and flooding, while strong winds had hindered immediate response efforts.

**Xinhua**

# Researchers in Australia use AI, eye scans to detect chronic diseases earlier

MELBOURNE November 6

Researchers in Australia are developing an artificial intelligence (AI) tool that analyzes retinal images to detect chronic diseases such as cardiovascular and kidney conditions earlier and more accurately.

The research project is looking to develop a foundational AI model capable of detecting a wide range of systemic diseases from retinal images, according to a statement released Thursday by Australia's Monash University, which led the study.

By using advanced AI to analyze retinal images linked with health data from hundreds of thousands, the team aims to generate accurate, non-invasive screening tools for earlier diagnosis, treatment, and prevention, it said, adding existing tools for detecting these conditions are often insufficiently personalized, invasive, or too costly to be widely used.

Instead of relying on onerous manual analysis of large image datasets, the project uses advanced AI on de-identified, linked, decades-long data to build a multimodal model that detects multiple systemic diseases more comprehensively than single-disease approaches, said Monash University Associate Professor Ge Zongyuan.

Optain Health President Zachary Tan, who co-led the study, said early identification through retinal imaging could enable timelier interventions and shift healthcare "towards prevention rather than treatment."

**Xinhua**

# US nuclear test resumption risks chain reaction, warns watchdog

WASHINGTON November 6

There is zero technical, military, or political reason for America to restart nuclear tests, the US Arms Control Association (ACA) cautioned.

America has conducted 1,030 nuclear test explosions since 1945, accounting for the majority of the 2,056 tests performed worldwide, the watchdog noted in a statement.

Resuming nuclear testing “could unleash a chain reaction of nuclear testing by US adversaries and blow apart the Nuclear Nonproliferation Treaty,” stressed Daryl Kimball, ACA Executive Director.

President Donald Trump said the US would begin testing its nuclear weapons “on an equal basis” with other countries' programs.

In reaction, Russia reaffirmed that its moratorium on nuclear weapons testing remains in effect.

**Sputnik**

# Israel strikes Hezbollah sites in S. Lebanon: army

JERUSALEM November 6

Israel's military said on Thursday it launched a wave of airstrikes in southern Lebanon, after calling residents of two villages to evacuate, despite an ongoing fragile ceasefire.

"The IDF (Israel Defence Forces) has begun a series of strikes on Hezbollah military targets in southern Lebanon," the military said in a statement.

The attack came after Avichay Adraee, a spokesman for the IDF, issued a warning to residents of the villages of Al-Tayyiba and TayrDebba to evacuate ahead of the attack. He later issued a similar warning to a third village, Aita al-Jabal.

He published a map of buildings marked in red, saying residents should stay at least 500 meters away from the sites.



The attack was the latest escalation in the Israeli strikes in Lebanon, where the country has been increasing its strikes over the past weeks despite a ceasefire that took effect about a year ago. **Xinhua**

# 5 killed, 5 injured in car collision in Russia’s Tuva

MOSCOW November 6

Five people were killed and five others injured in a car collision in Russia's Tuva Republic, local authorities said Thursday.

According to the regional Internal Affairs Ministry, the crash occurred at around 1:10 p.m. local time (0510 GMT) at the 840 km mark on the R-257 Yenisei highway.

Two of the injured were taken to the intensive care unit of the hospital, while the three others received medical assistance, the ministry said.

Preliminary investigations showed that the driver of a multi-purpose vehicle crossed into oncoming traffic and collided with another car. A further investigation is underway.

**Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Seven Benefits of Solar EV Charging




Solar EV charging is when you use sunlight to charge electric vehicles. You install solar panels, which collect sunlight and turn it into electricity to power your car. It’s a way to save money on energy and help the environment by using clean, renewable energy from the sun to fuel your vehicle.

In this blog we will understand about the 7 Benefits that we get from Solar EV Charging and the different ways of powering your electric vehicles using solar energy.

**Ways to Charge EV Using Solar Power**

Solar energy offers numerous benefits when paired with electric vehicles. It saves money, supports the electric grid, and can even provide backup power to homes in the future.

Here are five ways your EV can be powered by solar energy:

**1. Rooftop Solar:** Solar systems installed on rooftops can power both homes and EVs. These systems can be optimized to charge your car when you’re generating more electricity than you’re using, maximizing your solar savings.

**2. Solar-Powered Public Charging Stations:** Some public EV charging stations have solar panels installed onsite. While it may be challenging to identify these stations through apps, exploring different charging stations can help you discover solar-powered options.

**3. Community Solar:** Subscribers to community solar projects can use their portion of a shared solar array to charge their EVs at home.

**4. Vehicle-Attached/Added Photovoltaics:** Solar panels can be added to the structure of existing vehicles to provide additional power to electrical systems.

**5. Vehicle-Integrated Photovoltaics:** Solar modules can be seamlessly integrated into the design of vehicles, both mechanically and electrically, to directly power onboard systems.

**Benefits of Solar EV Charging**

**1. Cost Savings:** Installing solar panels for EV charging can save money by reducing reliance on grid electricity, particularly in areas where solar power is cheaper than traditional electricity. This cost-saving benefit extends over time, as homeowners can potentially offset their initial investment in solar panels through reduced energy bills. Additionally, federal tax credits and other incentives further enhance the financial attractiveness of solar EV charging.

**2. Packaging Services:** Pairing solar and EV charging simplifies installations, and benefits both customers and installers by reducing the need for multiple visits and increasing efficiency. Customers appreciate the convenience of integrating both systems into a single installation process, while installers can optimize their resources and streamline operations, ultimately improving customer satisfaction and loyalty.

**3. Incentives:** With various incentives available for solar and EV ownership, customers are increasingly interested in adopting both technologies, driving future growth. These incentives may include federal tax credits, state rebates, utility incentives, and other financial incentives that make solar EV charging more accessible and appealing to consumers. By leveraging these incentives, customers can maximize their return on investment and accelerate the adoption of sustainable energy solutions.

**4. Peak Season Benefits:** Solar EV charging can help offset high electricity costs during peak seasons, particularly in warmer climates, by utilizing stored solar energy instead of relying solely on the grid. This not only reduces electricity expenses for homeowners but also contributes to grid stability by reducing demand during periods of high energy consumption. By strategically managing energy usage, homeowners can optimize their solar EV charging systems to maximize cost savings and minimize environmental impact.

**5. Sustainability:** By using solar power, EV charging reduces reliance on non-renewable energy sources like coal and natural gas, aligning with sustainability goals in the EV industry. Solar EV charging systems generate clean, renewable energy from the sun, thereby reducing greenhouse gas emissions and mitigating environmental pollution associated with traditional energy sources. This environmental benefit resonates with environmentally conscious consumers who prioritize sustainability and climate action in their purchasing decisions.

**6. Grid Independence:** Solar EV chargers can operate independently of the grid, providing remote charging capabilities and enhancing resilience during power outages or emergencies. This grid independence allows homeowners to maintain access to electricity for charging their EVs even when grid power is unavailable, ensuring continuous mobility and energy security. Additionally, standalone solar EV chargers contribute to decentralizing energy production and promoting energy autonomy at the local level.

**7. Environmental Impact:** Solar EV charging reduces carbon emissions and improves environ-mental health by utilizing clean energy directly from the sun to power electric vehicles. By displacing fossil fuel-based electricity with solar energy, solar EV charging systems help reduce air pollution, mitigate climate change, and protect natural resources. This environmental impact underscores the importance of transitioning to sustainable energy solutions and promoting eco-friendly transportation alternatives.

**Conclusion**

Solar EV charging presents a compelling array of benefits, including cost savings, sustainability, grid independence, and environmental impact reduction. These advantages make solar-powered electric vehicle charging an attractive option for homeowners and businesses alike, promoting a cleaner and more sustainable energy future.

1C

# ဦးခေါင်းခွဲစိတ်ဖို့မလိုဘဲ ဦးနှောက်ရောဂါကို ကုသပေးမယ့် Circulatronics



မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ သုတေသီများက ဦးခေါင်းကိုခွဲစိတ်စရာမလိုဘဲ ဦးနှောက်ရောဂါများကို ကုသနိုင်မယ့် ကြိုးမဲ့ဇီဝအီလက်ထရွန်နစ်ကိရိယာတစ်မျိုးကို တီထွင်ထုတ်လုပ်ခဲ့ပါတယ်။

Circulatronics လို့ခေါ်တဲ့ ဒီချစ်ပြားများကို လက်မောင်းအတွင်း သွေးကြောထဲ ထိုးသွင်းလိုက်ပါက သူတို့ကသွေးလည်ပတ်မှုစနစ်ကိုဖြတ်သန်းကာ ဦးနှောက်အတွင်းရှိ သတ်မှတ်ထားသောနေရာများသို့ ရောက်ရှိသွားမှာဖြစ်ပါတယ်။

ဒီကိရိယာများက အယ်ဇိုင်းမားရောဂါ၊ ဦးနှောက်အမြွှေးရောင်ရောဂါ သို့မဟုတ် ဦးနှောက်ကင်ဆာကဲ့သို့သော ရောဂါများကို ကုသဖို့အတွက် နျူရွန်များကိုလျှပ်စစ်ဖြင့် လှုံ့ဆော်ပေးနိုင်ပါတယ်။ ဒီနည်းလမ်းက ဒေါ်လာသိန်းနဲ့ချီကုန်ကျမယ့် သမားရိုးကျခွဲစိတ်မှုနဲ့ဆက်စပ်နေတဲ့ အန္တရာယ်များကို ဖယ်ရှားပေးမှာဖြစ်ပါတယ်။

ဒီကိရိယာများရဲ့အဓိကအားသာချက်က သူ့ကိုသက်ရှိဇီဝကလာပ်စည်းများနဲ့ ရောစပ်ထားခြင်းကြောင့် ခန္ဓာကိုယ်ရဲ့ခုခံအားစနစ်က သူတို့ကိုတိုက်ခိုက်ခြင်းမရှိဘဲ သွေး-ဦးနှောက်အတားအဆီးကို သဘာဝအတိုင်း ဖြတ်ကျော်နိုင်ခြင်းဖြစ်ပါတယ်။

ဒီနည်းပညာကို ဆေးဘက်ဆိုင်ရာ စမ်းသပ်မှုများအထိ တိုးချဲ့ဆောင်ရွက်နိုင်ဖို့ စီစဉ်နေပြီး အနာဂတ်မှာကုသရန်မဖြစ်နိုင်ဟု ယူဆထားတဲ့ရောဂါများအတွက် မျှော်လင့်ချက်အသစ်ကို ပေးစွမ်းမယ်လို့ ယုံကြည်ရပါတယ်။ **Ref: IE**

**ကိုထက်**

# လျှပ်စစ်ကားများအတွက် ရာသီအချိန်အခါမရွေးအသုံးပြုနိုင်စေမယ့် ဘက်ထရီဒီဇိုင်းအသစ်

ပန်ဆယ်ဗေးနီးယားတက္ကသိုလ်မှ သုတေသီများက All-Climate Battery (ACB) လို့ခေါ်တဲ့ လီသီယံ-အိုင်းယွန်းဘက်ထရီ ရှေ့ပြေးပုံစံဒီဇိုင်းအသစ်ကို တီထွင်လိုက်ပါတယ်၊ ဒီဘက်ထရီက လက်ရှိအသုံးပြုနေတဲ့ သမားရိုးကျလီသီယံဘက်ထရီများကဲ့သို့ အပူချိန်လွန်ကဲမှုဒဏ်ကို မှုစရာမလိုဘဲ ကောင်းမွန်စွာ အလုပ်လုပ်နိုင်ဖို့ ရည်ရွယ်ထားပါတယ်။



လက်ရှိလျှပ်စစ်ကားများမှာ အသုံးပြုနေတဲ့ ပုံမှန်ဘက်ထရီများက ပူလွန်းခြင်း၊ အေးလွန်းခြင်း စတဲ့ရာသီဥတုအခြေအနေတွေအပေါ်မူတည်ပြီး စွမ်းဆောင်ရည်ကျဆင်းမှုနဲ့ ကြုံတွေ့ရလေ့ရှိပါတယ်။ ACB က အေးသောနေရာများအတွက် အပူပေးနိုင်တဲ့ အတွင်းပိုင်းနီကယ်သတ္တုပါးအလွှာနဲ့ ပူသောနေရာများအတွက် စွမ်းဆောင်ရည်ကို တည်ငြိမ်စေမယ့် ပြောင်းလဲထားသော လျှပ်လိုက်ပစ္စည်းများကို ပေါင်းစပ်အသုံးပြုထားတဲ့နည်းလမ်းနှစ်မျိုးနဲ့ ဒီဇိုင်းထုတ်ထားပါတယ်။

ဒီနည်းပညာကြောင့် ဘက်ထရီအနေနဲ့ စံချိန်တင်အပူချိန်ဖြစ်တဲ့ အနုတ် ၅၀ ဒီဂရီစင်တီဂရိတ်မှ ၇၅ ဒီဂရီစင်တီဂရိတ်အတွင်း စိတ်ချစွာအလုပ်လုပ်နိုင်ပြီး နေရာယူမှုနည်းပါးတဲ့အတွက် အကျိုးကျေးဇူးများစွာ ရရှိမယ်လို့ သုတေသနပညာရှင်များကဆိုထားပါတယ်။ **Ref: IE**

**ကိုထက်**

# သံချပ်ကာယာဉ်များကို အမဲလိုက်ဖျက်ဆီးနိုင်မယ့် FireAnt စက်ရုပ်ငယ်များ



အမေရိကန် စက်ရုပ်နည်းပညာကုမ္ပဏီဖြစ်တဲ့ Swarmbotics AI က သံချပ်ကာယာဉ်များကို အမဲလိုက်ဖျက်ဆီးနိုင်ဖို့ဒီဇိုင်းထုတ်ထားတဲ့ FireAnt အမည်ရှိ မြေပြင်သုံးစက်ရုပ်ငယ်များကို မိတ်ဆက်ပြသခဲ့ပါတယ်၊ ဒီစက်ရုပ်ငယ်များက အုပ်ဖွဲ့အလိုအလျောက်စနစ်ဖြင့်လည်ပတ်ဖို့ ဒီဇိုင်းထုတ်ထားပြီး လူသားအော်ပရေတာတစ်ဦးတည်းရဲ့ ထိန်းချုပ်မှုအောက်မှာ တင့်ကားကဲ့သို့သော ပစ်မှတ်များကို ရှာဖွေ၊ ခြေရာခံ၊ တိုက်ခိုက်နိုင်ပါတယ်။

FireAnt ကို ကင်းထောက်ခြင်း၊ မြေပုံရေးဆွဲခြင်း၊ အချက်အလက်ပို့လွှတ်ခြင်း စတဲ့မစ်ရှင်များစွာအတွက် အသုံးပြုနိုင်ရန် အစိတ်အပိုင်းများ အလွယ်တကူလဲလှယ်တပ်ဆင်နိုင်သောပုံစံဖြင့် တည်ဆောက်ထားပါတယ်။ သူတို့အချင်းချင်း ပစ်မှတ်အချက်အလက်များကိုမျှဝေကာ စစ်မြေပြင်အခြေအနေများကို အချိန်နဲ့တစ်ပြေးညီ လိုက်လျောညီထွေစွာ လှုပ်ရှားဆောင်ရွက်နိုင်စွမ်းရှိပါတယ်။ ဒီစက်ရုပ်အုပ်စုများက တန်ဖိုးကြီးလမ်းညွှန်ဒုံးများ ဒါမှမဟုတ် စက်သေနတ်ကြီးများရဲ့နေရာမှာ ကုန်ကျစရိတ်သက်သာတဲ့ ရွေးချယ်စရာနည်းလမ်းဖြစ်လာမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# သွားကြွေလွှာကို ပြန်လည်ပြုပြင်ပေးမယ့် ဖလိုရိုက်မပါသောဂျယ်တစ်မျိုး

သွားကြွေလွှာဆုံးရှုံးသွားပါက ပြန်လည်မရရှိနိုင်တော့ဘူးဆိုတဲ့ သမားရိုးကျအယူအဆကို ပြောင်းလဲပေးနိုင်မယ့်ဖလိုရိုက်မပါသော ဂျယ်တစ်မျိုးကို နော့တင်ဟမ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဖန်တီးခဲ့ပါတယ်။

အဲဒီဂျယ်က သွားကြွေလွှာကို ပြန်လည်ပြုပြင်ခြင်းနဲ့ အသစ်ပြန်ဖြစ်လာအောင် လုပ်ဆောင်ပေးနိုင်တဲ့ ဇီဝနဲ့ကိုက်ညီသော ပစ္စည်းဖြစ်ပါတယ်၊ ဒီဂျယ်က သွားကြွေလွှာကို ကလေးဘဝမှာဖြစ်ပေါ်စေတဲ့ ပရိုတင်းများအတိုင်းအတုယူထားပြီး သွားများပေါ်ရှိအက်ကြောင်းများနဲ့ အပေါက်ငယ်များထဲသို့ စိမ့်ဝင်ကာ ပါးလွှာသော အလွှာတစ်ခုကို ဖန်တီးပေးပါတယ်။

ဂျယ်က တံတွေးမှကယ်စီယမ်နဲ့ဖော့စဖိတ်အိုင်းယွန်းများကို ဆွဲယူပြီး epitaxial mineralization လို့ခေါ်တဲ့ လုပ်ငန်းစဉ်နဲ့ သွားကြွေလွှာအသစ်များဖွဲ့စည်းမှုကို အားပေးပါတယ်။ ဖလိုရိုက်ကိုအသုံးပြုခြင်းက သွားကြွေလွှာပျက်စီးမှုကို နှေးကွေးစေရုံသာ လုပ်နိုင်တာပါ။ ဒါပေမဲ့ ဒီဂျယ်ကတော့ဆုံးရှုံးသွားတဲ့သွားကြွေလွှာကို အမြန်ဆုံး ဖွဲ့စည်းဖြစ်တည်ပေးနိုင်ပါတယ်။

လက်ရှိမှာ ကမ္ဘာ့လူဦးရေထက်ဝက်နီးပါးက သွားကြွေလွှာပျက်စီးမှုကိုခံစားနေကြရပြီး ဒီတီထွင်မှုက သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်ပေးမှုကို အကြီးအကျယ်ပြောင်းလဲစေနိုင်ပါတယ်။ သုတေသီများရဲ့အဆိုအရ သူတို့အနေနဲ့ ဒီဂျယ်ထုတ်ကုန်ကို နောက်နှစ်အစောပိုင်းကာလမှာ ဈေးကွက်ထဲ မိတ်ဆက်ပေးနိုင်ဖို့စီစဉ်နေတယ်လို့သိရပါတယ်။ **Ref: IE**

**ကိုထက်**



# ကမ္ဘာ့အကြီးဆုံးလို့ယူဆရတဲ့ ပင့်ကူအိမ်ကြီးကို ဥရောပရှိလိုဏ်ဂူတစ်ခုတွင်တွေ့ရှိ

ဥရောပရှိအယ်ဘေးနီးယား-ဂရိနယ်စပ်အနီးရှိ ဆာလဖာဂူထဲမှာ ကမ္ဘာ့အကြီးဆုံးလို့ယူဆရတဲ့ ပင့်ကူအိမ်ကြီးတစ်ခုကို သုတေသီများက မှတ်တမ်းတင်တွေ့ရှိခဲ့ပါတယ်။ ပင့်ကူအိမ်က စတုရန်းမီတာ ၁၀၆ မီတာအထိ ကျယ်ဝန်းပြီး ပင့်ကူအကောင်ရေ ၁၁၀၀၀၀ ကျော် နေထိုင်ရာနေရာဖြစ်ပါတယ်။ ဒီနေရာမှာ Tegenaria domestica နဲ့ Prinerigone vagans ဆိုတဲ့ပင့်ကူမျိုးစိတ်နှစ်မျိုးပါဝင်နေပြီး သူတို့ကကိုလိုနီပုံစံနဲ့ စုပေါင်းနေထိုင်ခြင်းကို ပထမဆုံးအကြိမ်တွေ့ရှိခြင်းဖြစ်ပါတယ်။



ဂူရဲ့ထူးခြားတဲ့ ဆာလဖာဓာတ်ကြွယ်ဝတဲ့ပတ်ဝန်းကျင်က သူတို့အတွက် ကြီးမားတဲ့နယ်မြေကို ထောက်ပံ့ပေးနေတာဖြစ်ပါတယ်။ ဂူအတွင်းမှ ဆာလဖာဓာတ်စားသုံးသော ဗက်တီးရီးယားများက ဇီဝဖလင်ပြားများကို ထုတ်လုပ်ပေးပြီး ယင်းတို့ကို မှက်အသေးစားများက စားသုံးကြပါတယ်။ ဒီမှက်တွေကို ပင့်ကူများက ပြန်လည်ဖမ်းယူစားသောက်ခြင်းဖြင့်ကြီးမားတဲ့အစာကွင်းဆက်စနစ်တစ်ခုကိုဖန်တီးထားပါတယ်။ ဂူထဲမှာရှိတဲ့ပင့်ကူများက အပြင်ဘက်ရှိမျိုးနွယ်တူများထက် မျိုးဗီဇအရ ကွဲပြားနေပြီး အမှောင်ဖုံးလွှမ်းကာ ဆာလဖာဓာတ်ပြင်းထန်တဲ့ ပတ်ဝန်းကျင်အခြေအနေနဲ့ လိုက်လျောညီထွေပြောင်းလဲနေထိုင်တာတွေ့ရပါတယ်။ **Ref: IE**

**ကိုထက်**

# အမေရိကန်အစိုးရအဖွဲ့ လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းခြင်းကြောင့် လေကြောင်းခရီးစဉ် ၁၀ ရာခိုင်နှုန်းလျှော့ချ

ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်ပြည်ထောင်စု၏ အစိုးရအဖွဲ့ လုပ်ငန်းရပ်ဆိုင်းမှုသည် သမိုင်းတွင်အရှည်ကြာဆုံးအဖြစ်မှတ်တမ်းဝင်သွားပြီးနောက် နိုဝင်ဘာလ ၇ ရက်မှစ၍ လေကြောင်းခရီးစဉ်များပြေးဆွဲမှုကို ၁၀ ရာခိုင်နှုန်းလျှော့ချသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အစိုးရအဖွဲ့ လုပ်ငန်းရပ်ဆိုင်းနေရသည့်အတွက် လေကြောင်းထိန်းများမှအစပြု၍ ဥယျာဉ်မှူးများအထိအပါအဝင် နိုင်ငံ့ဝန်ထမ်းပေါင်း ၁ ဒသမ ၄ သန်းမှာ လစာမဲ့ ခွင့်ယူရန် သို့မဟုတ် လစာမဲ့အလုပ်လုပ်ရန် ဖိအားပေးခံနေရခြင်းဖြစ်သည်။

ထို့ကြောင့် လူဝင်လူထွက်များပြားသည့် လေဆိပ်ပေါင်း ၄၀ မှ လေကြောင်းခရီးစဉ်များကိုလျှော့ချပြေးဆွဲမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး ရှောင်ဒက်ဖီကပြောသည်။ ထို့ပြင် ဝန်ထမ်းများနည်းပါးနေသည့်အတွက် လေယာဉ်ထွက်ခွာချိန်နှောင့်နှေးမှုများနှင့်လည်း ရင်ဆိုင်ရလျက်ရှိကြောင်း သိရသည်။

Ref: AGC

# တရုတ်က ကမ္ဘာ့အကြီးဆုံးကုန်တင်သင်္ဘောအတွက် သိုရီယံဒြပ်စင်သုံး နျူကလီးယားဓာတ်ပေါင်းဖိုကို ထုတ်ဖော်ပြသ




ပေကျင်း၊ တီထွင်ဆန်းသစ်မှု

တရုတ်နိုင်ငံက ကမ္ဘာ့အကြီးဆုံးအဖြစ်ထွက်ပေါ်လာမည့်ကုန်တင်သင်္ဘောတွင် အသုံးပြုသွားမည့် သိုရီယံဒြပ်စင်အသုံးပြု နျူကလီးယားဓာတ်ပေါင်းဖိုကိုထုတ်ဖော်ပြသလိုက်ပြီဖြစ်ကြောင်းသိရသည်။

ယင်းနျူကလီးယားဓာတ်ပေါင်းဖိုသည် သိုရီယံအခြေခံ ဆားရည်ပျော်ဓာတ်ပေါင်းဖိုဖြစ်ပြီး အပူစွမ်းအင်ထွက်ရှိမှုအနေဖြင့် ၂၀၀ မဂ္ဂါဝပ်အထိရှိမည်ဖြစ်သည်။ ယင်းဓာတ်ပေါင်းဖိုသည် သမားရိုးကျယူရေနီယံဒြပ်စင်အသုံးပြု နျူကလီးယားဓာတ်ပေါင်းဖိုများနှင့်မတူဘဲ ပိုမိုဘေးကင်းစိတ်ချရမှုရှိသည့်အပြင် စွမ်းအင်ထွက်ရှိမှုမှာလည်း ပိုမိုများပြားသည်။

ထို့ပြင် နောက်ထပ်ထူးခြားချက်များမှာ ဓာတ်ပေါင်းဖိုကိုအအေးပေးရန် ရေလိုအပ်မှုမရှိခြင်း၊ အရွယ်အစားကို လိုအပ်သည်အထိသေးနိုင်ခြင်း၊ အသံတိတ်ဆိတ်မှုရှိခြင်းတို့ဖြစ်သည်။ ယင်းဓာတ်ပေါင်းဖိုကိုအောင်မြင်စွာအသုံးပြုနိုင်လျှင် ထိုနည်းပညာက ကမ္ဘာ့ကုန်တင်သင်္ဘောကဏ္ဍကို ပြောင်းလဲစေမည်ဖြစ်သည်။

ယခုဓာတ်ပေါင်းဖိုမှထွက်ရှိသော အပူစွမ်းအင်ကို ကုန်တင်သင်္ဘောခုတ်မောင်းရန်တိုက်ရိုက်အသုံးပြုသွားမည်မဟုတ်ဘဲ အပူစွမ်းအင်မှလျှပ်စစ်စွမ်းအင်သို့ပြောင်းလဲပေးသည့် ဂျင်နရေတာများဖြင့် တစ်ဆင့်ခံ၍အသုံးပြုသွားမည်ဖြစ်သည်။ ထိုဂျင်နရေတာမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားသည် ၅၀ မဂ္ဂါဝပ်ရှိမည်ဖြစ်ကာ ထိုပမာဏသည် ကုန်တင်သင်္ဘောကိုခုတ်မောင်းရန် လုံလောက်ကြောင်းသိရသည်။ Ref: SCMP

# ထိုင်းဘုရင်က ရှားပါးချစ်ကြည်ရေး ခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့ သွားမည်

ဘန်ကောက်၊ ချစ်ကြည်ရေး

ထိုင်းဘုရင်နှင့် မိဖုရားတို့သည် ၎င်းတို့၏ရှားပါးပြည်ပချစ်ကြည်ရေးခရီးစဉ်အဖြစ် တရုတ်နိုင်ငံသို့သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနက နိုဝင်ဘာလ ၆ ရက်တွင်ထုတ်ပြန်ထားသည်။

ထိုင်းဘုရင် မဟာဝဇီရာလောင်ကွန်းနှင့် မိဖုရားဆုသီတာတို့သည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ဖိတ်ကြားချက်အရနှင့် ထိုင်း-တရုတ်သံတမန်ဆက်ဆံရေးထူထောင်မှုနှစ်(၅၀)ပြည့်အထိမ်းအမှတ်အဖြစ် နိုဝင်ဘာလ ၁၃ ရက်မှ ၁၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုင်းဘုရင်၏ယခုခရီးစဉ်သည် ထိုင်းနိုင်ငံနှင့်တရုတ်နိုင်ငံတို့ကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုအမြစ်တွယ်နေသည်ကို ဖော်ပြသည့် သမိုင်းဝင်ချစ်ကြည်ရေးခရီးစဉ်တစ်ခုဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်ဟုသိရသည်။

Ref: KS

# ဒေလီမြို့၌ လေထုညစ်ညမ်းမှု အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ ပိုမိုဖြစ်ပွားလာ

နယူးဒေလီ၊ ကျန်းမာရေး

အိန္ဒိယနိုင်ငံ၏ မြို့တော်ဖြစ်သည့် ဒေလီတွင် လေထုညစ်ညမ်းမှုနှင့်ဆက်စပ်သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားသူအရေအတွက်သည် သိသိသာသာမြင့်တက်လာကြောင်း ဆရာဝန်များက နိုဝင်ဘာလ ၆ ရက်တွင် ပြောသည်။

ပြီးခဲ့သည့်ရက်များအတွင်း ဒေလီမြို့ရှိ ဆေးရုံများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာလူနာများအပြင် မျက်လုံးယားယံခြင်း၊ နှာရည်ယိုခြင်း၊ လည်ချောင်းနာခြင်းနှင့် ရင်ဘတ်အောင့်ခြင်းတို့ဖြစ်ပွားသည့် လူနာအသစ်များစွာရောက်ရှိလာသည်ဟု မီဒီယာများကဖော်ပြထားသည်။ ဆရာဝန်များ၏ အဆိုအရ လေထုညစ်ညမ်းမှုနှင့် ဆက်စပ်သောရောဂါဖြစ်ပွားသူအရေအတွက်သည် ၂၂ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ ပိုမိုများပြားလာပြီး မျက်စိဆိုင်ရာရောဂါဖြစ်ပွားသူများမှာ ၆၀ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ဟုသိရသည်။ Ref: Xinhua

# ခန့်မေဂီမုန်တိုင်းကြောင့် ဖိလစ်ပိုင်တွင် သေဆုံးသူ ၁၄၀ ကျော်အထိမြင့်တက်လာ



မနီလာ၊ သဘာဝဘေး

အပူပိုင်းမုန်တိုင်း ခန့်မေဂီဝင်ရောက်တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းတစ်လျှောက် ရေကြီးမှုများဖြစ်ပေါ်စေခဲ့ရာ အနည်းဆုံးလူ ၁၄၀ ကျော်သေဆုံးပြီး ၁၂၇ ဦးပျောက်ဆုံးကြောင်း အစိုးရက နိုဝင်ဘာလ ၆ ရက်တွင် ထုတ်ပြန်ထားသည်။

၎င်းမုန်တိုင်းသည် ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာပေါ်တွင် အသေအပျောက်အများဆုံးမုန်တိုင်းဖြစ်သည်ဟု သဘာဝဘေးဆိုင်ရာ EM-DAT ဒေတာဘေ့(စ်)တွင်ဖော်ပြထားသည်။ စီဘူးပြည်နယ်ရှိ မြို့များအနေဖြင့် သမိုင်းတွင်မကြုံဖူးသော ရေကြီးမှုများကြောင့် ကားများ၊ မြစ်ဘေးရှိတဲအိမ်များနှင့် သင်္ဘောကွန်တိန်နာကြီးများပင် ရေထဲသို့ မျောပါသွားသည်ကိုတွေ့ရသည်။

အဆိုပါသဘာဝဘေးနှင့်ပတ်သက်၍ ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်က နိုဝင်ဘာလ ၆ ရက်တွင် အမျိုးသားအဆင့်သဘာဝဘေးကျရောက်မှုအဖြစ်ကြေညာပြီး အစိုးရရန်ပုံငွေထုတ်ပေးရန်နှင့် စားသောက်ကုန်များ၏ဈေးနှုန်းများကို ကန့်သတ်ရန်ခွင့်ပြုခဲ့သည်။

မိုးလေဝသပညာရှင်များ၏ထုတ်ပြန်ချက်အရ မုန်တိုင်းဖြတ်သန်းသွားရာလမ်းကြောင်းတစ်လျှောက်မှရရှိသော မိုးရေချိန်ပမာဏသည် ပုံမှန်နိုဝင်ဘာလ၏ မိုးရေချိန်ပမာဏထက် တစ်ဆခွဲခန့်ပိုများခဲ့သည်ဟု သိရသည်။

Ref: ST

# ဂျပန်နိုင်ငံ၌ အလုပ်သမားရှားပါးမှုဖြေရှင်းရန် စက်ရုပ်ဖြင့် ပစ္စည်းများရောင်းချမှုစမ်းသပ်

တိုကျို၊ နည်းပညာ

ဂျပန်နိုင်ငံ ချီဘာစီရင်စုရှိ နာရီတာလေဆိပ်၌ အလုပ်သမားရှားပါးမှုကို ဖြေရှင်းနိုင်ရန် အမှတ်တရပစ္စည်းအရောင်းဆိုင်တစ်ခုက စက်ရုပ်အသုံးပြုရောင်းချမှုကို စမ်းသပ်မှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။

Narita အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နိုမူရာသုတေသနဌာန (NRI) တို့ပူးပေါင်း၍ အဆိုပါစမ်းသပ်မှုကို ပြုလုပ်ခြင်းဖြစ်သည်။ အမြင့် ၁ ဒသမ ၂ မီတာရှိသော ချစ်စဖွယ်ကောင်းသည့်တိရစ္ဆာန်ပုံသဏ္ဍာန်ရှိထိုစက်ရုပ်သည် သံလမ်းပေါ်တွင်သွားလာပြီးစပ်ခွက်ပါအမြီးကိုအသုံးပြု၍ ဝယ်ယူသူများ၏ အမှာစာများကို ဆောင်ရွက်ပေးသည်။

မှန်ခန်းဖြင့်တည်ဆောက်ထားသည့် ထိုဈေးဆိုင်၌ အမှတ်တရလက်ဆောင်ပစ္စည်းအမျိုးအစား ၁၂ မျိုးရှိပြီး ဝယ်ယူသူများအနေဖြင့် အလိုရှိသည့်လက်ဆောင်ပစ္စည်းကို ဖန်သားပြင်မှတစ်ဆင့် ရွေးချယ်နိုင်မည်ဖြစ်သည်။ ထို့နောက် စက်ရုပ်က ထိုပစ္စည်းကိုယူသွားပြီး မှန်ပေါက်မှတစ်ဆင့် ဝယ်ယူသူထံသို့ချပေးခြင်းဖြစ်သည်။ ဝယ်ယူမှုအတွက်ငွေပေးချေမှုကို အကြွေးဝယ်ကတ် သို့မဟုတ် QR ကုတ်ဖြင့်ပေးချေနိုင်ပြီး ဝယ်ယူမှုတစ်ခုကို တစ်မိနစ်အတွင်းပြုလုပ်နိုင်သည်။ NRI သည် ဂျပန်နိုင်ငံ၌ ဖြစ်ပေါ်လာသည့် အလုပ်သမားရှားပါးမှုကိုဖြေရှင်းရန် စက်ရုပ်များ၏အခန်းကဏ္ဍကို လေ့လာနေကြောင်း သိရသည်။

Ref: ST



# နိုဝင်ဘာလအတွင်း ပဲခူးတိုင်းဒေသကြီးသို့ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂၅ သန်း၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ငွေကျပ်သန်း ၄၉၃၀ တိုးတက်ဝင်ရောက်

**ပဲခူး နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီအစည်းအဝေး အမှတ်စဉ်(၅/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြည်တွင်း၊ ပြည်ပ အကြီးစားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းအမျိုးအစားရှစ်ခုရှိပြီး စက်မှုကဏ္ဍတိုးတက်မှုနှင့်အတူ လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ လယ်ယာကဏ္ဍများလည်း ရင်းနှီးမြှုပ်နှံမှုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ပြည်တွင်းမှထွက်ရှိသည့်ကုန်ကြမ်းပစ္စည်းများသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်တစ်ခု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်နှစ်ခုတိုးတက်ဝင်ရောက်လာမှုနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ၏ သက်ဆိုင်သည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များ တိုးတက်ရေးနှင့် ရှိပြီးသားလုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး အကြံပြုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းတစ်ခုချင်းအလိုက် ဖြေရှင်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်မှ ယနေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၁၄ ဒသမ ၃၂၈ သန်း၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ငွေကျပ် ၂၃၄၁၁၁ ဒသမ ၇၇၁ သန်းနှင့် အလုပ်အကိုင်အခွင့်အလမ်း ၁၅၆၁၉ ဦး ဖန်တီးနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလ အတွင်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၂၅ သန်းနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုငွေကျပ် ၄၉၃၀ သန်း တိုးတက်ဝင်ရောက်ခဲ့ကာ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်း ၁၂၈၅ ဦး ဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ငူအကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းနှင့် ဘိုးဘွားရိပ်သာတို့ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၆**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ယနေ့တွင် တောင်ငူမြို့ရှိ တောင်ငူအကျဉ်းထောင်၊ တောင်ငူမြို့မ ရဲစခန်းအချုပ်ခန်းနှင့် ကေတုမတီဘိုးဘွားရိပ်သာတို့ကို ကြည့်ရှုစစ်ဆေးသည်။


တောင်ငူအကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူများကို အိပ်ဆောင်များ၌ တွေ့ဆုံ၍ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးများရရှိခြင်း ရှိ မရှိနှင့် စပ်လျဉ်းသည့် နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများ လာရောက်ဆေးကုသပေးမှု၊ ကျန်းမာရေးဟောပြောပွဲများဆောင်ရွက်ပေးနေမှု၊ ရောဂါအခြေအနေအပေါ် မူတည်၍ ပြင်ပဆေးရုံများသို့ တင်ပို့ကုသပေးမှု၊ သန့်ရှင်းသောသောက်ရေပေးဝေမှုနှင့် ချိုးရေ၊ သုံးရေလုံလောက်စွာရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုနှင့်တွေ့ဆုံခွင့်ပေးနိုင်မှု၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာလက်ခံရရှိမှု၊ ရသင့်ရထိုက်သောအသုံးအဆောင်ပစ္စည်းများရရှိမှု၊ ကျန်းမာကြံ့ခိုင်ရေးအတွက်ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှု၊ ယုံကြည်ရာကိုးကွယ်သည့်ဘာသာအလိုက် ဝတ်ပြုကိုးကွယ်ခွင့် အခြေအနေ၊ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးနေမှုတို့ကို မေးမြန်းပြီး အကျဉ်းသား၊ အကျဉ်းသူများအား အကျဉ်းထောင်ဝန်ထမ်းများကလည်းကောင်း၊ အကျဉ်းသားအချင်းချင်းကလည်းကောင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ/မရှိ၊ ထောင်ဝင်စာလာရောက်တွေ့ဆုံသည့် အကျဉ်းသားမိသားစုဝင်တို့ကို ထောင်ဝင်စာအခက်အခဲရှိ/မရှိ၊ အကျဉ်းသားအတွက် ပစ္စည်းပေးပို့ရာတွင် အဆင်ပြေမှုရှိ/ မရှိတို့ကိုမေးမြန်းပြီး သီးခြားလွတ်လပ်စွာတွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူ ၁၀ ဦးကို မေးမြန်းမှတ်တမ်းတင်ကာ ယခင်အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို စစ်ဆေးခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန် ဗဟုသုတရဖွယ်စာအုပ်စာပေများကို ကော်မရှင်က လှူဒါန်းသည်။

ယင်းနောက် ကေတုမတီဘိုးဘွားရိပ်သာကို ကြည့်ရှုစစ်ဆေးစဉ် ရိပ်သာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများကိုအိပ်ဆောင်များ၌သွားရောက်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင်ဆောင်ရွက်ထားရှိမှု၊ ဘိုးဘွားများအနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု၊ နိုင်ငံသားစိစစ်ရေးကတ်ရရှိအောင် ဆောင်ရွက်ထားရှိမှု၊ ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှုနှင့် အသက် ၈၅ နှစ်ပြည့်ပြီးသော သက်ကြီးအဘိုး၊ အဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ကြေးရရှိရေး ဆောင်ရွက်ပေးနေမှုနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူအဘိုး၊ အဘွားများအားလုံး မဲပေးနိုင်ရေး စီစဉ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်ငူမြို့မရဲစခန်းအချုပ်ခန်းနှင့် အမှတ်(၂)နယ်မြေရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ မိသားစုနှင့်တွေ့ဆုံနိုင်မှု၊ တရားရုံးတွင် ရုံးထုတ်ချိန်ကာလအတွင်း စားသောက်ရေးစီစဉ်ပေးမှု၊ အချုပ်ခန်းများအတွင်း သန့်ရှင်းမှုနှင့် အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှု၊ တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့်ရရှိမှု၊ ၂၀၂၅ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်အချုပ်သားများ မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို အချုပ်သား၊ အချုပ်သူများနှင့်တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကော်မရှင်ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက်သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**




မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၅ ရက်**တွင် လွိုင်ကော်မြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး**(ခန့်မှန်းတန်ဖိုးငွေကျပ်၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၃ ရက်**တွင် ရေတာရှည်မြို့နယ်အတွင်း၌ တရားမဝင် အခြားသစ်(၂ ဒသမ ၁၆၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၁၆၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

ထို့အတူ မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၃ ရက်နှင့် ၄ ရက်**တို့တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် (၁)စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၄ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း(၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း(၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ မြိတ်မြို့နယ်၊ ရှမ်းချောင်းလမ်းမကြီးအနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း(၈)မျိုး၊ လုပ်ငန်းသုံး ပစ္စည်း(၄)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၅၉၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Foton Mini Bus (၁)စီး၊ YGC Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၀၀၀၀၀၀)ကိုလည်းကောင်း၊ **နိုဝင်ဘာလ ၅ ရက်**တွင် ပဲခူးတိုင်းဒေသကြီး၊ စစ်တောင်းတံတား၊ သပြေကန်တိုးဂိတ်အနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၆၀၀၀၀) နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Dump Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၃၁၉၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင်၂၀၂၅ ခုနှစ်၊ **နိုဝင်ဘာလ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၀)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၇၇၃၆၁၆၈)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**မြဝတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၆**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Win Zaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ ဝင်းဇော်အား မွန်းလွဲ ၁ နာရီ ၂၀ မိနစ်တွင် ပဲခူးမြို့နယ်၊ အမှတ်(၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

၁ ကျောဖုံးမှအဆက်

မမေဟန်နီအောင်လွင်က တတိယ(ကြေး)၊ Mix Basic Self Defense Technique (3 Females 3 Males)ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်+မောင်ကျော်သူစိုးအောင်+ မောင်တင်ထူးဇော်+ မချစ်နိုဒီဆောင်း+ မမေဟန်နီအောင်လွင်+ မနှင်းသက်ဝေတို့က တတိယ(ကြေး) တံဆိပ်များ ဆွတ်ခူးရရှိခဲ့ကြသည်။

မြန်မာအားကစားအဖွဲ့သည် ပြိုင်ပွဲများဆက်လက်ယှဉ်ပြိုင်ရာ နိုဝင်ဘာလ ၅ ရက် ပြိုင်ပွဲတွင် Four– Element Staff From (Male)ပြိုင်ပွဲတွင် မောင်တင်ထူးဇော်က ဒုတိယ(ငွေ)၊ pair Sword from (Male) ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်+ မောင်တင်ထူးဇော်တို့က ဒုတိယ(ငွေ)၊ Ying Yang Sword From (Male)ပြိုင်ပွဲတွင် မောင်ကျော်သူစိုးက တတိယ(ကြေး)၊ 1Females Defense Againstmales with Weapon ပြိုင်ပွဲတွင် မမေဟန်နီအောင်လွင်+ မောင်ဟိန်းထက်အောင်+မောင်ကျော်သူစိုးအောင်+ မောင်တင်ထူးဇော်တို့က တတိယ(ကြေး)တံဆိပ်များ ဆွတ်ခူးရရှိကြသည်။

ထို့အတူ နိုဝင်ဘာလ ၆ ရက် **(ယနေ့)** ပွဲစဉ်များ၏ အတိုက်ပြိုင်ပွဲ ၄၈–၅၁ ကီလိုတန်းတွင် နှင်းသက်ဝေက ပထမ(ရွှေ)၊ Dual Knife From (Female)ပြိုင်ပွဲတွင် မမေဟန်နီအောင်လွင်က ပထမ(ရွှေ)၊ Cross From (Male)ပြိုင်ပွဲတွင်မောင်ဟိန်းထက်အောင်က တတိယ(ကြေး)၊ Female Self Defence from ပြိုင်ပွဲတွင် မချစ်နိုဒီဆောင်းက တတိယ(ကြေး)တံဆိပ်များ ဆွတ်ခူးရရှိထားကြောင်း သိရသည်။

**ဝန်းရံခ**

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၆**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည်တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၇ ရက်မှ နိုဝင်ဘာလ ၂ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးသစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၁၆ ဒသမ ၇၈၆၅) တန်၊ သစ်မာ (၉ဒသမ၄၃၆၂) တန်၊ အခြား (၅၆ ဒသမ ၀၄၀၇) တန် စုစုပေါင်း (၈၂ ဒသမ ၂၆၃၄) တန်၊ ယာဉ်/ယန္တရား (၉)စီး၊ တရားခံ (၁၆)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မြဝတီ**

**● ပွင့်ဖြူမြို့နယ်မှ**

စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဆီထွက်သီးနှံ မြေပဲကို ၂၉၃၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၈၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူတွေအခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတိုးတက်စေဖို့ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေပဲစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဘက်စုံသီးနှံ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ပြည်ပပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ တောင်သူများအတွက် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဒေသမရွေးတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်လုပ်ငန်းများ ဆန်းစစ်သုံးသပ်ခြင်းမှ တွေ့ရှိချက်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၆**

ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်လုပ်ငန်းများအား ဆန်းစစ်သုံးသပ်ခြင်းမှ တွေ့ရှိချက်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။


ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက မြန်မာနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ငှက်ဖျားရောဂါပိုးအားလုံး ကူးစက်မှုပပျောက်စေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ လွန်ခဲ့သောဆယ်စုနှစ်အတွင်း ငှက်ဖျားရောဂါထိန်းချုပ်ရေးတွင်သိသာထင်ရှားသောတိုးတက်မှုများ ရရှိခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ငှက်ဖျားရောဂါဖြစ်ပွားမှုအရေအတွက်သည် ၈၈ ရာခိုင်နှုန်းလျော့ကျခဲ့ပြီး သေဆုံးမှုမှာ ၉၇ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ကြောင်း၊ သို့ရာတွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားပြီးနောက်ပိုင်း ငှက်ဖျားရောဂါထိန်းချုပ်ရေးနှင့် ကူးစက်မှုပပျောက်ရေးလုပ်ငန်းများ၊ အထူးသဖြင့် ကွင်းဆင်းဆောင်ရွက်ရန်လိုအပ်သည့် ငှက်ဖျားရောဂါဖြစ်ပွားမှုနှင့် Entomological (ပိုးမွှားဗေဒဆိုင်ရာ) စောင့်ကြပ်ကြည့်ရှုလေ့လာရေးလုပ်ငန်းများ၏ တိုးတက်မှုကို ထိခိုက်စေခဲ့ကြောင်း။

၂၀၂၅ ခုနှစ်ဇန်နဝါရီလမှဩဂုတ်လအထိ ငှက်ဖျားရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၂၆၅၆၂ ဦးကို စစ်ဆေးတွေ့ရှိကုသပေးနိုင်ခဲ့ကြောင်း၊ ယခုပြုလုပ်သည့် ငှက်ဖျားရောဂါတိုက်ဖျက်ရေးဆိုင်ရာ ဆန်းစစ်သုံးသပ်မှုတွေ့ရှိချက်များနှင့် အကြံပြုချက်များကို နောင်လာမည့် ငှက်ဖျားရောဂါထိန်းချုပ်ရေးနှင့် ကူးစက်မှုပပျောက်ရေးအတွက် အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၆-၂၀၃၀) ကို ပြင်ဆင်ရာတွင် အလွန်အသုံးဝင်မည်ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်၊ ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူး (ရပကန)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (မြန်မာ) မှတာဝန်ရှိသူများနှင့် Malaria Programme Review အတွက် ကျွမ်းကျင်သူပြင်ပပညာရှင်တို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

မြဝတီ




➪ ကျောဖုံးမှအဆက်

### တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ” ၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါ တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ” သည် ယနေ့ ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီတွဒ် ၁၃ ဒသမ ၃ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၁၀ ဒသမ ၇ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၃၅ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၁၀ နှုန်းခန့် ဖြစ်သည်။


### နောက် ၂၄ နာရီအတွင်းခန့်မှန်းချက်


အဆိုပါ တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ” သည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ယနေ့ညပိုင်းတွင် ဗီယက်နမ်နိုင်ငံကမ်းခြေကို ဒါနန်းမြို့၏ တောင်ဘက်(ကွီညန်းမြို့အနီး)မှဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှ တစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ဗီယက်နမ်နိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်ဒေသတို့ကို အားကောင်းသော အပူပိုင်းမုန်တိုင်း “ခန့်မေဂီ” အဖြစ်ဖြင့် ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

### သတိပေးနှိုးဆော်ချက်

အဆိုပါ တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ” မှ ပြတ်ထွက်လာသောတိမ်တိုက်များကြောင့် နိုဝင်ဘာလ ၈ ရက်မှ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၇ ပေမှ ၉ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန်သတိပေးနှိုးဆော်အပ်ပါသည်။




(မိုး/ဇလ)

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို လေးဂိုးပြတ်အနိုင်ရရှိ



**ရန်ကုန် နိုဝင်ဘာ ၆**

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈)၏ ပွဲကျန်တစ်ပွဲဖြစ်သည့် ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့၏ယှဉ်ပြိုင်မှုကို ယနေ့ညနေပိုင်းတွင် သန်လျင်မြို့ရှိ သီဟဒီပကွင်း၌ပြုလုပ်ရာ ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ၄ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသွားသည်။

ရှမ်းယူနိုက်တက်အသင်းက ဘောလုံးရယူပိုင်ဆိုင်မှုအသာစီးဖြင့် ကစားနိုင်ခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းက တန်ပြန်တိုက်စစ်ဖြင့် ပြိုင်ဘက်ဂိုးဧရိယာကို ခြိမ်းခြောက်ကစားခဲ့ကြသည်။ ပွဲကစားချိန် ၂၃ မိနစ်တွင် စအောင်ပြည့်ကို၏ဖန်တီးပေးပို့မှုကနေ ခွန်ကျော်ဇင်ဟိန်းက ဂိုးသွင်းယူနိုင်ခဲ့၍ရှမ်းယူနိုက်တက်အသင်း ဦးဆောင်ဂိုးရရှိသွားသည်။

ပွဲကစားချိန် ၃၉ မိနစ်တွင် ယုဂျီ၏အဝေးကန်သွင်းမှုကို ဂျော်ဒန်ဟာမီတန်က အလိုက်သင့်ဂိုးသွင်းနိုင်ခဲ့၍ ရှမ်းယူနိုက်တက်အသင်း ဒုတိယဦးဆောင်ဂိုးရရှိခဲ့သည်။

ပွဲကစားချိန် ၆၂ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်း ကွင်းလယ်မှဆွဲယူလာပြီး ဖန်တီးပေးသည့်ဘောလုံးကို စအောင်ပြည့်ကိုက အမှားအယွင်းမရှိဘဲ ကန်သွင်းယူနိုင်ခဲ့၍ ရှမ်းယူနိုက်တက်အသင်း တတိယဂိုး ရရှိသွားသည်။ ပွဲကစားချိန် ၈၇ မိနစ်တွင်လည်း တန်ပြန်တိုက်စစ်ကနေ ခွန်ကျော်ဇင်ဟိန်း၏ဂိုးဧရိယာအတွင်း အလိုက်သင့်ဖန်တီးပေးပို့မှုကနေ ရဲရင့်အောင်က စတုတ္ထမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို ၄ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသွားကြောင်း သိရသည်။

ဝန်းရံခ

# အကြိမ်(၂၀)မြောက် ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

ကလော နိုဝင်ဘာ ၆

အကြိမ်(၂၀)မြောက် ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင် ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲ ဖွင့်ပွဲကို ယမန်နေ့ညပိုင်းက ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တာဝန်ရှိသူများသည် မီးကြာစံထွန်းညှိလှည့်လည်နေကြသော ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများ၊ ပွဲတော်လာဧည့်ပရိသတ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး လှည့်လည်ပူဇော်ပွဲကို ကြည့်ရှုအားပေးကြသည်။



ထို့နောက် ကလောမြို့ မောမြေဦးပန်းခြံ မီးရှော်တိုင်ကွင်း၌ ရိုးရာမီးရှော်တိုင်ဖွင့်ပွဲကို ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို စက်ခလုတ်နှိပ်၍ မီးပုံးပျံငယ်အလုံး ၂၀၀ လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ပေးခြင်းတို့ဖြင့် ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင် မီးကြာစံအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များက ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် မီးရှော်တိုင်များပစ်လွှတ်ထွန်းညှိ ပူဇော်ယှဉ်ပြိုင်ကြပြီး ဒေသခံအဆိုရှင်များ၊ နိုင်ငံကျော်သရုပ်ဆောင်နှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြသည်။

အဆိုပါမီးရှော်တိုင်ပြိုင်ပွဲကို ကလောမြို့ပေါ်ရှိ (၁၁)ရပ်ကွက်နှင့်ကျေးရွာတို့မှ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် မီးရှော်တိုင် ၂၁ တိုင်ကို ညစဉ်လေးတိုင်ဖြင့် နိုဝင်ဘာလ ၅ ရက်မှ ၈ ရက်အထိ လေးရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စုနှင့် မှုတ်ရှည်ကျေးရွာအုပ်စုတို့ရှိ သီဟိုဠ်သရက်စိုက်ပျိုးရေးဇုန်နှင့်စပ်လျဉ်း၍ ကြော်ငြာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စုနှင့် မှုတ်ရှည်ကျေးရွာအုပ်စုတို့ရှိ မြေဧရိယာ(၃၀၈၇.၉၁)ဧကကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်အား စိုက်ပျိုးလုပ်ကိုင်လိုသူတောင်သူများသို့ သီဟိုဠ်သရက်စိုက်ပျိုးရန် (၂၈-၈-၁၉၉၂)ခုနှစ်မှစ၍ လုပ်ကွက်များချထားပေးခဲ့ပါသည်။ အဆိုပါချထားပေးခဲ့သည့်လုပ်ကွက်များအနက် (၃၁-၁၀-၂၀၂၅)ရက်နေ့အထိ အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့်လုပ်ကွက်များကို ပြန်လည်သိမ်းယူသွားမည်ဖြစ်ပါကြောင်း (၂၂-၈-၂၀၂၅)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ အသိပေးကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အချိန်ထိ အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့်လုပ်ကွက်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၈ ခုနှစ်)ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့် (၂)တို့အရ သိမ်းယူပြီးဖြစ်ကြောင်းနှင့် မည်သည့်အသနားခံစာကိုမျှ ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ ၎င်းမြေပေါ်ရှိ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်အရပ်ရပ်တို့အားလည်း ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့

**ပျောက်ဆုံးကြောင်း**
ခင်အေး(ဘ)ဦးရွှေကြီး ၁၀/ခဆန(နိုင်)၀၄၇၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 783899)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ညီညီဇော်(ဘ)ဦးသိန်းထွန်း ၁၂/သဃက(နိုင်)၁၈၂၅၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၀၄၇၇၃၀

**ပျောက်ဆုံးကြောင်း**
ကျော်ငွေး(ဘ)ဦးအုန်းလှိုင် ၁၂/တမန(နိုင်)၀၅၀၅၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၉၈၅၁၁၆၅

**ပျောက်ဆုံးကြောင်း**
စန်းမာ(ဘ)ဦးအောင်မောင်း ၅/ဘတလ(နိုင်)၁၄၀၀၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဇင်မာငွေး(ဘ)ဦးဝင်းအောင် ၈/သရန(နိုင်)၁၀၈၁၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အောင်သူဟိန်း(ဘ)ဦးဆန်းဝင်း ၁၂/ဒဂရ(နိုင်)၀၃၆၆၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ခင်စပယ်အောင်(ဘ)ဦးအောင်တင် ၁၄/ကကထ(နိုင်)၁၅၇၆၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၉၅၆၄၄

**ပျောက်ဆုံးကြောင်း**
ကျောက်ခဲ(ဘ)ဦးဖိုးဆောင်း ၁၂/ဥကတ(နိုင်)၀၆၆၉၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၆၂၆၈၁

**ပျောက်ဆုံးကြောင်း**
တင်ဆန်းရီ(ဘ)ဦးခင်ကြိုင် ၇/ကတခ(နိုင်)၂၁၉၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၄၆၇၉၀၄၁

**ပျောက်ဆုံးကြောင်း**
ဇော်ရဲအောင်(ဘ)ဦးဆွေသန်း ၅/ဝလန(နိုင်)၁၄၄၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

**ပျောက်ဆုံးကြောင်း**
ဇော်လွင်(ဘ)ဦးတင်ရွှေ ၉/မထလ(နိုင်)၀၉၃၉၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 835090)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

**ပျောက်ဆုံးကြောင်း**
နန်းသော်(ဘ)ဦးလှစိန် ၁၃/တကန(နိုင်)၂၁၇၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

**ပျောက်ဆုံးကြောင်း**
ဖိုးထောင်(ဘ)ဦးချစ် ၃/ဘအန(နိုင်)၁၅၈၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၁၉၁၂၀၇၁

**ပျောက်ဆုံးကြောင်း**
အေးမြနန္ဒာရွှေ(ဘ)ဦးဘသိန်းအောင် ၁၁/ကဖန(နိုင်)၀၉၅၅၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၃၀၃၇၃၀၈

**ပျောက်ဆုံးကြောင်း**
သန်းသန်းအေး(ဘ)ဦးသိန်းအောင် ၁၂/ကမရ(နိုင်)၀၁၇၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၂၈၆၂၁၅

**ပျောက်ဆုံးကြောင်း**
ရန်ဖုချုန်း(ခ)သက်ထွန်း(ဘ)ဦးရန်စီးဝင်း ၁၃/ကခန(နိုင်)၀၂၂၁၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 295104)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

**ပျောက်ဆုံးကြောင်း**
အောင်ကျော်ဖြိုး(ဘ)ဦးကျော်စိုး ၅/စကန(နိုင်)၂၉၂၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 219601)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၈၂၇၇၉၈၁

**ပျောက်ဆုံးကြောင်း**
ပပမျိုးနိုင်(ဘ)ဦးနိုင်ဦး ၇/သနပ(နိုင်)၁၅၂၈၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၁၇၇၅၁၂

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံ၊ ဃ/ရေတာမာလမ်း၊ (၁)ရပ်ကွက်နေ အဘ ဦးငြိမ်းချမ်းသာ၏သမီး မနှင်းစန္ဒာကျော်(ခ)မသီရိငြိမ်းလွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မနှင်းစန္ဒာကျော်(ခ)မသီရိငြိမ်းလွင်

**ပျောက်ဆုံးကြောင်း**
အောင်မျိုးခိုင်(ဘ)ဦးစိုးလှိုင် ၁၂/သလန(နိုင်)၀၈၆၃၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၈၉၃၅၃၉၉

**ပျောက်ဆုံးကြောင်း**
သဲဝေဖြိုး(ဘ)ဦးကြည်ထွေး ၇/ပမန(နိုင်)၂၁၆၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၉၀၀၃၈၃၁

**ဖခင်အမည်မှန်**
ဘီးလင်းမြို့၊ အ.မ.က ရွှေလှေ(တောင်)ကျောင်း၊ Grade-5 မှ မဆောင်းနှင်းဦး၏ဖခင်အမည်မှန်မှာ ဦးကျော်လင်းအောင် ၁၀/ဘလန(နိုင်)၁၅၈၀၉၇ ဖြစ်ပါကြောင်း။
ဦးကျော်လင်းအောင်


# ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

**နေပြည်တော်　နိုဝင်ဘာ　၆**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research(ACAP)နှင့် Clean Air Asia တို့၏ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5 µg)နှင့်အောက် သေးငယ်သောအမှုန်အမွှားများ(Particulate Matter – PM)ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၃၁ ရက်အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် အောက်တိုဘာလ ၁၊ ၂၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၅ ရက်နှင့် ၁၈ ရက်တို့သည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good) နှင့် ကျန်ရက်များသည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း(AQI)များပြပုံ**




**လေအရည်အသွေးအညွှန်းကိန်း(AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်**


| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏လေအရည်အသွေးမှာ အောက်တိုဘာလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၁၃ ရက်နှင့် အသင့်အတင့်အဆင့်၌ ၁၈ ရက်ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ




**နေပြည်တော်　နိုဝင်ဘာ　၆**


ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း စခန်း ၃၃ စခန်းတို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ ပုံ(၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက် ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် စခန်း ၃၃ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ မရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန**

ပုံ(၂)၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




**၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများပြပုံ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၁ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၁ |
| ၃ | ခန္တီး | ၆.၈ |
| ၄ | လားရှိုး | ၆.၆ |
| ၅ | တောင်ကြီး | ၆.၅ |
| ၆ | မိုင်းဆတ် | ၆.၆ |
| ၇ | ကျိုင်းတုံ | ၇.၂ |
| ၈ | စစ်ကိုင်း | ၆.၇ |
| ၉ | ဟုမ္မလင်း | ၇.၁ |
| ၁၀ | ဟားခါး | ၇.၀ |
| ၁၁ | ညောင်ဦး | ၆.၉ |
| ၁၂ | မုံရွာ | ၆.၉ |
| ၁၃ | ပျဉ်းမနား | ၇.၁ |
| ၁၄ | ပြင်ဦးလွင် | ၆.၈ |
| ၁၅ | ကလေးဝ | ၆.၉ |
| ၁၆ | ရန်ကုန် (ကမ္ဘာအေး) | ၆.၇ |
| ၁၇ | မှော်ဘီ | ၆.၅ |
| ၁၈ | မကွေး | ၆.၉ |
| ၁၉ | အောင်လံ | ၆.၉ |
| ၂၀ | စစ်တွေ | ၆.၉ |
| ၂၁ | ပြည် | ၆.၅ |
| ၂၂ | ပဲခူး | ၆.၉ |
| ၂၃ | တောင်ငူ | ၆.၈ |
| ၂၄ | ပုသိမ် | ၆.၉ |
| ၂၅ | မအူပင် | ၆.၆ |
| ၂၆ | ဟင်္သာတ | ၆.၉ |
| ၂၇ | မော်လမြိုင် | ၇.၂ |
| ၂၈ | ဘီးလင်း | ၆.၆ |
| ၂၉ | ဘားအံ | ၇.၀ |
| ၃၀ | ကော့ကရိတ် | ၆.၇ |
| ၃၁ | ထားဝယ် | ၇.၀ |
| ၃၂ | မြိတ် | ၆.၇ |
| ၃၃ | ကော့သောင်း | ၆.၉ |

# ချီလီအားကစားအကြံပေးကုမ္ပဏီက ဥရောပဘောလုံးအဖွဲ့ချုပ်အား ချန်ပီယံလိဂ်ပြိုင်ပွဲပုံစံသစ် မူပိုင်ခွင့်နှင့်ပတ်သက်ပြီး တရားစွဲဆိုမှုပြုလုပ်

**ဆန်တီယေဂို နိုဝင်ဘာ ၆**

ချီလီအားကစားအကြံပေးကုမ္ပဏီတစ်ခုဖြစ်သည့် Match Visionက ဥရောပဘောလုံးအဖွဲ့ချုပ်အား ချန်ပီယံလိဂ်ပြိုင်ပွဲပုံစံသစ် မူပိုင်ခွင့်နှင့်ပတ်သက်ပြီး တရားစွဲဆိုမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ဥရောပဘောလုံးအဖွဲ့ချုပ်က ချန်ပီယံလိဂ်ပြိုင်ပွဲကို အစောပိုင်းက ပြိုင်ပွဲဝင်အသင်း ၂၄ သင်းဖြင့် လေးသင်းပါ အုပ်စုရှစ်ခုဖြင့်သာ ကျင်းပခဲ့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီကစတင်ပြီး ပြိုင်ပွဲကို ပရိသတ်များ ပိုမိုစိတ်ဝင်စားမှုရှိလာစေရန် ပြိုင်ပွဲကို ပုံစံပြောင်းလဲပြီး ပြိုင်ပွဲဝင်အသင်းအရေအတွက် တိုးမြှင့်ကာ ၃၆ သင်းဖြင့် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဥရောပဘောလုံးအဖွဲ့ချုပ်က ချန်ပီယံလိဂ်ပြိုင်ပွဲကို ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲဝင်အသင်း ၃၆ သင်းဖြင့် အမှတ်ပေးပုံစံ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး လက်ရှိကျင်းပနေသည့်စနစ်နှင့်ပတ်သက်ပြီး Match Vision က ၎င်းတို့၏ပုံစံကို ကူးယူအသုံးပြုခဲ့ပြီး မူပိုင်ခွင့်ချိုးဖောက်ခဲ့သည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်ကို တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

Match Vision အနေဖြင့် လက်ရှိဥရောပဘောလုံးအဖွဲ့ချုပ်က ကျင်းပနေသည့် ချန်ပီယံလိဂ်ပြိုင်ပွဲပုံစံသစ်ကို ၂၀၀၆ ခုနှစ်က မူပိုင်ခွင့်ရရှိထားခြင်းဖြစ်ပြီး အဆိုပါပုံစံသစ်ကို ၂၀၁၃ ခုနှစ်က ဥရောပဘောလုံးအဖွဲ့ချုပ်ထံ တင်ပြခဲ့သော်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်က ပယ်ချခဲ့ခြင်းဖြစ်သည်။

သို့သော် ဥရောပဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီကစတင်ပြီး ပြိုင်ပွဲပုံစံသစ်ဖြင့် ကျင်းပခဲ့ခြင်းဖြစ်ပြီး Match Visionကလည်း ၎င်းတို့ခွင့်ပြုချက်မရရှိဘဲ ကျင့်သုံးနေသည့်အတွက် ဥရောပဘောလုံးအဖွဲ့ချုပ်ကို Match Vision မှ အမှုဆောင်အရာရှိချုပ် ရှာရာဦးဆောင်ပြီး မူပိုင်ခွင့်ချိုးဖောက်မှုနှင့်ပတ်သက်ပြီး စတာလင်ပေါင် ၁၄ သန်းပေးဆောင်စေရန် တရားစွဲဆိုမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

*Ref;Goal.com*

# ဘာစီလိုနာအသင်း၏ အိမ်ကွင်းလုပ်ငန်းခွင်အတွင်း အလုပ်သမားတစ်ဦးကူးစက်ရောဂါတွေ့ရှိပြီးနောက် စစ်ဆေးမှုများလုပ်ဆောင်နေ

**ဘာစီလိုနာ နိုဝင်ဘာ ၆**

ဘာစီလိုနာအသင်း၏ အိမ်ကွင်းသစ်တည်ဆောက်နေသည့်လုပ်ငန်းခွင်အတွင်း အလုပ်သမားတစ်ဦး ကူးစက်ရောဂါဖြစ်ပွားပြီးနောက် စစ်ဆေးမှုများလုပ်ဆောင်ရန် စီမံကိန်းလုပ်ငန်းခွင်ကို ခေတ္တရပ်ဆိုင်းထားကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် အသင်းအိမ်ကွင်းဖြစ်သည့် နူးကမ့်အားကစားကွင်းကြီးကို ဖြိုချကာ အဆင့်မြင့်အားကစားကွင်းသစ်တည်ဆောက်နေပြီး လာမည့်နှစ်ဆန်းပိုင်းတွင် ပြီးဆုံးမည်ဖြစ်သည်။

လက်ရှိ ဘာစီလိုနာအသင်း အိမ်ကွင်းသစ်တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ကိုင်နေသည့် အလုပ်သမားတစ်ဦးသည် ကျန်းမာရေးမကောင်းသဖြင့် ဆေးစစ်မှုများလုပ်ဆောင်ခဲ့ရာ တီဘီရောဂါပိုးတွေ့ရှိကြောင်း သိရှိရပြီးနောက်ထပ်အလုပ်သမားများကို ကူးစက်နိုင်သည့်အခြေအနေရှိသောကြောင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းမှ တခြားအလုပ်သမားများကိုလည်း ဆေးစစ်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

Bercelona Public Health Agency က အလုပ်သမားတစ်ဦး တီဘီရောဂါပိုးတွေ့ရှိခဲ့ကြောင်း အတည်ပြုကြေညာပြီးနောက် ၎င်းနှင့်အတူ လုပ်ကိုင်ခဲ့သည့် အလုပ်သမား ၂၃ ဦးကိုလည်း ဆေးစစ်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

အဆိုပါအလုပ်သမား ၂၃ဦးတွင် တီဘီရောဂါပိုးတွေ့ရှိသူ အနည်းဆုံး နှစ်ဦးနှင့်အထက်တွေ့ရှိမည်ဆိုပါက Bercelona Public Health Agency က အလုပ်သမားများကြား တီဘီရောဂါပိုးကူးစက်မှုများရှိနေသည်ဟု ထပ်မံအတည်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*



# လိဂ်အဆင့်သတ်မှတ်ချက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲက ထိပ်ဆုံးမှရပ်တည်နေပြီး မေဂျာလိဂ်ပြိုင်ပွဲက အဆင့်(၁၁)နေရာ၌ရပ်တည်



**လန်ဒန် နိုဝင်ဘာ ၆**

OPTA ၏ စစ်တမ်းကောက်ဖော်ပြချက်အရ လက်ရှိ ကမ္ဘာ့ဘောလုံးလောက၏ လိဂ်အဆင့်သတ်မှတ်ချက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲက ထိပ်ဆုံးမှ ရပ်တည်နေပြီး မက်ဆီပါဝင်ကစားနေသည့် မေဂျာလိဂ်ပြိုင်ပွဲက အဆင့်(၁၁) နေရာ၌ ရပ်တည်နေကာ စီရော်နယ်ဒို ပါဝင်ကစားနေသည့် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲက အဆင့်(၂၉)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

လက်ရှိဘောလုံးလောက၏ လိဂ်ပြိုင်ပွဲများတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲသည် ကမ္ဘာ့တစ်ဝန်းရှိဘောလုံးပရိသတ်များ၏အားပေးမှုကို အခိုက်အမာရရှိပြီးနောက် အင်အားအကြီးမားဆုံး လိဂ်ပြိုင်ပွဲအဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။

OPTA ၏ စစ်တမ်းကောက်ဖော်ပြချက်အရ ပရီးမီးယားလိဂ်ပြိုင်ပွဲမှာ အဆင့်အပြောင်းအလဲမရှိဘဲ အဆင့်(၁)နေရာ၌ ရပ်တည်နေပြီး စပိန်လာလီဂါပြိုင်ပွဲက အဆင့်(၂)နေရာ၌လည်းကောင်း၊ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲက တစ်ဆင့်မြင့်တက်လာပြီး အဆင့်(၃)နေရာ၌လည်းကောင်း၊ အီတလီစီးရီးအေပြိုင်ပွဲက အဆင့်တစ်ဆင့်ကျဆင်းပြီး အဆင့် (၄)နေရာ၌လည်းကောင်း၊ ပြင်သစ်လီဂူးပြိုင်ပွဲက အဆင့် အပြောင်းအလဲမရှိဘဲ အဆင့်(၅)နေရာ၌လည်းကောင်း ရပ်တည်ခဲ့ပြီး ကမ္ဘာ့ထိပ်တန်းလိဂ် ငါးခုအဖြစ် ရပ်တည်နိုင်ခဲ့ကြခြင်းဖြစ်သည်။

အလားတူ အင်္ဂလန်ချန်ပီယံရှစ်ပြိုင်ပွဲသည် တခြားဥရောပထိပ်တန်းလိဂ်များကို ကျော်ဖြတ်ပြီး လိဂ်အဆင့်သတ်မှတ်ချက်တွင် အဆင့်(၆)နေရာ၌ ရပ်တည်နေပြီး ပေါ်တူဂီပရီးမီးယားလီဂါပြိုင်ပွဲက အဆင့်(၇)နေရာ၌လည်းကောင်း၊ ဘယ်ဂျီယံဂျူပီလီယာပရိုလိဂ်ပြိုင်ပွဲက အဆင့်နှစ်ဆင့်အထိ မြင့်တက်လာပြီး အဆင့်(၈)နေရာ၌လည်းကောင်း၊ ဘရာဇီးစီးရီးအေပြိုင်ပွဲက အဆင့်နှစ်ဆင့်အထိ ကျဆင်းခဲ့ပြီး အဆင့်(၉)နေရာ၌လည်းကောင်း၊ လီဂါပရော်ဖက်ရှင်နယ် အာဂျင်တီးနားပြိုင်ပွဲက အဆင့်(၁၀)နေရာ၌လည်းကောင်း အသီးသီးရပ်တည်ခဲ့ကြသည်။

မက်ဆီပါဝင်ကစားနေသည့် မေဂျာလိဂ်ပြိုင်ပွဲသည်လည်း အဆင့်တစ်ဆင့် မြင့်တက်လာပြီး တခြားထိပ်တန်းလိဂ်များကို ကျော်ဖြတ်ကာ အဆင့်(၁၁)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

*Ref;Opta.com*

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပွဲ ၅၀ ကို အသက်အငယ်ဆုံးပြည့်မြောက်သည့် ကစားသမားအဖြစ် ဘယ်လင်ဟမ်မှတ်တမ်းဝင်

**မက်ဒရစ် နိုဝင်ဘာ ၆**

ရီးယဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ကစားသည့် လီဗာပူးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပွဲ ၅၀ ကို အသက်အငယ်ဆုံး ပြည့်မြောက်သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ဘယ်လင်ဟမ်သည် လီဗာပူးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့ ကစားသည့်ပွဲစဉ်တွင် ၎င်း၏အသက်မှာ ၂၂ နှစ်နှင့် ၁၈ ရက်သာရှိသေးသည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ပွဲ ၅၀ ကို အသက်အငယ်ဆုံး ပြည့်မြောက်သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဘယ်လင်ဟမ်သည် အစောပိုင်းကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပထမဆုံးကစားခဲ့သည့်ပွဲစဉ်တွင် ဂိုးသွင်းယူနိုင်သည့် စတုတ္ထမြောက်ကစားသမား၊ အသက်အငယ်ဆုံး အသင်းခေါင်းဆောင်အဖြစ် မှတ်တမ်းဝင်ခဲ့သည့်အပြင် ရီးယဲလ်မက်ဒရစ်အသင်းတွင်လည်း နောက်ဆုံးမိနစ်တွင် အနိုင်ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံးကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

## ရန်ကုန်အထိုင်လက်ကားမြေဩဇာရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း(MFSPEA)အနေဖြင့် တောင်သူများ အဓိက သုံးစွဲလျက်ရှိသော အောက်ပါမြေဩဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက်ကားဈေးနှုန်း အဖြစ် ၁-၁၁-၂၀၂၅ ရက်နေ့မှ ၃၀-၁၁-၂၀၂၅ ရက်နေ့အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

(က) ယူရီးယားမြေဩဇာ(အလုံးကြီး) ၅၀ ကီလိုတစ်အိတ် ၁၀၇,၁၀၀ ကျပ်

(ခ) DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် ၁၃၉,၇၀၀ ကျပ်

၂။ Complex ၁၅ ပတ်လည်မြေဩဇာကို ရည်ညွှန်းဈေးနှုန်းသတ်မှတ်ခြင်းမရှိပါ။ အထက်ပါဈေးနှုန်း များသည် ရန်ကုန်အထိုင်လက်ကားဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက်သယ်ယူပို့ဆောင်စရိတ်များ အပေါ်တွင်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးဆောင်ကော်မတီ ၀၆၇-၄၁၀၀၃၂

(ခ) MFSPEA အသင်း ၀၉-၉၈၈၅၃၉၃၆၀

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၃)ရက်
## ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၇)ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၅ ခုနှစ်၊ (၆၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲကို နိုဝင်ဘာလ(၁၇)ရက်နေ့မှ (၂၆)ရက်နေ့အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်း ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံမှထွက်ရှိသော ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိခဲ့သည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်း များဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များ နှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၅ ခုနှစ်၊ (၆၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့် ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ် ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ကြက်စားပြင်ရပ်၊ အမှတ်(၄၉၂)၊ ဗိုလ်ချုပ်လမ်းနေ ထက်ထက်စိုး(ဘ)ဦးမြင့်ကြည် ၆/ထဝန(နိုင်)၁၁၆၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၉၀၁၈၇၁၃

### ပျောက်ဆုံးကြောင်း
ဖြူးမြို့၊ ဖဆရပ်ကွက်နေ ရာဘီကန်သ်(ဘ)ဦးနန္ဒကီစိုးရဲ ၇/ဖမန(နိုင်)၁၉၈၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (M 461692)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၇၄၈၉၀၃၃

### ပျောက်ဆုံးကြောင်း
ကလေးမြို့နယ်နေ ထျန်းလှဲယ်ကိမ်း(ဘ)ဦးဆသင်ထန်း ၅/ကလထ(နိုင်)၂၄၄၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အမှတ်(၁၀၈/ဂ)နေ မချယ်ရီလင်း(ဘ)ဦးသောင်းဝင်း ၁၂/ရကန(နိုင်)၀၈၅၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၄၆၆၂၁၁၃

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ နန်းတော်ရာရပ်နေ ဦးရန်နောင်စိုး(ဘ)ဦးတင်ထွန်း ၇/သနပ(နိုင်)၀၆၁၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၃၇၉၈၈၉၁

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နေ မောင်ဆီရမ်း(ဘ)ဦးဂိုပါလ် ၉/မကန(နိုင်)၁၀၇၄၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ
လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off)
မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-
- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၀၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လျှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

မိုးသောက်ပန်း ဂျာနယ်
ကလေးငယ်များအတွက် ပညာလဲပေး ဗဟုသုတလဲရ ဟာသလဲပါ၊ ဉာဏ်ရည်လဲတိုးမဲ့
- မျက်နှာဖုံးတွင် ကာတွန်းအောင်အောင်ထွေး၏ လက်ရာကောင်းနှင့်အတူ ကာတွန်းစောဟန်၊ ကာတွန်းနှင်းဦးနှင့် ကာတွန်းကြယ်ကြယ်တို့၏ ကလေးငယ်များ ကြိုက်နှစ်သက်စေမည့် ကာတွန်းလက်ရာကောင်းများ။
- ကဗျာဆရာ မောင်မောင်မျိုးညွန့်၊ ငွေးကြည်(စလင်း)၊ ကန့်ဘလူခင်မောင်ဆွေ၊ မောင်ငြိမ်းရည်(မင်းကင်း) ၊ ချစ်စုအောင်နှင့် ရေနံ့သာမောင်ကျော်ညွန့်တို့၏ ကဗျာကောင်းများ။
- သားသား၊ မီးမီးတို့ ဉာဏ်ရည်တက်စေမည့် ဉာဏ်စမ်းကဏ္ဍနှင့် ကလေးငယ်များအတွက် သုတ၊ ရသရစေမဲ့ စာကောင်းပေမွန်တို့ကို ကဏ္ဍစုံ၊ ရသစုံ တင်ဆက်ဖော်ပြပေးလိုက်ပါတယ်။
ကဗျာ၊ ကာတွန်း၊ ဉာဏ်စမ်း ဝေဝေဆာဆာဖြင့် (၄-၁၁-၂၀၂၅)ရက်ထုတ်၊ မိုးသောက်ပန်းဂျာနယ် အတွဲ(၂၉)၊ အမှတ်(၄၂)ထွက်ပြီ။
တာဝန်ခံ ဖုန်း - ၀၉၄၅၂၂၆၀၅၃၆
ဖြန့်ချိရေး ဖုန်း - ၀၉၃၂၄၉၈၃၂၄
• အပတ်စဉ် အင်္ဂါနေ့တိုင်း ထွက်နေပါပြီ •



## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၁၅/မမ/CE | ရထားလမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသုံးစက်ကြီးများအတွက် လိုအပ်သည့်စက်အရန်ပစ္စည်း(၁၄)မျိုး၊ (3)Lot ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၁-၁၁-၂၀၂၅)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၇-၁၁-၂၀၂၅)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း 294352, 291994**

### ပျောက်ဆုံးကြောင်း
သီဂီဦး(ဘ)ဦးမြင့်ဦး ၁၄/မအပ(နိုင်)၃၃၉၅၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လာချ်မီး(ဘ)ဦးဒါမူဒါရ် ၅/ကလထ(နိုင်)၂၅၆၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သန်းမိုးကျော်(ဘ)ဦးကျော်မြင့် ၁၄/ မမန(နိုင်)၃၂၈၀၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 979583)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
တင်မောင်လတ်(ဘ)ဦးမြင့်ကြည် ၉/သေရ(နိုင်)၀၀၃၇၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စိုင်းအိုက်ကျန်(ဘ)ဦးရွက်ခမ်း ၁၃/နခန(နိုင်)၀၄၄၅၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဥမ္မာ(ဘ)ဦးအုန်းကြိုင် ၉/မထလ(နိုင်)၀၂၀၁၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၂၆၁၇၀၃

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့နေ မောင်ဖြိုးဇာနည်(ဘ)ဦးဌေးဦး ၇/ပခန(နိုင်)၅၀၅၈၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

### ပျောက်ဆုံးကြောင်း
ကလေးမြို့၊ ထောက်ကြန့်အုပ်စု၊ သာယာကုန်းရွာနေ ထလာအီယန်းချင်း(ဘ)ဦးဗန်ဖြတ် ၅/ကလတ(နိုင်)၃၂၆၅၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၂၆၀၁၁၇၆

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ဇလွတ်ကျေးရွာနေ ဝေယံစိုး(ဘ)ဦးဖေဝင်း ၆/လလန(နိုင်)၁၃၆၉၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၂၆၇၉၅၁၉

### အမည်ပြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ အိမ်အမှတ်(၃၀၁၇၅)နေ အဘ ဦးအောင်ဇော်မင်း၏ သား မောင်ချစ်ကိုကိုအား မောင်ဂုဏ်ရှိန်မြင့်မိုရ် ၁၂/ဒလန(နိုင်)၀၇၁၈၁၀ ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ဂုဏ်ရှိန်မြင့်မိုရ်

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဖူလုံကျေးရွာနေ မောင်ကိုကိုလင်း၏ဖခင်အမည်မှန်မှာ ၈/ရစက(နိုင်)၁၄၁၉၃၆ အရ ဦးကျော်လွင်ဦးဖြစ်ပါကြောင်း။ ဦးကျော်လွင်ဦး

### ပျောက်ဆုံးကြောင်း
မကျိုန်ကွေ့ရှင်(ဘ )ဦးကျိုန်ကျုံစန် ၁၃/မဆတ(နိုင်)၀၂၉၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၃၇၀၁၅၁၈

### အမည်ပြောင်း
အလက(ခွဲ)လေဆိပ်၊ ပုသိမ်မှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-4 မှ ဦးဟန်ဇော်ဦး ၈/မကန(နိုင်)၁၆၇၃၁၀ ၏သား မောင်ဝဠာဘုန်းမြတ်အား မောင်ထက်မြက်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်ထက်မြက်လင်း

### ပျောက်ဆုံးကြောင်း
အာကာဘိုတင်မြင့်(ဘ)ဦးတင်မြင့် ၉/ခအဇ(နိုင်)၀၀၂၁၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 170043)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၅၁၂၆၇၆၅

### ပျောက်ဆုံးကြောင်း
နန်းရွှေစိန်(ဘ)ဦးရွှေကျောင်း ၁၃/နခန(နိုင်)၀၄၄၅၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ


## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝင်းဇော်
## ကြည်း-၇၂၆၆ ဗိုလ်ကြီး(အငြိမ်းစား)
## အသက်(၉၃)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်ထွေး)တို့၏သား၊ (ဦးဦးခိုင်-ဒေါ်အုန်းကြူ)တို့၏သားသမက်၊ (ဒေါ်ခိုင်သင်းသင်း)၏ချစ်လှစွာသောခင်ပွန်း၊ ဦးသီဟ-ဒေါ်စန္ဒီစိမ့်၊ ဗိုလ်ချုပ်မြင့်အောင်(ငြိမ်း)-ဒေါ်သဇင်ခိုင်တို့၏ကျေးဇူးရှင်ဖခင်၊ ဦးဇာနည်မြင့်အောင်-ဒေါ်သန္တာဦး၊ ဦးထက်မြင့်အောင်၊ ဦးထူးမြင့်အောင်တို့၏ချစ်လှစွာသောအဘိုး၊ မောင်ဘဏ်အောင်၏ချစ်လှစွာသောဘိုးဘိုးကြီး ဦးဝင်းဇော်သည် ၄-၁၁-၂၀၂၅(အင်္ဂါနေ့)ညနေ ၄:၀၅ နာရီတွင် ကန်သာယာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၅-၁၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု



အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
We Protect The Family
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE




SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး

❖ **မိမိတို့ပြည်သူများအနေဖြင့် ဘေးအန္တရာယ်အမျိုးမျိုး၊ အခက်အခဲအမျိုးမျိုးကျရောက်လာသည့်အချိန်တွင် ယခုကဲ့သို့ " We are Strong , We are Together " ဟူသည့် စိတ်သဘောထားခံယူချက်များကို ဆက်လက်မွေးမြူပြီး ကြံ့ကြံ့ခံကျော်လွှားပေးကြရန်တိုက်တွန်းပြောကြားလို့. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၃၀ ရက်နေ့တွင်ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# 8th WVVF World Vovinam Championship 2025 ပြိုင်ပွဲတွင် မြန်မာအားကစားသမားများက ရွှေ နှစ်ခု၊ ငွေ လေးခု၊ ကြေး ခြောက်ခု ဆွတ်ခူးရရှိထား



ရန်ကုန် နိုဝင်ဘာ ၆

အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ နိုဝင်ဘာလ ၁ ရက်မှ ၈ ရက်အထိကျင်းပလျက်ရှိသည့် 8th WVVF World Vovinam Championship 2025 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု ဗိုဗီနမ်အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် ခြောက်ခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ နိုဝင်ဘာလ ၄ ရက်ပြိုင်ပွဲတွင် Dragon –Tige From (Male) ပြိုင်ပွဲတွင် မောင်တင်ထူးဇော်က ဒုတိယ(ငွေ)၊ Pair Knife From (Male)ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်+ မောင်ကျော်သူစိုးအောင်တို့က ဒုတိယ(ငွေ)၊ Ying Yang Sword From (Female)ပြိုင်ပွဲတွင်


**စာမျက်နှာ ၂၅ ကော်လံ ၄ ➲**

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၆

**တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ”(KALMAEGI)အခြေအနေ**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း “ခန့်မေဂီ” (KALMAEGI) သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဗီယက်နမ်နိုင်ငံ ကွီညန်းမြို့ (Quy Nhon) ၏အရှေ့-အရှေ့တောင်ဘက်ရေမိုင် ၉၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ **စာမျက်နှာ ၂၆ ကော်လံ ၁ ➪**



## ပြည်သူ့ရှေ့ဆောင်ပါတီ(PPP)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၆

ပြည်သူ့ရှေ့ဆောင်ပါတီ(PPP)၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ(၁၂)တွင် ဖော်ပြပါရှိပါသည်။

မြဝတီ

## ဆောင်းပါး

**လုပဆန်းပြား လွန်စည်ကားသည့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်**

စာ - ၆ သို့

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ဧက ၂၉၀၀ ကျော် လျာထားစိုက်ပျိုး

ပွင့်ဖြူ နိုဝင်ဘာ ၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧက ၈၀၀ ကျော်အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ ၂၉၃၈ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧက ၈၈၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တောင်သူများ မြေပဲစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် အခက်အခဲမရှိ

**စာမျက်နှာ ၂၅ ကော်လံ ၃ ●**

